# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၇ ရက်၊ သောကြာနေ့။ Friday 23 March 2018 ၉၂၇၇


# ရန်ကုန်-မန္တလေး ရထားလမ်းမကြီး အဆင့်မြှင့်တင်သည့် စီမံကိန်းပြီးစီးပါက ခေတ်မီတွဲဆိုင်းအသစ်များဖြင့် ပြေးဆွဲချိန် ၈ နာရီထက်မပိုဘဲ ပြေးဆွဲနိုင်မည်



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပစဉ်။

**နေပြည်တော် မတ် ၂၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော် သမ္မတ ဦးထင်ကျော်၏ ဆန္ဒအလျောက် နုတ်ထွက်မှုကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အဆိုပါ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဆန္ဒအလျောက် နုတ်ထွက်စာ၌ **"မိမိသည် လက်ရှိအလုပ်တာဝန်များမှ အနားယူလိုသောကြောင့် ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်မှစ၍ နိုင်ငံတော်သမ္မတ ရာထူးမှ ဆန္ဒအလျောက် နုတ်ထွက်ကြောင်း အကြောင်းကြားပါသည်။"** ဟု ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားကြောင်း သိရှိရသည်။

ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၇၂)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၁၃၁)တို့အရ နိုင်ငံတော်သမ္မတသို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦး ရာထူးက သက်တမ်းမကုန်ဆုံးမီ ယင်း၏ ဆန္ဒအလျောက် နုတ်ထွက်လိုလျှင် လွှတ်တော်သို့ တင်ပြအသိပေးပြီး နုတ်ထွက်ခွင့်ပြုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဆန္ဒအလျောက် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**

# ရန်ကုန်ဝါးတားဘတ်စ်၏ ရေလယ်ကျောက်တန်းခရီးစဉ် ခရီးသည် ၁၉၀ အတွက် ဝန်ဆောင်မှုပေးမည်



**ရန်ကုန် မတ် ၂၂**

ရန်ကုန်ဝါးတားဘတ်စ်(Yangon Water Bus)၏ ဒုတိယပတ်မြောက် ရေလယ်ကျောက်တန်း ဘုရားဖူးခရီးစဉ်ပြေးဆွဲမှုတွင် ခရီးသည် ၁၉၀ အတွက် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း တင့်တင့်မြန်မာကုမ္ပဏီမှ သိရသည်။

ရန်ကုန်မြို့၏ ရေကြောင်းခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု ဆောင်ရွက်နေသည့် ရန်ကုန်ဝါးတားဘတ်စ်(Yangon Water Bus)အနေဖြင့် ပုံမှန်ခရီးစဉ်ဖြစ်သော ဗိုလ်တထောင်-အင်းစိန်ခရီးစဉ်အပြင် ပိတ်ရက်များဖြစ်သော အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ကျောက်တန်းရေလယ်ဘုရားဖူး အထူးခရီးစဉ်ကို ပြေးဆွဲနေပြီး မတ် ၁၇ ရက်မှ စတင် ပြေးဆွဲပေးလျက်ရှိရာ ယခု **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်တို့ သဘာပတိရွေးမှောက်တွင် ကတိသစ္စာပြု**

စာမျက်နှာ - ၅

**တစ်နှစ်တာကာလအတွင်း ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး၊ အားကစားလောက တိုးတက်ရေး၊ ယဉ်ကျေးမှုနယ်ပယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် အတိုင်းအတာတစ်ခုအထိ စွမ်းဆောင်ပေးနိုင်ခဲ့**

စာမျက်နှာ - ၇




ကြေးမုံ

# ရင်ခွင်မဲ့ကလေးများကို စောင့်ရှောက်

မျက်မှောက်ကာလသည် နည်းပညာတိုးတက်ထွန်းကားလာသည့် ခေတ်မီတိုးတက်သောအချိန်အခါဖြစ်သည်။ ခေတ်ကာလ တိုးတက်လာမှုနှင့်အတူ လူမှုဘဝနေထိုင်မှုစနစ်ပါ လိုက်ပါပြောင်းလဲလာသည်။ ထိုသို့တိုးတက်ပြောင်းလဲလာရာ၌ အကောင်း၊ အဆိုးတို့လည်း အတူတွဲဖြစ်ပေါ်လာသည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးသော၊ ကိုယ်ကျင့်တရားစောင့်ထိန်းသော လူ့အဖွဲ့အစည်းအဖြစ်မှ လူ့ကျင့်ဝတ်များ ဖောက်ဖျက်မှုရှိလာသည်ကို တွေ့ရသည်။

အထူးသဖြင့် ကလေးသူငယ်များနှင့်ပတ်သက်သည့် ကျင့်ဝတ်ဖောက်ဖျက်မှုများမှာ လူ့ဘောင်လောကအတွက် အကျည်းတန် အရုပ်ဆိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုပင်ဖြစ်သည်။ ကလေးသူငယ်များအပေါ်တွင်သာမက အရွယ်မရွေးချိုးဖောက်မှုများကို အလွယ်တကူကျူးလွန်လာကြသည်။ ချိုးဖောက်မှုများတွင် ကလေးသူငယ်များအရေးမှာ အလွန်အရေးကြီးသည်။ မွေးကင်းစကလေးငယ်များမှာ လူ့လောက၊ လူ့ဘဝသို့ရောက်စကာလ မိခင်ရင်ငွေ့ ခိုလှုံမှေးစက်အားယူရမည့် အချိန်ကာလဖြစ်သည်။ ပန်းကောင်းတစ်ပွင့်၊ အပင်ကောင်းတစ်ပင် ဖြစ်စေရန်အတွက် အညှောင့်ထွက်စ ပျိုးပင်ပေါက်ကဲ့သို့ အထူးဂရုစိုက် ပျိုးထောင်ရမည့်အချိန်ဖြစ်သည်။

သို့သော် မျက်မှောက်ကာလ၌ ရင်ခွင်ပိုက်ကလေးငယ်များ၏ဘဝအတွက် ကြေကွဲဖွယ်ရာများကို မြင်တွေ့လာရသည်။ ရင်ခွင်ပိုက်ကလေးငယ်များကို ၎င်းတို့၏မိခင်များက စွန့်ပစ်လာကြသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုများ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ရန်ကုန်မြို့တွင် လှုပ်ရှားမှုအခမ်းအနားကျင်းပခဲ့သည်။ ရင်ခွင်မဲ့ ကလေးငယ်များ၏ဘဝအတွက် ဝမ်းမြောက်မိသည်။

ရင်ခွင်မဲ့ကလေးငယ်များအရေးဆိုသည်နှင့် မိခင်လောင်း အမျိုးသမီးများ၏ အရေးကိုလည်း ထည့်သွင်း စဉ်းစားကြရမည်ဖြစ်သည်။ ကလေးငယ်များ စွန့်ပစ်ခံရသည့် အကြောင်းအရင်းဇာစ်မြစ်ကို ရှာဖွေဖော်ထုတ်အဖြေရှာကြရမည်ဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများ၏အခန်းကဏ္ဍမှာ အရေးကြီးလာသည်။ ကိုယ်ကျင့်တရားများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မပြည့်စုံသည့်ဘဝကြောင့် တာဝန်မယူနိုင်သည့်စိတ်ဓာတ်များ လျှော့ပါးရေးတို့အတွက် အသိပညာပေးရေး၊ အကူအညီပေးရေးပြုလုပ်ကြရမည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆက်စပ်ဝန်ကြီးဌာနများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ INGOs၊ NGOs အဖွဲ့များနှင့်ပူးပေါင်း၍ ကလေးသူငယ်အခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိရေး၊ အမျိုးသမီးများ ၎င်းတို့၏အခွင့်အရေးများ သိရှိရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ ကွန်ဗင်းရှင်းနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ထို့ကြောင့် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် အဓိကအခန်းကဏ္ဍမှပါဝင်သည့် အမျိုးသမီးများဘဝမြှင့်တင်ရေးနှင့် အသိအမြင်တိုးပွားရေးကို နိုင်ငံတကာနှင့်လက်တွဲ၍ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ဆေးရုံများ၊ လမ်းဘေးများတွင် စွန့်ပစ်ခံကလေးများ များပြားလာသည်ကို တွေ့ရသည်။ ပရဟိတဂေဟာများတွင်လည်း မွေးကင်းစစွန့်ပစ်ခံကလေးများအား စောင့်ရှောက်ထားသည်ကို တွေ့ရသည်။ ထိုအချိန်တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှုများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ဦးဆောင်လှုပ်ရှားလာခြင်းကို ကြိုဆိုရမည်ဖြစ်သလို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စွန့်ပစ်ခံရသော ရင်ခွင်ပိုက်ကလေးငယ်များအား မိဘရင်ခွင်တွင် စောင့်ရှောက်သကဲ့သို့ နွေးထွေးသောမေတ္တာရရှိရေးနှင့် ရင်ခွင်မဲ့စွန့်ပစ်ခံကလေးငယ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ကာကွယ်တားဆီးရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးပါကြောင်း။ ။

# အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က နေပြည်တော် သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန (ရေဆင်း)စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ကမ္ဘာ့ပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုနှင့်အတူ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးသည် ရာသီဥတု ပြောင်းလဲမှုများနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၏ အဓိကအကြောင်းအရင်းမှာ သစ်တောများပြုန်းတီးမှုအပါအဝင် အရင်းအမြစ်အမျိုးမျိုး၊ လုပ်ငန်းနယ်ပယ်အမျိုးမျိုးမှ ထုတ်လွှတ်လိုက်သည့် ဖန်လုံအိမ်ဓာတ်ငွေ့များ ကမ္ဘာ့လေထုထဲတွင် တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားသည်။



သစ်တောများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ၊ ဂေဟစနစ်တန်ဖိုးများကို ပိုမိုအသိအမှတ်ပြုအလေးထားလာမှုနှင့်အတူ သစ်တောသစ်ပင်များ၏ အရေးပါပုံကို ပြည်သူများအားလုံး သိရှိနားလည်စေရန် ရည်ရွယ်ပြီး ကုလသမဂ္ဂအထွေထွေညီလာခံမှ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် နှစ်စဉ် မတ် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အဖြစ် သတ်မှတ်ကြေညာခဲ့သည်။

ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့၏ဦးတည်ချက်မှာ "သစ်တောများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများ-Forest and Sustainable Citie" ဖြစ်ပြီး ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် ၁၇ ခုအနက် ပန်းတိုင် ၁၁ ခုမှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့တော်များနှင့် ပြည်သူအစုအဖွဲ့များဖြစ်ကြောင်း၊ အဓိက ရည်ရွယ်ချက်မှာ မြို့ကြီးများနှင့် လူသားတို့ အခြေချနေထိုင်သော နေရာဒေသများအား လုံခြုံစိတ်ချရသော၊ ဘေးအန္တရာယ်ဒဏ်ခံနိုင်သော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ ရေရှည်တည်တံ့သော၊ စိမ်းလန်းစိုပြည်သော နေရာများအဖြစ် ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီး Mrs. Riikka Laatu၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)မှ ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆက်စပ်ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ရေဆင်းနယ်မြေတက္ကသိုလ် အသီးသီးနှင့် အထက်တန်းကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျွန်းလှမြို့နယ်တွင် မူခင်းအသိပညာပေးဟောပြော

**ကျွန်းလှ မတ် ၂၂**

မူခင်းအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျွန်းလှမြို့နယ် ကျောက်အိုင်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ သဖန်းဆိပ်နယ်မြေရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ် သိန်းဇော်နှင့် တပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားရခြင်းအကြောင်းတို့ကို ဟောပြောကြသည်။ ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ပြည်သူ ၁၀၀ ခန့် တက်ရောက်ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၂၂**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၁၀၀၀ | - | ၉၄၁၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၁၀၀၀ | - | ၉၄၁၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၀၅ ကျပ်၊ | ၈၂၀/၈၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၁၅/၈၂၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၅/၇၇၅ ကျပ်၊ | ၈၃၀/၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၂၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၇/၇၅၇ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၀၀/၇၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၅၄.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁.၆၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၉၂၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၂.၄၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၅၂၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၆၆.၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၅၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၈.၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၉.၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**သတ်မှတ်ရည်ညွှန်းနှုန်း**

# ဘယ်ပန်းသာလို့ယဉ်

❖ ဂန္ထဝင်
စံတင်သူတို့အောင်ပွဲ
နွဲပျော်မဝ၊ ပွဲတော်ညအကယ်ဒမီ။

❖ အလှတွင် အယဉ်ဆင့်
စင်မြင့်ထက်တင်
ရွှေစင်ရုပ်လေးများ
ဝင့်ကြွားနေရာယူ
အဘယ်သူချူပွဲ့
တန်ခူးည အလှပန်းချီ။

❖ တကယ်ဖြစ်ချင် တကယ်လုပ်
အဟုတ်ဖြစ်ရမည်
သဏ္ဌာန်လုပ် သရုပ်ပီ
ရုပ်ရှင်သည် ပြည်သူ့အတွက်
ရွှေနှင့်စက်သည်သို့
ဂုဏ်တက်စေသည့်ဝိသေသ
သရုပ်ပြအမွှမ်းတင်
တို့ရင်ထဲက မြန်မာ့ရုပ်ရှင်။
ဘယ်ပန်းသာလို့ယဉ်။ ။

**တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)**

*[၂၃. ၃. ၂၀၁၈ ရက်နေ့တွင် ကျင်းပသည့် ၂၀၁၇ ခုနှစ်အတွက် အကယ်ဒမီ ထူးချွန်ဆုချီးမြှင့်ပွဲ ဂုဏ်ပြုအမှတ်တရ]*

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# မြန်မာ-လာအို နှစ်နိုင်ငံ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပြည်ထဲရေးဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၂**
ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး တက်ရောက်ရန် မတ် ၁၈ ရက်တွင် လာအိုနိုင်ငံသို့ ရောက်ရှိကြသည်။

မတ် ၂၀ ရက် နံနက်ပိုင်းတွင် Lao Plaza Hotel ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦး ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Pol. Birg. Gen. Sisavath KEOMALAVONG ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများသည် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူဝင်၊ ထွက်မှုစစ်ဆေးရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြိုညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဗီယန်ကျင်းမြို့ လာအိုပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး၌ နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဝန်ကြီး Pol. Maj. Gen. Somkeo SYLAVONG ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်၍ နှစ်နိုင်ငံလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေး၊ နယ်စပ်ဆက်ဆံရေးရုံးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ နယ်စပ်ဖြတ်ကျော်တရားမဝင် ဝင်၊ ထွက် သွားလာမှုများ ထိန်းချုပ်ရေး၊ ဆက်သွယ်ဆက်ဆံမှုများအတွက် ဘာသာစကားများ အပြန်အလှန်သင်ယူရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးပြီး ယင်းကိစ္စရပ်များအား အတည်ပြုကာ ဝန်ကြီးအဆင့်အစည်းအဝေး မှတ်တမ်းကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၁ ရက် နံနက် ၉ နာရီတွင် လာအိုနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H. E. Mrs. Pany YATHORTOU အား National Congress Office ၌ သွားရောက်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ဝန်ကြီးအဆင့် ဆွေးနွေးခဲ့သည့် ရလဒ်များ၊ မြန်မာ-လာအို နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း ပီသစွာဖြင့် ချစ်ကြည်ရင်းနှီးမှု ပိုမို



တိုးမြှင့်ဖော်ဆောင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး ပြောကြားခဲ့သည်။**(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၂ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးသူငယ်များအား ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရပ်တန့်ရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မတ် ၂၂**
နိုင်ငံတော်၏ လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများတွင် အပါအဝင်ဖြစ်သည့် ကလေးသူငယ်များအပေါ် ရုပ်ပိုင်း၊ စိတ်ပိုင်း အပါအဝင် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို ရပ်တန့်အောင် မိမိတို့ဝန်ကြီးဌာန၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဝင်များ၊ ကလေးသူငယ် အခွင့်အရေး လှုပ်ရှားသူများ၊ World Vision၊ Unicef စသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။



နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင် ယနေ့ကျင်းပသည့် "ကလေးသူငယ်များအား ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရပ်တန့်ရေးလှုပ်ရှားမှု Campaign" အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ပုံသဏ္ဌာန်များနှင့် ပတ်သက်ပြီး ပပျောက်အောင် ဆောင်ရွက်ရာတွင် အဓိကကျသည့် အခြေခံအကြောင်းအရာများကို ရှာဖွေကြရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရန် ကြိုးစားဆဲ ဆင်းရဲသည့်နိုင်ငံအနေဖြင့် ပြဿနာအကြောင်းအရာ များစွာရှိသည့်အတွက် ကလေးငယ်များအား ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို မိသားစုအတွင်းတွင်လည်းကောင်း၊ စာသင်ကျောင်းများတွင်လည်းကောင်း၊ ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရာ နေရာများတွင်လည်းကောင်း ဖြစ်ပွားလျက်ရှိရာ သက်ဆိုင်ရာ မိဘ၊ ဆရာနှင့် တာဝန်ရှိသူများကို ပညာပေးရန်လိုအပ်ပါကြောင်း၊ အထူးသဖြင့် ရိုက်နှက်ဆုံးမခြင်း၊ ကြမ်းတမ်းစွာပြောဆိုခြင်း၊ ပြုမူခြင်းတို့ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ၊ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှု စနစ်များချမှတ်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ အစိုးရ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ကလေးသူငယ်များအပါအဝင် ပြည်သူလူထုဘဝများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လူမှုအဖွဲ့အစည်းများ၏ တက်ကြွနိုးဆော်မှုများ၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုများဖြင့် လုပ်ဆောင်ကြရန်လိုပါကြောင်း ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ World Vision စီမံချက် နယ်မြေများမှ ကလေးသူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကလေးသူငယ်များမှ အကြမ်းဖက်မှုများ ရပ်တန့်ရေးဆိုင်ရာ သရုပ်ပြများဖြင့် တင်ဆက်ခဲ့ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း စာပေဗိမာန်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ

**ရန်ကုန် မတ် ၂၂**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့တွင် စာပေဗိမာန်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



ဒုတိယဝန်ကြီးသည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးသို့ရောက်ရှိပြီး စာပေဗိမာန် စာအုပ်ဆိုင်၊ ပြည်သူ့စာကြည့်တိုက်၊ ကလေးစာကြည့်တိုက်နှင့် e-Library တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာပေဗိမာန်ရုံး အစည်းအဝေးခန်းမ၌ အရာထမ်းများနှင့် တွေ့ဆုံပြီး **(အောက်ဝဲပုံ)** စာပေဗိမာန်သည် နိုင်ငံတော်နှင့် ပြည်သူအကြား ပေါင်းစပ်ပေးသည့်၊ သတင်း၊ သုတ၊ ရသပေးသည့်ဌာနဖြစ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များခေါ်ယူပြီး ဌာနအတွင်း ဆွေးနွေးပွဲများနှင့် သင်တန်းများဖွင့်လှစ်ပို့ချရေး၊ ခေတ်နှင့်လျော်ညီသည့် စာပေဗိမာန်၏ ကိုယ်ပိုင်ဟန်များ အသုံးပြုပြီး ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် စာတည်းမှူး ဦးစိုးမြင့်သန်းက စာပေဗိမာန်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာပေဗိမာန်ရုံးအစည်းအဝေးခန်းမ၌ အမှုထမ်းများနှင့် တွေ့ဆုံခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ဟူသည့် လုပ်ငန်းတာဝန်များနှင့်အညီ ၎င်း၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးကြီးပြီး ကျယ်ပြန့်ပါကြောင်း၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလတွင် ခေတ်နှင့်အညီ မီဒီယာကိုလည်း ပြုပြင်ပြောင်းလဲရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ထမ်းများက ဌာနခွဲများအလိုက် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# မှုခင်းကျဆင်းရေး ပညာပေး

**နေပြည်တော် မတ် ၂၂**
နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် အင်ကြင်းဈေး သီရိမြိုင်လမ်းမကြီးပေါ်တွင် ယနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မှုခင်းပြခန်းယာဉ်ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေရဲစခန်းတာဝန်ခံ ရဲအုပ်ဟန်ဝင်းတို့က မှုခင်းကျဆင်းရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဟောပြောကြကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# ဖေ့စ်ဘွတ်အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များ ပေါက်ကြားမှု အရှုပ်တော်ပုံ ဇူကာဘတ် ဝန်ခံ




**ဆန်ဖရန်စစ္စကို မတ် ၂၂**
ဖေ့စ်ဘွတ် လူမှုကွန်ရက်မီဒီယာ၏ အမှုဆောင်အရာရှိချုပ် မက်ခ်ဇူကာဘတ်၏ ကုမ္ပဏီသည် ဖေ့စ်ဘွတ်အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များ ပေါက်ကြားမှုအတွက် အမှားအယွင်းပြုလုပ်မိသည်ဟု ၎င်းက ဝန်ခံပြောကြားလိုက်ကြောင်း၊ ယင်းကိုယ်ရေး အချက်အလက်များကို နိုင်ငံရေး ရည်မှန်းချက်များအတွက် အလွဲအသုံးပြုနိုင်ဖွယ်ရှိမှုအတွက် စိုးရိမ်ပူပန်မှုများ ဆိုးဆိုးရွားရွား ပေါ်ထွက်စေခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက မတ် ၂၂ ရက်တွင် ရေးသားဖော်ပြသည်။

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဗြိတိန်နိုင်ငံရှိ အချက်အလက်စိစစ်ခန့်ခွဲမှုကုမ္ပဏီတစ်ခုဖြစ်သည့် Cambridge Analytica ကုမ္ပဏီက ဖေ့စ်ဘွတ်အသုံးပြုသူ သန်း ၅၀ ကျော်တို့၏ ကိုယ်ရေးအချက်အလက်များကို မလျော်မကန်သော နည်းလမ်းဖြင့် အသုံးပြုခဲ့ကြောင်း အမေရိကန်နှင့် ဗြိတိန်အခြေစိုက်သတင်းမီဒီယာများက စွပ်စွဲရေးသားခဲ့ကြပြီးနောက် ဇူကာဘတ်က ဝန်ခံခဲ့ခြင်းဖြစ်သည်။ ထရန့်၏ မဲဆွယ်စည်းရုံးရေးကာလအတွင်း အဆိုပါကုမ္ပဏီသည် ၎င်းနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်ဟု စွပ်စွဲမှုများ ပေါ်ထွက်ခဲ့သည်။

ယင်းဖြစ်ရပ်မျိုး နောက်ထပ်မပေါ်ပေါက်စေရန် မိမိတို့ကုမ္ပဏီအနေဖြင့် တားဆီးကာကွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇူကာဘတ်က ပြောကြားသည်။

ဖေ့စ်ဘွတ်အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များပေါက်ကြားမှု သတင်းထွက်ပေါ်လာပြီးနောက် မတ် ၁၉ ရက်တွင် ကမ္ဘာ့အကြီးဆုံးလူမှုကွန်ရက်မီဒီယာကုမ္ပဏီ၏ စတော့ရှယ်ယာဈေးနှုန်းများ တစ်ရက်တာအတွင်း ခုနစ်ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ယင်းမှာ အဆိုပါကုမ္ပဏီအတွက် လေးနှစ်တာကာလအတွင်း အကြီးကျယ်ဆုံး ဈေးနှုန်းများကျဆင်းမှုဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အချက်အလက်ပေါက်ကြားမှု အရှုပ်တော်ပုံနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန်အတွက် ဒစ်ဂျစ်တယ်လုံခြုံရေးကုမ္ပဏီ Stroz Friedberg ကို ငှားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖေ့စ်ဘွတ်ကုမ္ပဏီက မတ် ၁၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုစဉ်အတွင်း ဥရောပသမဂ္ဂ(အီးယူ)နှင့် ဗြိတိန်နိုင်ငံမှ ဥပဒေပြုအမတ်များသည် ဖေ့စ်ဘွတ်အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များ ပေါက်ကြားမှု အရှုပ်တော်ပုံနှင့် ပတ်သက်၍ ယင်းကုမ္ပဏီက ရှင်းလင်းတင်ပြရန် တောင်းဆိုလိုက်ကြသည်။

ဗြိတိန်အခြေစိုက် အတိုင်ပင်ခံကုမ္ပဏီဖြစ်သော Cambridge Analytica ကုမ္ပဏီသည် ခွင့်ပြုချက်မရယူဘဲ ဖေ့စ်ဘွတ် အသုံးပြုသူများ၏ ကိုယ်ရေးအချက်အလက်များကို ရယူခဲ့သည့်အပြင် ယင်းအချက်အလက်များကို သမ္မတထရန့်၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးလုပ်ငန်းနှင့် အီးယူမှ ဗြိတိန်နုတ်ထွက်ခြင်းဆိုင်ရာ မဲဆွယ်စည်းရုံးရေးလုပ်ငန်းတို့တွင် နိုင်ငံရေးသမားများအား ပေးအပ်ခဲ့ကြောင်း စွပ်စွဲမှုများပေါ်ထွက်ခဲ့သည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန် ကဘူးမြို့တော်တွင် အသေခံဗုံးခွဲ၊ အနည်းဆုံး ၂၆ ဦးသေဆုံး

**ကဘူး မတ် ၂၂**
အာဖဂန်နစ္စတန် ကဘူးမြို့တော်၌ ပါရှားနှစ်သစ်အခါသမယကျင်းပနေစဉ် အသေခံဗုံးခွဲခဲ့သဖြင့် အနည်းဆုံး လူ ၂၆ ဦး သေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါအသေခံဗုံးခွဲမှုသည် ကဘူးမြို့တော်ရှိ ရှီးယိုက်ဘာသာရေး အဆောက်အအုံအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အာဖဂန် နစ္စတန် ပြည်ထဲရေးဝန်ကြီးဌာန ပြောရေး ဆိုခွင့်ရှိသူက မတ် ၂၁ ရက်တွင် ပြောကြား ခဲ့သည်။

အသေခံဗုံးဖောက်ခွဲမှုတွင် လူ ၂၆ ဦး အနည်းဆုံး သေဆုံးခဲ့ပြီး ၁၈ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

မတ် ၂၁ ရက်ကို ပါရှားပြက္ခဒိန်အရ ရိုးရာနှစ်သစ်ကူးအခါသမယအဖြစ် သတ်မှတ်ကြသည်။



အခင်းဖြစ်ပွားသည့်အချိန်သည် ရှီးယိုက်ဘာသာဝင်များ ဘုရားဝတ်ပြုရန် ဘာသာရေးအဆောက်အအုံသို့ သွားရောက်ကြရန် စုဝေးသည့် အချိန်အခါဖြစ်သည်။

အဆိုပါ အသေခံဗုံးဖောက်ခွဲမှုကို အိုင်အက်စ်စစ်သွေးကြွများက ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု အာမက် သတင်းအေဂျင်စီက သတင်းတစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အိုင်အက်စ်စစ်သွေးကြွများက ရှီးယိုက်များကို အဓိကပစ်မှတ်ထားကာ အကြမ်းဖက်မှုများ မကြာခဏ ကျူးလွန်လျက်ရှိသည်။ ယင်းအကြမ်းဖက်မှုများတွင် ပြည်သူအများအပြား သေဆုံးခဲ့ရသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့နှင့် မြောက်ဘက်ပိုင်းရှိ နယ်မြေအများအပြားကို အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ဝင်ရောက်စီးနင်း သိမ်းပိုက်ထားလျက်ရှိသည့်အတွက် လုံခြုံရေးအခြေအနေသည် တစ်နေ့တခြား ပိုမိုဆိုးရွားလာလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**



## မော်လ်ဒိုက်နိုင်ငံ၌ အရေးပေါ်အခြေအနေကြေညာမှု ပြန်လည်ရုပ်သိမ်း

**မာလေ မတ် ၂၂**
မော်လ်ဒိုက်နိုင်ငံ၌ ၄၅ ရက်ကြာမျှ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခဲ့မှုကို သမ္မတ အဗ္ဗဒူလာ ယာမင်က မတ် ၂၂ ရက်တွင် ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း၊ မိမိ၏ နိုင်ငံသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်သဖြင့် အရေးပေါ်အခြေအနေကာလကို အဆုံးသတ်ခြင်းဖြစ်ကြောင်း သမ္မတရုံး၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကား၍ ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

လုံခြုံရေးလုပ်ငန်းများဌာန၏ အကြံပြုချက်အရလည်းကောင်း၊ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာခြင်းကြောင့်လည်းကောင်း အရေးပေါ်အခြေအနေ ကြေညာထားခြင်းကို ပြန်လည်ရုပ်သိမ်းရန် သမ္မတက ဆုံးဖြတ်လိုက်ကြောင်း အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# အစ္စရေးနှင့် အမေရိကန် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှု ပြီးဆုံး

**ဂျေရုဆလင် မတ် ၂၂**
ဂျူနီပါကော်ဘရာ ၂၀၁၈ ဟု အမည်ပေးထားသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အစ္စရေးနှင့် အမေရိကန်တပ်ဖွဲ့များ ပြုလုပ်ခဲ့မှုမှာ မတ် ၂၂ ရက်တွင် ပြီးစီးသွားပြီဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(အိုင်ဒီအက်ဖ်)က ပြောကြားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုကို မတ် ၄ ရက်တွင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အစ္စရေး လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များ၊ မြေပြင်တပ်ဖွဲ့များနှင့် အမေရိကန်၏ ဥရောပစစ်ဌာနချုပ်မှ တပ်ဖွဲ့ဝင်များပူးပေါင်း စစ်ရေးလေ့ကျင့်ကြခြင်းဖြစ်သည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် ဖြစ်ပေါ်လာမည့် စစ်ရေးအခြေအနေအမျိုးမျိုးအတွက် ရည်ရွယ်လေ့ကျင့်မှုဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံအား ပဲ့ထိန်းဒုံးကျည်များဖြင့် ပစ်ခတ်နိုင်သည့် ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် အမျိုးအစားများပြားသော လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပါဝင်လေ့ကျင့်ကြပြီး ကွန်ပျူတာစနစ်သုံး ထိန်းချုပ်မှုဖြင့် သဏ္ဌာန်တူ သရုပ်ဆောင်လေ့ကျင့်မှုများလည်းပါဝင်ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် အစ္စရေးနှင့် အမေရိကန်တပ်ဖွဲ့နှစ်ခုတို့မှ စစ်သည်အင်အား ၅၀၀၀ နီးပါး ပါဝင်လေ့ကျင့်ကြသည်။ နှစ်နှစ်လျှင်တစ်ကြိမ် ပြုလုပ်သည့် အဆိုပါ စစ်ရေးပူးပေါင်းလေ့ကျင့်မှုကို ၂၀၀၁ ခုနှစ်မှစတင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပူးတွဲစစ်ရေးလေ့ကျင့်မှု ကိုးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်မှုတွင် လေထီးတပ်ဖွဲ့၏ ကင်းထောက်တပ်ဖွဲ့နှင့် အမေရိကန်ကမ်းတက်တပ်ဖွဲ့များက ပါဝင်လေ့ကျင့်ကြသည်။

စစ်ရေးလေ့ကျင့်မှုသည် အစ္စရေးနှင့် အမေရိကန်တပ်ဖွဲ့များက မြို့တွင်းတိုက်ခိုက်မှုများ၊ ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများ အာနိသင်လျော့ပါးဖယ်ရှားခြင်း၊ အမြောက်အမြားအသုံးပြုခြင်း၊ စစ်သည်တင် သံချပ်ကာယာဉ်များ စစ်ရေးလေ့ကျင့်ခြင်းနှင့် ဒဏ်ရာရစစ်သည်များ ကယ်ဆယ်ခြင်းတို့ကို ပေါင်းစပ်လေ့ကျင့်ကြသည်ဟု အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်တို့ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြု

**နေပြည်တော် မတ် ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြပြီး သဘာပတိက ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် သဘာပတိ ဦးခင်မောင်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယင်းတာဝန်နှင့် အခွင့်အရေးကို ပေးအပ်ကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးများကို အောင်အောင်မြင်မြင်နှင့် ကျင်းပနိုင်သည်ကို ကိုယ်စားလှယ်များအားလုံး တွေ့မြင်သိရှိပြီး ဖြစ်ပါကြောင်း။

လွှတ်တော်၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းရေးလုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သည့် မိမိတို့၏ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဆောင်ရွက်ချက်များကို ယခုနေရာတွင် အသိအမှတ်ပြု ဂုဏ်ယူနေမည်ဖြစ်ပါကြောင်း၊ လွှတ်တော်များသည် ဒီမိုကရေစီ အသွင်သဏ္ဌာန်ဖြင့် အနှစ်သာရစုစည်းတည်ရှိရာ အဖွဲ့အစည်းများဖြစ်ကြသကဲ့သို့ အာဏာကို မျှတစွာ ခွဲဝေကျင့်သုံးနေသည့် အဖွဲ့အစည်းများလည်း ဖြစ်ပါကြောင်း။

နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ပေးသည့် အဓိကအဖွဲ့အစည်းလည်း ဖြစ်ပါကြောင်း၊ ယင်းတာဝန်များကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် လွှတ်တော်ကော်မတီများက အဓိကထား ဆောင်ရွက်နေကြပါကြောင်း၊ တာဝန်ကျေပွန်နိုင်ရေးအတွက် မွန်မြတ်သည့် စေတနာကို အရင်းပြုပြီး လုပ်နည်းလုပ်ဟန် မှန်မှန်ဖြင့် ကြိုးစားဆောင်ရွက်နေသည်ကိုလည်း အားလုံးသတိပြုမိမည်ဖြစ်ပါကြောင်း။

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လစ်လပ်သည့် ဥက္ကဋ္ဌနေရာကို တာဝန်ထမ်းဆောင်နိုင်ရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ




**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်တို့ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။**

ရွေးချယ်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် မှန်ကန်သည့် စိတ်ရင်းစေတနာထားရှိပြီး အမြော်အမြင် ကြီးမားစွာဖြင့် လုပ်ကိုင်ဆောင်ရွက်သည့် အရည်အချင်းများကို မှတ်ကျောက်တင်ကြရမည့် အချိန်အခါဖြစ်ပါကြောင်း၊ ယင်းအခွင့်အရေးကို အမိအရဆုပ်ကိုင်ပြီး ရွေးချယ်ပွဲ အောင်မြင်ချောမွေ့နိုင်ရန်အတွက် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း၊ မိမိအနေဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်သောကတိ၊ တည်ကြည်သော သစ္စာတို့ဖြင့် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားသည်။

ထို့နောက် သဘာပတိက ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာ ဥက္ကဋ္ဌလောင်းများအဖြစ် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်နှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးတို့ကို ရွေးချယ်တင်မြှောက်ပြီး စက်ခလုတ်နှိပ်၍ မဲခွဲဆုံးဖြတ်ရာ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်က ထောက်ခံမဲ ၂၈၀ နှင့် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက ထောက်ခံမဲ ၁၄၁ မဲဖြင့် ထောက်ခံမဲများသည့် ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌအား ဆက်လက်ရွေးကောက်တင်မြှောက်ကြရာ ဒုတိယဥက္ကဋ္ဌလောင်းများအဖြစ် နောင်ချို မဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်နှင့် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းတို့ကို ရွေးချယ်တင်မြှောက်ကြပြီး စက်ခလုတ်နှိပ်၍ မဲခွဲဆုံးဖြတ်ရာ နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်က ထောက်ခံမဲ ၂၇၀ နှင့် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက ထောက်ခံမဲ ၁၄၃ မဲဖြင့် ထောက်ခံမဲများသည့် နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်ကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်တို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် သဘာပတိက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်များ လွှဲအပ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မိမိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသည်နှင့်အညီ တွေးခေါ်ကြံဆပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံများသည် ဒီမိုကရေစီကျင့်စဉ်များ၊ လူ့အခွင့်အရေးစံနှုန်းများကို ခံစား၊ စံစားလိုကြသည့် နိုင်ငံသူနိုင်ငံသားများအတွက် စံနမူနာကောင်းများ ဖြစ်စေလိုပါကြောင်း။

တစ်ဦးနှင့်တစ်ဦး သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အပြန်အလှန် လေးစားခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ၏ အကျိုးကို သယ်ပိုးကြစေလိုပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်စွာဖြင့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီရှင်သန်ခိုင်မာမှုနှင့် လူ့အခွင့်အရေးများမြင့်တင်နိုင်ရန် စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် စသည်တို့ကို အတူတကွ လက်တွဲပူးပေါင်းပြီး အကောင်အထည်ဖော်ကြရန် တိုက်တွန်းပါကြောင်း၊ မိမိတို့အားလုံးသည် ကိုယ်ကျိုးစီးပွားထက် အမျိုးသားအကျိုးစီးပွားကို ဦးစားပေးကာ မိမိတို့ကျရာ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မိမိတို့၏ ဂုဏ်သိက္ခာကို မြင့်မားစေကြရမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းစာမျက်နှာသစ်ကို ဖွင့်ခွင့်ရကြသူများပီပီ လွှတ်တော်ကြီး၏ ဂုဏ်ဒြပ်ပိုမိုမြင့်မားပြီး တင့်တယ်လာစေရန် စွမ်းဆောင်ကြစေလိုပါကြောင်း၊ နိုင်ငံတော်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် အာဏာကြီးသုံးရပ်အနက် လွှတ်တော်၏အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်ပါကြောင်း၊ ထို့အပြင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များသည် ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်မှု ရှိ၊ မရှိတို့ကို လေ့လာစိစစ်ကြပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်ဥက္ကဋ္ဌ တာဝန်ကို လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့အား တာဝန်ပေးအပ်သည့်အတွက် ယင်းတာဝန်ကို မိမိအနေဖြင့် လွှတ်တော်ဥပဒေဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအခွင့်အလမ်းများ ပွင့်လန်းလာစေရန်၊ နိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးများ ပိုမိုရရှိလာစေရန်တို့ကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ပါကြောင်း၊ လေးနက်တည်ကြည်စွာ ကတိပြုပါကြောင်း ပြောကြားသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့် (သတင်းစဉ်)**

**✻ ရှေ့ဖုံးမှ**

နုတ်ထွက်ခြင်းကို ခွင့်ပြုကြောင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ယာယီသမ္မတ ဦးမြင့်ဆွေထံမှပေးပို့သည့် နိုင်ငံတော်သမ္မတရာထူးနေရာ လစ်လပ်ကြောင်း သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယာယီသမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာတွင် **“နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတရာထူးမှ နုတ်ထွက်သွားပါသဖြင့် နိုင်ငံတော်သမ္မတ ရာထူးလစ်လပ်လျက်ရှိပါသည်။ အဆိုပါ လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတ ရာထူးနေရာတွင် ဖြည့်စွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၇၃)၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီစွာ ဆောင်ရွက်ပေးနိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည်။”**ဟု ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားကြောင်း သိရှိရသည်။

ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယာယီသမ္မတထံမှ ပေးပို့သည့် သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကျင်းပခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၇၃)၊ ပုဒ်မခွဲ(ခ) ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတရာထူးနေရာ လစ်လပ်သွားချိန်သည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ကျင်းပနေချိန် ဖြစ်ပါက ၇ ရက်အတွင်း ဖြည့်စွက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတရာထူးမှ နုတ်ထွက်သွားသည့် ဦးထင်ကျော်သည် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ရွေးချယ်တင်မြှောက်ခဲ့သော ပုဂ္ဂိုလ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လစ်လပ်သွားသော နိုင်ငံတော်သမ္မတ ရာထူးနေရာ ဖြည့်စွက်နိုင်ရေးအတွက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတလောင်းတစ်ဦး ရွေးချယ်တင်မြှောက်ရေးအစည်းအဝေးကို ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက် သောကြာနေ့တွင် ကျင်းပပြုလုပ်ရန် သတ်မှတ်အကြောင်းကြားထားပါကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ(၄)နှင့်အညီ ကြေညာသည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်နာယက က **“အဆိုပါ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်ပေးမည့် ဒုတိယသမ္မတအား နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန်၊ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ကိုယ်စားလှယ်တစ်ဦးစီ အမည်စာရင်းကို ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက် နောက်ဆုံးထား တောင်းခံထားပါကြောင်း”** လွှတ်တော်သို့ အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားကျန်းမာရေး ခတ်ခွဲမှုဆိုင်ရာဌာန အထွေထွေမွမ်းမံပြင်ဆင်ရန်နှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီထံမှ ချေးငွေယူရို ၂၂ သန်းနှင့် ထောက်ပံ့ငွေ ယူရို ၅ သန်း ရယူလိုခြင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီထံမှ ချေးငွေယူရို ၂၂ သန်းနှင့် ထောက်ပံ့ငွေ ယူရို ၅ သန်း ရယူလိုခြင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့အတူ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၈၇ ဒသမ ၀၉၁ ဘီလီယံ ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်**က ခေတ်မီရထားလုပ်ငန်းစနစ်များဖြင့် ရန်ကုန်-မန္တလေး အဓိက ရထားလမ်းမကြီးနှင့် အချက်ပြစနစ်များကို အဆင့်မြှင့်တင်သည့် စီမံကိန်းပြီးစီးပါက ခေတ်မီ DEMU တွဲဆိုင်းအသစ်များဖြင့် တစ်နာရီကီလိုမီတာ ၁၀၀ အထိ ပြေးဆွဲနိုင်မည်ဖြစ်ပြီး ပြေးဆွဲချိန် ၈ နာရီထက် မပိုဘဲ ပြေးဆွဲနိုင်မည်ဖြစ်၍ အဝေးပြေး မော်တော်ယာဉ်လိုင်းများဖြင့် ယှဉ်ပြိုင်ကာ ရထားဖြင့် ခရီးသည်၊ ကုန်စည်ပို့ဆောင်မှုကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တိုးမြှင့်ပို့ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စီမံကိန်းလုပ်ငန်းစဉ်များတွင် ပါဝင်သည့် Construction Management Consultancy Service (CMC) ရွေးချယ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းတင်ဒါများဆိုင်ရာ ကြိုတင်ပေးချေငွေ လိုအပ်ချက်တို့အတွက် ထုတ်ယူသုံးစွဲရန် လိုအပ်လာမည့် ODA ချေးငွေဂျပန်ယန်း ၅၆ ဒသမ ၆၂၂ ဘီလီယံအား ကနဦး စီစဉ်ပေးခြင်းဖြစ်ပါ၍ အဆိုပါချေးငွေ စာချုပ်လက်မှတ်ရေးထိုးခွင့်အတွက် ပြည်ထောင်စုလွှတ်တော်မှ ရယူသုံးစွဲခွင့်ပြုနိုင်ပါရန်နှင့် ချေးငွေအား အကျိုးရှိထိရောက်စွာ သုံးစွဲသွားမည်ဖြစ်ပါကြောင်း လွှတ်တော်သို့ တင်ပြသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က ယခု JICA ထံမှ ချေးငွေရယူမည့် စီမံကိန်းဖြစ်သည့်အတွက် စိုက်ပျိုးရေးဝင်ငွေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် Contingency လျာထားမှုမှာ ချေးငွေပမာဏ၏ ၄ ရာခိုင်နှုန်းဖြစ်ပြီး ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းတွင်လည်း Contingency လျာထားမှုမှာ ချေးငွေပမာဏ၏ ၄ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အဆိုပါ Price Escalation နှင့် Contingency ထည့်သွင်းတွက်ချက်မှုများတွင် JICA ODA ချေးငွေ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်ပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ချေးငွေစာချုပ်ချုပ်ဆိုမှု၊ ချေးငွေထုတ်ယူသုံးစွဲမှု၊ ချေးငွေစီမံကိန်းများ အကောင်အထည်ဖော်မှု၊ ချေးငွေပြန်လည်ပေးဆပ်မှု စသည်တို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား

**စာမျက်နှာ ၉ သို့ ❖**

***အစာအိမ်ရောဂါ (Peptic Ulcer Disease) သည် မြန်မာနိုင်ငံတွင် အဖြစ်များသောအစာအိမ်အူလမ်းကြောင်းရောဂါ တစ်မျိုးဖြစ်ပါသည်။ အဓိကဖြစ်ရခြင်းအကြောင်းမှာ အစာအိမ်အနာ၊ အူသိမ်ဦးပိုင်းအနာနှင့် အစာအိမ်ရောင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ အစာအိမ်ရောင်ရောဂါတွင် ရုတ်တရက် အစာအိမ်ရောင်ခြင်းနှင့် နာတာရှည် အစာအိမ်ရောင်ခြင်းဟူ၍ နှစ်မျိုးရှိပါသည်။ အစာအိမ်ရောင်ရောဂါအများစုသည် အစာအိမ်ရောဂါပိုး၊ အကိုက်အခဲပျောက်ဆေးနှင့် သွေးကျဲဆေးတို့ကြောင့် အဖြစ်များပါသည်။***

ပါမောက္ခ
ဒေါက်တာသိန်းမြင့်
(YGH-GI)

ရောဂါလက္ခဏာများမှာ ဗိုက်အပေါ်ပိုင်းနာကျင်ခြင်း၊ ရင်ဝတွင် မီးစနှင့် ထိုးသလိုပူခြင်း၊ အစာမကြေဖြစ်ခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ အစားအသောက် စားမရခြင်း၊ သွေးအန်ခြင်း၊ ဝမ်းအမည်းများသွားခြင်းတို့ ဖြစ်နိုင်ပါသည်။ အစာအိမ်ရောင်သောလူနာအများစုမှာ ကြာရှည်စွာမခံစားရဘဲ လျင်မြန်စွာ ပျောက်ကင်းပြီး မည်သည့်ဆေးစစ်ချက်များ မလိုအပ်ပါ။ အစာအိမ်အနာရောဂါ (Peptic Ulcer) နှင့် အစာအိမ်ကင်ဆာ (Gastric Cancer) များအား အစာအိမ်ရောင်သောရောဂါနှင့် ခွဲခြားရန် မှန်ပြောင်း (Endoscopy) ကြည့်ပြီး အသားစ ယူသင့်ပါသည်။

ရုတ်တရက် အစာအိမ်ရောင်ရောဂါဖြစ်ရခြင်း အဓိကအကြောင်းအရင်းများမှာ အကိုက်အခဲပျောက်ဆေးများသောက်သုံးခြင်း၊ အကိုက်အခဲအရောင်ကျစေသော ဆေးဝါးများသည် အစာအိမ်နံရံကို ထိခိုက်မှုဖြစ်ကာ အစာအိမ်အနာများ၊ သွေးယိုစီးမှုများ ဖြစ်နိုင်ပါသည်၊ သွေးကျဲဆေးများ သုံးစွဲခြင်း၊ အစာအိမ် ဘက်တီးရီးယားပိုးဝင်ရောက်ခြင်း၊ အရက်၊ ဘီယာများ အလွန်အကျွံသောက်သုံးခြင်း၊ ပြင်းထန်သောဖိစီးမှု၊ ခေါင်းထိခိုက်မှု ဖြစ်ခြင်း၊ ကိုယ်တွင်းကလီစာများ ပျက်စီးခြင်း၊ အစာအိမ်ခွဲစိတ်မှု ခံယူပြီးနောက် သည်းခြေရည်များအပေါ် တက်ခြင်းတို့ကြောင့် ဖြစ်နိုင်ပါသည်။ ဗိုင်းရပ်စ်အချို့(ဥပမာ-ရေယုန်ဗိုင်းရပ်စ်ပိုးကြောင့်လည်း ဖြစ်နိုင်ပါသည်)

> **"အစာအိမ်ရောဂါရှိသူများ အနေဖြင့် အကိုက်အခဲပျောက်ဆေးများကို ပါးစပ်မှ သောက်ခြင်း၊ စအိုမှသွင်းခြင်း၊ အကြောမှ ထိုးခြင်း၊ အသားဆေးထိုးခြင်းများ မပြုလုပ်သင့်ပါ။ လိုအပ်လျှင် ပါရာစီတမောဆေးကို အကိုက်အခဲပျောက်ရန် အသုံးပြုနိုင်ပါသည်။ အကိုက်အခဲပျောက်ဆေးများ မဖြစ်မနေ သောက်ရမည်ဆိုလျှင် တတ်ကျွမ်းနားလည်သော ဆရာဝန်နှင့် တိုင်ပင်ပြီးမှ သောက်သင့်ပါသည်"**

နာတာရှည် အစာအိမ်ရောင် ရောဂါဖြစ်ရသော အကြောင်းအရင်းမှာ ဘက်တီးရီးယား (H-pylori)ကြောင့် ရောင်ရမ်းခြင်း၊ အလိုအလျောက် မိမိခုခံစွမ်းအားများက အစာအိမ်နံရံကို တိုက်ခိုက်သောကြောင့် အစာအိမ် ရောင်ခြင်း (Autoimmune Pernicious Anaemia)အစာအိမ်ဖြတ်တောက်ပြီးသောလူနာများနှင့် အစာအိမ်အူရောင်ရောဂါတစ်မျိုးဖြစ်သော(Crown) ရောဂါကြောင့် ဖြစ်နိုင်ပါသည်။

ဘက်တီးရီးယား (H-pylori) ကြောင့် ဖြစ်သောနာတာရှည် အစာအိမ်ရောင်ခြင်းမှာ အစာအိမ်ရောဂါပိုးသည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အသက်အရွယ်အလိုက် ဖြစ်ပွားနှုန်း မြင့်တက်လာပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အသက် ၅၀ နှစ်အထက် လူများတွင် ပိုးရှိသည့်နှုန်း ရာခိုင်နှုန်း ၅၀ ရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ပိုးရှိသည့်နှုန်းမှာ များပြားပြီး ကလေးဘဝတွင်ပင် ရရှိနိုင်ပါသည်။ အချို့သူများတွင် ပိုးရှိနေသော်လည်း လူများတွင် ရောဂါလက္ခဏာများမပြပါ။ အူသိမ်အနာ လူနာ ရာခိုင်နှုန်း ၉၀ နှင့် အစာအိမ်အနာရှိသော လူနာ ရာခိုင်နှုန်း ၇၀ တို့သည် အစာအိမ်ရောဂါပိုးကြောင့်ဖြစ်သည်။ အစာအိမ်ရောဂါပိုးသည် အစာအိမ် အမြေးပါးနံရံနှင့် ကပ်လျက်ရှိပါသည်။ လူတစ်ဦးနှင့် တစ်ဦး ကူးစက်နိုင်ပါသည်။ အစာအိမ်မှ ပြန်ထွက်လာသောအန်ဖတ်များနှင့် ကူးနိုင်ပါသည်။အစာအိမ်ရောဂါပိုးသည် နာတာရှည် အစာအိမ်ရောင်ခြင်းကို ဖြစ်စေပြီး အစာအိမ်အမြေးပါးကို ရောင်ရမ်းစေပါသည်။ ရာခိုင်နှုန်း ၃၀ အစာအိမ်အနာရှိသော လူနာများသည် အကိုက်အခဲပျောက်ဆေးကြောင့် ဖြစ်ပါသည်။ အစာအိမ်ရောဂါပိုးကို သေချာစွာစစ်ဆေးရန် လိုအပ်ပါသည်။ ပျောက်ကင်းသည်အထိ ကုသပါ။ ရောဂါပိုးကုပြီးလျှင်လည်း ပိုးကုန်၊ မကုန် ပြန်စစ်ရန်လိုပါသည်။ မြန်မာနိုင်ငံတွင် ပြုလုပ်ထားသော သုတေသနတွေ့ရှိချက်များအရ အစာအိမ်ပိုးဖြစ်ပွားမှုနှုန်းမှာ မြန်မာပြည်တွင် ရာခိုင်နှုန်း ၆၀ ခန့်ရှိပါသည်။




# အစာအိမ်ရောဂါ



### ရောဂါရှာဖွေခြင်း

သွေးဖောက်၍ သွေးအားနည်း၊ မနည်း စစ်ဆေးသင့်သည်။ ဝမ်းဗိုက်အတွင်း အခြားရောဂါများရှိ၊ မရှိ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်သင့်သည်။ ကျောက်ကပ်နှင့် ဆီးချိုရောဂါရှိ၊ မရှိလည်း စစ်ဆေးသင့်ပါသည်။ အရေးကြီးလက္ခဏာရှိသူများသည် အစာအိမ်မှန်ပြောင်းကြည့်သင့်ပါသည်။ အစာအိမ်အတွင်း ဆေးသွင်း၍ ဓာတ်မှန်ရိုက်ခြင်းကိုလည်း ပြုလုပ်သင့်ပါသည်။

အရေးကြီးရောဂါလက္ခဏာများမှာ သွေးအန်ခြင်း၊ ဝမ်းအမည်းသွားခြင်း၊ သွေးအားနည်းခြင်း၊ မျက်စိဝါခြင်း၊ သိသိသာသာပိန်သွားခြင်း၊ လည်ပင်းနှင့် ဝမ်းဗိုက်တွင် အလုံးပေါ်ခြင်း၊ ရေဖျဉ်းရှိခြင်း၊ ခြေထောက်ရောင်ခြင်းတို့ ဖြစ်ပါသည်။ ထိုလူနာများသည် အစာအိမ်မှန်ပြောင်း မဖြစ်မနေကြည့်သင့်ပါသည်။ အစာအိမ်ကင်ဆာမျိုးရိုးရှိခြင်း၊ တယ်လီဗေးရှင်းဓာတ်မှန်နှင့် ဆေးဓာတ်မှန်တွင် မသင်္ကာဖွယ်ရောဂါတွေ့ရှိသူများလည်း မှန်ပြောင်းကြည့်သင့်ပါသည်။

အစာအိမ်မှန်ပြောင်းကြည့်ရှုခြင်း၏ အားသာချက်များမှာ-

(၁) အစာအိမ်ရောဂါဖြစ်ရခြင်းအကြောင်းကို တိကျစွာ ဖော်ထုတ်နိုင်ခြင်း၊
(၂) ဆရာဝန်ကိုယ်တိုင်ပြုလုပ်ခြင်း၊
(၃) တွေ့ရှိသော ရောဂါကို ဓာတ်ပုံ၊ စီဒီတို့ဖြင့် မှတ်တမ်းယူနိုင်ခြင်း၊
(၄) အသားစ စစ်ဆေးနိုင်ခြင်း၊
(၅) အစာအိမ်ပိုး စစ်ဆေးနိုင်ခြင်း၊
(၆) ရောဂါအခြေအနေ စိုးရိမ်ဖွယ်ရှိ၊ မရှိ သိနိုင်ခြင်း၊
(၇) ကုသမှုကို တစ်ပြိုင်တည်း ပြုလုပ်နိုင်ခြင်းနှင့် အခြားအကျိုးကျေးဇူးများစွာရှိပါသည်။ သွေးထွက်သည့် နေရာကို အစာအိမ်မှန်ပြောင်းမှတစ်ဆင့် လိုအပ်သလို သွေးတိတ်အောင် တစ်ပြိုင်တည်း လုပ်ဆောင်နိုင်ပါသည်။

### ရောဂါကုသရန်

အစာအိမ်ရောင်ရောဂါ ကုသရာတွင် အစာအိမ်ရောင်ရခြင်း၏ အကြောင်းအရင်းကို ကုသရန်လိုအပ်ပါသည်။ ရောဂါလက္ခဏာ သက်သာစေရန်အတွက် အက်စစ်ဓာတ်ပြယ်စေသောဆေးများ၊ အက်စစ်ဓာတ်ဖြစ်ပေါ်ခြင်းကို ဟန့်တားသောဆေးများ၊ အအန်ပျောက်စေသောဆေးများ ပေးနိုင်ပါသည်။

### မည်မျှကြာကြာ ဆေးကုသရမလဲ

အစာအိမ်အနာနှင့် အူသိမ်ဦးပိုင်းအနာတို့သည် ခြောက်ပတ်မှ ရှစ်ပတ်အထိ ဆေးသောက်ရန် လိုအပ်ပါသည်။

ရောဂါကို ပိုဆိုးစေသော ဆေးဝါးများမှာ အကိုက်အခဲပျောက်ဆေးများ၊ သွေးကျဲဆေးများနှင့် စတီးရိုက်ပါသော ဆေးများဖြစ်ပါသည်။

နောက်ဆက်တွဲ ဆိုးကျိုးများအနေဖြင့် သွေးအန်ခြင်း၊ ဝမ်းအမည်းသွားခြင်း၊ အစာအိမ်ပေါက်ခြင်း၊ အစာအိမ်ထွက်ပေါက်ပိတ်ခြင်းနှင့် အစာအိမ်ကင်ဆာပြောင်းသွားခြင်းတို့ ဖြစ်နိုင်ပါသည်။

### အစာအိမ်အနာ ပြန်ဖြစ်နိုင်ပါသလား

အနာများသည် ဆရာဝန်ညွှန်ကြားသည့်အတိုင်း သေချာစွာစနစ်တကျ ကုသမှုခံယူပါက လေးပတ်မှ ရှစ်ပတ်အတွင်း ရာခိုင်နှုန်းပြည့်နီးပါး အနာကျက်ပြီး သက်သာပျောက်ကင်းပါသည်။ ပြန်ဖြစ်သည့် လူဦးရေမှာ အလွန်နည်းပါးသည်။ အကိုက်အခဲပျောက်ဆေးကြောင့် အနာဖြစ်ပါက နောက်ပိုင်း အကိုက်အခဲပျောက်ဆေး သောက်သည့်အချိန်တွင် ပြန်ဖြစ်နိုင်ပါသည်။

### ခွဲစိတ်ရန်လိုပါသလား

ယခုခေတ်တွင် အစွမ်းထက်သည့် ဆေးဝါးများကြောင့် အစာအိမ်အနာကို ခွဲစိတ်ကုသရခြင်း အလွန်နည်းပါးသည်။ သို့သော် အစာအိမ်ပေါက်ခြင်း၊ အစာအိမ်သွေးကြောပေါက်ခြင်းကို ဆေးဝါး၊ အစာအိမ်မှန်ပြောင်းကြည့်ခြင်းတို့ဖြင့် ကုသ၍မနိုင်ခြင်း၊ ဆေးသောက်သော်လည်း အစာအိမ်ထွက်ပေါက်ပိတ်ခြင်းမှာ သက်သာမှုမရှိခြင်းနှင့် ကင်ဆာရောဂါကြောင့် အစာအိမ်အနာဖြစ်ခြင်းတို့တွင် ခွဲစိတ်ကုသမှုခံယူရန် လိုအပ်ပါသည်။

### လူနာများလိုက်နာရန်

အစာအိမ်ရောင်ရောဂါဖြစ်ပါက တတ်ကျွမ်းနားလည်သောသက်ဆိုင်ရာ ဆရာဝန်နှင့် ဆေးကုရန်လိုပါသည်။ အစားအစာကို အချိန်မှန်မှန်စားရမည်။ မလိုအပ်ဘဲ သွေးကျဲဆေး၊ အကိုက်အခဲပျောက်ဆေးများ မသောက်ရပါ။ အရက်၊ ဘီယာများလည်း အလွန်အကျွံ မသောက်ကြရန်လိုပါသည်။ H-Pylori ဘက်တီးရီးယားပိုးရှိပါကလည်း ပျောက်ကင်းအောင် ဆေးကုသသင့်ပါသည်။ အစာအိမ်ပိုးကို သေချာစွာ စစ်ဆေးခြင်း၊ ပျောက်ကင်းအောင် ကုသခြင်း၊ ကုသပြီး ပိုးကုန်၊ မကုန် ပြန်လည်စစ်ဆေးခြင်းများ ပြုလုပ်ရပါမည်။ အစာအိမ်ရောဂါရှိသူများအနေဖြင့် အကိုက်အခဲပျောက်ဆေးများကို ပါးစပ်မှ သောက်ခြင်း၊ စအိုမှ သွင်းခြင်း၊ အကြောမှ ထိုးခြင်း၊ အသားဆေးထိုးခြင်းများ မပြုလုပ်သင့်ပါ။ လိုအပ်လျှင် ပါရာစီတမောဆေးကို အကိုက်အခဲပျောက်ရန် အသုံးပြုနိုင်ပါသည်။ အကိုက်အခဲပျောက်ဆေးများ မဖြစ်မနေ သောက်ရမည်ဆိုလျှင် တတ်ကျွမ်းနားလည်သော ဆရာဝန်နှင့် တိုင်ပင်ပြီးမှ သောက်သင့်ပါသည်။ ။

## ရေဦးမြို့နယ်အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရေဦး မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် တာတိုင်ကျေးရွာတွင် ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော တွင်းနက်တူးဖော်ခြင်း၊ ရေစင်နှင့် ရေစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများကို မတ် ၂၁ ရက်က ရေဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

"အခု ကျေးလက်ရေရရှိရေး လုပ်ဆောင်နေတဲ့ ကျေးရွာက ရွာအတွင်းမှာကိုယ်ပိုင် လက်တူးတွင်းတွေနဲ့ ကျေးရွာအနီးက မြေသားရေကန်က ရေတွေကို အသုံးပြုနေရတာ၊ လုံလောက်မှုမရှိလို့ ဌာနရန်ပုံငွေနဲ့ ကျေးရွာအတွင်းက အချက်အချာကျတဲ့နေရာမှာ ရေတွင်းတူးပေးတယ်၊ ရေစင်တည်ဆောက်ပေးတယ်၊ ရေတင်စက်ရုံ တစ်ခုရယ်ပါ၊ အားလုံးပြီးသွားရင်တော့ ရေစင်မှာပဲ သောက်သုံးရေကို လုံလုံလောက်လောက် အသုံးပြုနိုင်မှာပါ၊ ကျေးရွာက ပြည်သူတွေရဲ့ ဆန္ဒအရ ကျေးရွာတွင်းက အိမ်အရောက် ရေတွေ ဖြန့်ဝေနိုင်ဖို့အတွက်လည်း ဆက်လက်ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်၊ အခုကတော့ တည်ဆောက်နေတဲ့လုပ်ငန်းတွေကို စစ်ဆေးတာပါ"ဟု ရေဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးက ပြောသည်။

ကျေးလက်ရေရရှိရေး လုပ်ဆောင်ပေးလျက်ရှိသော ရေဦးမြို့နယ် တာတိုင်ကျေးရွာသည် အိမ်ခြေ ၂၁၇ လုံး၊ လူဦးရေ ၁၂၉၆ ဦးရှိပြီး လက်ရှိရေအသုံးပြုမှုသည် ကျေးရွာအတွင်း လက်တူးတွင်း ၁၉ တွင်းနှင့် ကျေးရွာအနီးမှ မြေသားကန်တို့မှ အသုံးပြုခြင်းဖြစ်ပြီး လုံလောက်မှုမရှိသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၁၄ ဒသမ ၈၀ သန်းဖြင့် အနက်ပေ ၅၁၀ ရှိ တွင်းနက်တစ်တွင်း၊ အမြင့်တင်ရေစင်တစ်ခုနှင့် ရေတင်စက်ရုံတစ်ရုံတို့ကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# တစ်နှစ်တာကာလအတွင်း ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး၊ အားကစားလောကတိုးတက်ရေး၊ ယဉ်ကျေးမှုနယ်ပယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် အတိုင်းအတာတစ်ခုအထိ စွမ်းဆောင်ပေးနိုင်ခဲ့

**နေပြည်တော် မတ် ၂၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရှင်းလင်းဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ ရှမ်းပြည်နယ်၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသခံတိုင်းရင်းသားများ ပညာရေးဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးမြှင့်တင်မှုတို့နှင့် စပ်လျဉ်း၍ သိရှိလိုခြင်းမေးခွန်းအပေါ် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(တည်ဆောက်ရေး) လျာထားချက်စာရင်းတွင် ဟိုပန်မြို့နယ်အတွက် အဆောက်အအုံသစ်လေးဆောင်၊ အန္တရာယ်ကျောင်းဆောင်အား ဖျက်သိမ်းပြီး ကျောင်းဆောင်သစ်တစ်ဆောင်၊ ဝန်ထမ်းအိမ်ရာ လေးဆောင်၊ တိုးချဲ့ကျောင်းဆောင် နှစ်ဆောင် စုစုပေါင်း ၁၁ ဆောင်၊ မိုင်းမောမြို့နယ်အတွက် တိုးချဲ့ကျောင်းဆောင်တစ်ဆောင်၊ မက်မန်းမြို့နယ်အတွက် အန္တရာယ်ကျောင်းဆောင်အား ဖျက်သိမ်းပြီး ကျောင်းဆောင်သစ် နှစ်ဆောင်၊ တိုးချဲ့ကျောင်းဆောင် သုံးဆောင် စုစုပေါင်း ခြောက်ဆောင်၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတိုင်းအတွက် စုစုပေါင်း ကျောင်းဆောင် ၁၇ ဆောင်နှင့် ဝန်ထမ်းအိမ်ရာလေးဆောင်တို့ကို လျာထားပြီးဖြစ်ပါကြောင်း။

နားဖန်မြို့နယ်တွင် စကူးအခြေခံပညာမူလတန်းကျောင်း၊ ပန်ဝိုင်မြို့နယ်တွင် ကောင်းလန်းအခြေခံပညာမူလတန်းကျောင်း၊ ရောင်လန်းအခြေခံပညာမူလတန်းကျောင်းနှင့် လာကိုင်းအခြေခံပညာမူလတန်းကျောင်းတို့သည် ပညာရေးဝန်ကြီးဌာနပိုင်မြေတွင် စာရင်းပေါက်ခြင်း မရှိသေးပါကြောင်း၊ အဆိုပါ မြေယာများကို နိုင်ငံတော်ပိုင်အဖြစ် ဦးစွာဆောင်ရွက်ပြီးမှသာ အဆင့်မြှင့်တင်ခြင်း၊ ကျောင်းဆောင်အသစ် ဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မက်မန်းမြို့နယ် ကောင်းလန်း အခြေခံပညာမူလတန်းကျောင်းအတွက်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေမှ ပေ (၆၀×၃၀) သွပ်မိုး၊ ပျဉ်ကာ၊ အင်္ဂတေဆောင် တစ်ဆောင် ဆောက်လုပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း ပညာရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် တင်ပြပါ မူလတန်းကျောင်းလေးကျောင်းအား နိုင်ငံတော်ပိုင်စာရင်းကောက်ယူခြင်း ဆောင်ရွက်ပြီးမှသာ ဘတ်ဂျက်လျာထားဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် နဂူမေကျေးရွာအုပ်စုတွင် ကွင်းအမှတ် (၈၄၈-င) တောင်ချောင်းပြုစုမြောက်ကွင်း ငါးဧကကို ပညာရေးဝန်ကြီးဌာနပိုင် စာသင်ကျောင်းမြေအဖြစ်မှ စွန့်လွှတ်ပေးရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုက်နယ်ဆေးရုံမြေအဖြစ် ပြောင်းလဲပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် နဂူမေကျေးရွာအုပ်စု နဂူမေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းပိုင်မြေဟောင်း ငါးဧကကို တိုက်နယ်ဆေးရုံ ဆောက်လုပ်ရန်အတွက် နဂူမေကျေးရွာ တိုက်နယ်ဆေးရုံဖြစ်မြောက်ရေး ကြီးကြပ်မှုကော်မတီ၏ တင်ပြမှုအပေါ် ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ပြည်နယ်အစိုးရ၏ ကြီးကြပ်မှုနှင့်အတူ အဆိုပါမြေအား တိုက်နယ်ဆေးရုံ ဖြစ်မြောက်ရေးအတွက် ကိုယ်စားလှယ်တော်ကြီးနှင့် ဒေသခံပြည်သူတို့၏ ဆန္ဒနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက



ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုင်းစံအောင်

ဆွေးနွေးကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်၍ မြေသိမ်းယာသိမ်းပြဿနာများဖြေရှင်းရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကိုကြားနာစေရန် အကြံပြုလိုပါကြောင်း၊ သိရှိလာသည့် အချက်များအပေါ် မူတည်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဖြစ်စေ၊ ဗဟိုမြေစစ်ကော်မတီကိုဖြစ်စေ အကြံပြုတိုက်တွန်းခြင်း၊ ညှိနှိုင်းခြင်း၊ လိုအပ်ပါက ကော်မတီအနေဖြင့် လွှတ်တော်တွင် အဆိုတင်သွင်းခြင်း နည်းလမ်းများကို ထည့်သွင်းပေးရန် အကြံပြုလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်မှသာ နစ်နာနေသည့် တောင်သူလယ်သမားများ၏အရေးကို လွှတ်တော်တွင် အတိုင်းအတာတစ်ခုအထိ ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးက ကော်မတီအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်မှုများတွင်လည်း ထဲထဲဝင်ဝင်ပါဝင်ခဲ့သည့်အတွက် များစွာကောင်းမွန်ပါကြောင်း၊ အစီရင်ခံစာအရ ပြည်သူများက တင်ပြလာသည့် တိုင်ကြားစာ အစောင် ၆၃၀ လက်ခံရရှိသည်ဟု သိရပါကြောင်း၊ ကွင်းဆင်းဆောင်ရွက်မှုငါးကြိမ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆက်လက်ပေးပို့သည့်အမှုတွဲ အစောင် ၃၀၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရမှ ဆောင်ရွက်ပြီးစီး၍ ပြန်လည်ပေးပို့သည်မှာ သုံးစောင်ဖြစ်သည်ဟု သိရှိရပါကြောင်း။

မြန်မာနိုင်ငံတွင် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးကို တည်ဆောက်၍ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံကို ဦးတည်နေသည့် အချိန်ဖြစ်ပါကြောင်း၊ အချို့သော တိုင်းရင်းသားအဖွဲ့အစည်းများတွင်လည်း မြေယာမူဝါဒရှိသည်ဟု သိရပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မြေယာကဏ္ဍသည် များစွာအရေးကြီးပါကြောင်း၊ မူဝါဒများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ တောင်သူလယ်သမားရေးရာနှင့် မြေယာကိစ္စများကို မည်သို့ပူးပေါင်းဆောင်ရွက်သွားသင့်သည်ကို ကော်မတီအနေဖြင့် လေ့လာသုံးသပ်စာတမ်းတိုများပြုစု၍ လွှတ်တော်ကိုယ်စားလှယ်များကို အသိပညာဖြန့်ဝေပေးရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှူမောင်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီဝင် ဦးလင်းတင်ဌေးက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ အဆိုတစ်ခု၊ ကြယ်ပွင့်ပြမေးခွန်း ၆၈ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၅၆ ခု စုစုပေါင်း ၁၂၅ ခု တင်သွင်းခဲ့ပါကြောင်း၊ အဆိုနှင့် မေးခွန်းများ ကတိဖြစ်ပေါ်မှု စိစစ်ရေးအဖွဲ့ ခြောက်ဖွဲ့ဖွဲ့စည်း၍ ဝန်ကြီးဌာနအလိုက် စိစစ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကော်မတီတို့၏ အစည်းအဝေး အတည်ပြုချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဆိုတစ်ခု ကတိဖြစ်ပေါ်ခဲ့ကြောင်းကို အတည်ပြုချက် ရရှိခဲ့ပါကြောင်း။

ကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ အစည်းအဝေး အတည်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း ၆၈ ခုအနက် မေးခွန်း ၃၆ ခု ကတိဖြစ်ပေါ်ခဲ့ပြီး မေးခွန်း ၃၂ ခုမှာ ကတိမဖြစ်ပေါ်ခဲ့ပါကြောင်း၊ ကြယ်ပွင့်မပြမေးခွန်း ၅၆ ခုအနက် မေးခွန်း ၂၉ ခု ကတိဖြစ်ပေါ်ခဲ့ပြီး ၂၇ ခု ကတိမဖြစ်ခဲ့ပါကြောင်း၊ ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေး အတွင်း ကိုယ်စားလှယ်များ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးခဲ့ရာ ငါးကြိမ်တိုင်ရှိခဲ့ပြီး ဖြစ်ပါကြောင်း၊ နောက်နောင်များတွင်လည်း ကွင်းဆင်းစစ်ဆေးသင့်သည့်ကိစ္စရပ်များကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကိုခံယူ၍ ထပ်မံကွင်းဆင်း စစ်ဆေးသွားမည် ဖြစ်ပါကြောင်း။

ကော်မတီသည် ပထမပုံမှန်အစည်းအဝေးမှ ပဉ္စမပုံမှန် အစည်းအဝေးအထိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုပ်ငန်းပြီးစီးသည့် အဆို၊ မေးခွန်းများအား ကော်မတီသို့ ၁၉၅ ခု ပြန်လည်ပေးပို့လာပါကြောင်း၊ ပြန်လည်ပေးပို့လာသည့် အဆို၊ မေးခွန်းများအား မေးခွန်းရှင်ကိုယ်စားလှယ်များထံသို့ ဆက်လက်ပေးပို့ပြီး ကတိစာရင်းမှ ပယ်ဖျက်ရန် ဆောင်ရွက်လျက်ရှိရာ မေးခွန်းရှင်ကိုယ်စားလှယ်များထံမှ ၄၄ ခုသာ ပြန်လည်ရရှိပါသဖြင့် ကျန်ရှိသည့် မေးခွန်း၊ အဆိုများကို ကော်မတီသို့ သတ်မှတ်ရက်အတွင်း ဆောလျင်စွာ ပြန်လည်ပေးပို့လာပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကတိစာရင်းမှာလည်း လျော့နည်းသွားမည်ဖြစ်ပြီး မေးခွန်းရှင်ကိုယ်စားလှယ်များမှ ယခုထက်ပိုမို၍ ကော်မတီသို့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ကော်မတီမှလည်း ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်း၊ အဆိုများနှင့် စပ်လျဉ်း၍ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားနိုင်ရန်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့လျက်ရှိပါကြောင်း တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဝင် ဒေါ်လွီးဇာက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာတွင် ကော်မတီသည် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ အားကစားလောက တိုးတက်စေရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရန်၊ လူငယ်ထုအတွင်း စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ရေးများအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ညှိနှိုင်းကူညီဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်အနေဖြင့် ၁၁ ချက်၊ လုပ်ပိုင်ခွင့် ကိုးချက်၊ ရပိုင်ခွင့်နှင့် အခွင့်အရေးလေးချက် အသီးသီးချမှတ် တာဝန်ပေးအပ်ခဲ့ပါကြောင်း။

ဆောင်ရွက်ချက်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီမံခန့်ခွဲသော ဥပဒေများအား စိစစ်သုံးသပ်ခြင်း၊ တိုင်ကြားစာများ စိစစ်ဆောင်ရွက်ခြင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများအား စိစစ်သုံးသပ်ခြင်း၊ အပတ်စဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်း၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများ တက်ရောက်ခြင်း၊ ပြည်ပဆွေးနွေးပွဲများနှင့် အစည်းအဝေးတက်ရောက်ခြင်းနှင့် အားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနား တက်ရောက်ခြင်းတို့ ဖြစ်ပါကြောင်း။

အကြံပြုချက်အနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လစာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေများကို ထိရောက်စွာသုံးစွဲရန် လိုအပ်ပါကြောင်း၊ လွှတ်တော်ကတိကဝတ်များကို အခြေခံသတ်မှတ်ချက်များ ပြည့်မီအောင် ကြိုတင်ဆောင်ရွက်ထားပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ အရည်အသွေးပြည့်မီရေးနှင့် ဘဏ္ဍာငွေများ ထိရောက်စွာသုံးစွဲနိုင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းများတွင် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် အကြံပြုအပ်ပါကြောင်း။

ကော်မတီသည် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးအထိ တစ်နှစ်တာကာလအတွင်း ကိုယ်စားလှယ်များ၏ မဲဆန္ဒနယ်မြေအလိုက် ပြည်သူလူထုနှင့်ထိတွေ့ပြီး ပြည်သူများ၏အသံကို နားထောင်၍လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် လိုအပ်သလို တွေ့ဆုံ၍လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ချက်များ၊ အားကစားလောကတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ယဉ်ကျေးမှုနယ်ပယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် အတိုင်းအတာတစ်ခုအထိ စွမ်းဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများအလိုက် တိုးတက်မြင့်မားစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို မတ် ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**


## Other Account ကို ထိန်းကျောင်းမှုအဆင့်ဆင့်

Other Account ရှိ ဘဏ္ဍာငွေများကို သုံးစွဲနိုင်ရန် အဆင့်ဆင့်ထိန်းကျောင်းထားပါသည်။ Other Account တွင် ရှိသည့် ဘဏ္ဍာငွေများကို သုံးစွဲနိုင်ရန် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် နှစ်စဉ်ဘတ်ဂျက်ရေးဆွဲရပါသည်။ ရေးဆွဲပြီးဘတ်ဂျက်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့၏ စိစစ်မှုခံယူရပါသည်။ ထို့နောက် ဘဏ္ဍာရေးကော်မရှင်သို့ ထပ်မံတင်ပြကာ ဘဏ္ဍာရေးကော်မရှင်က စိစစ်အတည်ပြုထောက်ခံပါက နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ကာ ပြည်ထောင်စုလွှတ်တော်၏ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေတွင် ရေးဆွဲပြဋ္ဌာန်းပြီးမှ သုံးစွဲခွင့်ရရှိခြင်းဖြစ်ပါသည်။

# ရခိုင်ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

**စစ်တွေ မတ် ၂၂**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ပေးပို့ထားသည့် မြေယာတိုင်ကြားစာများနှင့် ပတ်သက်၍ ပြည်နယ်၊ ခရိုင်၊ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၈) ကို ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးတွင် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအနေဖြင့် သိမ်းဆည်းခံလယ်ယာမြေများနှင့် ပတ်သက်၍ ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း သိမ်းဆည်းခံလယ်ယာမြေများနှင့် ပတ်သက်ပြီး အထူးဦးစားပေးဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ယခုကိစ္စများကို ဦးစားပေးဆောင်ရွက်နေသည့်အတွက် တက်ရောက်လာကြသော ကော်မတီဝင်များအနေဖြင့်လည်း အထူးအလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ အထူးအဖွဲ့များကို ဖွဲ့စည်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သိမ်းဆည်းခံမြေများနှင့်ပတ်သက်၍ ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း၊ အထူးအဖွဲ့ ရောက်ရှိလာသည့်အခါ ညွှန်ကြားထားသည့်အတိုင်း ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ထားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီမှ ပေးပို့ထားသည့် မြေယာ တိုင်ကြားစာနှင့်ပတ်သက်၍ ပြည်နယ်ကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ငြိမ်းက Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ခရိုင်နှင့် မြို့နယ်ကော်မတီများမှ တာဝန်ရှိသူများက မိမိတို့ခရိုင်အလိုက် သိမ်းဆည်းခံမြေများနှင့် ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ပြီးစီးမှု၊ စိစစ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်း ဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၄၁/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်)**
**အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (အန်၊ ယူ၊ ဒီ)**
**National United Democratic Party (N.U.D) အား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ချင်းတွင်းလမ်းနှင့် ခတ္တာလမ်းထောင့်၊ အမှတ်(၂၃၁၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်၊ ယူ၊ ဒီ) National United Democratic Party (N.U.D) အား ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်၊ ယူ၊ ဒီ) National United Democratic Party (N.U.D) ၏ မှတ်ပုံတင်အမှတ်မှာ (၁၀၉) ဖြစ်ပါသည်။

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တိုင်းရင်းသားယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေလျက်ရှိရာ ပွဲတော်လာရောက်သူများ စည်ကား

**တောင်ကြီး မတ် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို တောင်ကြီးမြို့ အဝေရာကုန်းမြင့်သာယာ မီးပုံးပျံကွင်း၌ ဒုတိယနေ့အဖြစ် ယနေ့ညပိုင်းက တိုင်းရင်းသားလူမျိုးစုအကများဖြင့် ဖျော်ဖြေလျက်ရှိရာ ပွဲတော်လာရောက်သူများ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။



အဆိုပါပွဲတော်ကို မတ် ၂၅ ရက်အထိ ကျင်းပပေးသွားမည်ဖြစ်ရာ ယနေ့ ညပိုင်းတွင် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများ ပြခန်း၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများ ပြသရောင်းချနေသည့်အပြင် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက တစ်ရက်လျှင် ကိုးဖွဲ့၊ နိုင်ငံကျော်စင်တင်တေးဂီတတို့ဖြင့် ဖျော်ဖြေလျက်ရှိရာ ပွဲတော်လာရောက်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

### ❖ ကျောဖုံးမှ

ဖာပွန်ခရိုင်အတွင်းရှိ လွယ်မူပလောနှင့် ခေးပူတွင် တပ်မတော်၏ ရှေ့တန်းစခန်းများရှိနေပြီး မိုးမကျမီ ရိက္ခာများပို့ဆောင်ရန်အတွက် တပ်မတော်ဘက်မှ လမ်းဖောက်လုပ်မှုများပြုလုပ်ခြင်းကို အကြောင်းပြု၍ KNU တပ်မဟာ (၅)နှင့် တပ်မတော်တို့ မတ် ၅ ရက်မှ စတင်၍ ထိတွေ့မှုများ ရှိခဲ့သည်။

ထိတွေ့မှုများနှင့်ပတ်သက်၍ ဗိုလ်မှူးကြီးဝဏ္ဏအောင်က "လွယ်မူပလောနဲ့ ခေးပူမှာ ကျွန်တော်တို့ရဲ့ ရှေ့တန်းစခန်းတွေ ထားရှိပါတယ်၊ ထားရှိတဲ့အခါမှာ မိုးမကျမီ ရိက္ခာစုပုံရေးဆိုပြီး လုပ်ရပါတယ်၊ ရိက္ခာစုပုံဖို့အတွက် ယာဉ်တွေတက်နိုင်လောက်တဲ့လမ်းကြောင်း ဖောက်ရပါတယ်၊ ခေးပူနဲ့ လွယ်မူပလောကြားထဲမှာ ကရင်ရွာတွေ ရှိပါတယ်၊ ၁၁ ရွာလောက်ရှိတယ်လို့ သိရပါတယ်၊ ကျွန်တော်တို့ တပ်မတော်အနေနဲ့ ရိက္ခာပို့ပြီးရင် ကိုယ့်နေရာကိုယ် ပြန်သွားကြမှာ ဖြစ်ပါတယ်၊ အခုလို လမ်းကြောင်းတစ်ကြောင်း ကျန်နေတာက ဒေသဖွံ့ဖြိုးရေးအတွက် အများကြီးအထောက်အကူပြုပါတယ်၊ ဆိုင်ကယ်နဲ့သွားလို့လာလို့ ရသွားမယ်၊ ဒါပေမဲ့ တစ်ဖက်က ဒီလိုလမ်းဖောက်တာဟာ ဘာများလုပ်မလဲဆိုတဲ့ စိုးရိမ်စိတ်မျိုးပါ၊ တစ်ဖက်က ဒေသဖွံ့ဖြိုးစေချင်တယ်၊ အုပ်ချုပ်ရေးအပိုင်းကို ကောင်မွန်စွာဆောင်ရွက်လိုတယ်၊ အဲဒီမှာ ညှိနှိုင်းမှုလိုသွားတဲ့ သဘောပါ၊ ဒါကြောင့် ဒီနေ့ အကျေအလည် ဆွေးနွေးကြပြီး အရပ်သားကိုယ်စားလှယ်တွေက ကြားဝင်ဆောင်ရွက်မယ်၊ တပ်မတော်ဘက်က ခေါင်းဆောင်တွေနဲ့ KNU ၊ KNLA(PC) ဘက်က ခေါင်းဆောင်တွေ ကျောက်ကြီးမှာ တွေ့ကြမယ်ဆိုပြီး ဆုံးဖြတ်ပါတယ်"ဟု ဖြေကြားသည်။

(၁၅)ကြိမ်မြောက် JMC-U ၏ ဒုတိယနေ့အစည်းအဝေးအပြီးတွင် ဖာပွန်ခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို ဖြေရှင်းနိုင်ရန်အတွက် JMC အဆင့်ဆင့်က အရပ်သားကိုယ်စားလှယ်များပါဝင်သည့် ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ ဖွဲ့စည်းကာ ဖြစ်ပွားခဲ့သည့်ပဋိပက္ခဖြစ်စဉ်ကို ညှိနှိုင်းဆောင်ရွက်ရန်၊ တပ်မတော်နှင့် KNU ၊ KNU-KNLA(PC) ခေါင်းဆောင်များသည် မတ် ၂၉ ရက် (သို့မဟုတ်) ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးတွင် တွေ့ဆုံဆွေးနွေးသွားကြရန် ဆုံးဖြတ်ခဲ့ကြသည်။

ထိတွေ့မှုဖြစ်စဉ်အပေါ် JMC ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဒေါက်တာရွှေခါးရဲက "မတ် ၅ ရက်ကစပြီး အသေးစားထိတွေ့မှုလေးတွေ ရှိလာပါတယ်၊ ဖြစ်လာတဲ့အခါမှာ ကျယ်ပြန့်မှုမရှိအောင် ကျွန်တော်တို့က ထိန်းနိုင်အောင် အတတ်နိုင်ဆုံးကြိုးစားခဲ့ပါတယ်၊ အဓိကအားဖြင့် ပြီးခဲ့တဲ့သုံးလေးရက်မှာပဲ JMC ဘက်က ဆရာတော် စောမက်သယူးနဲ့ ဦးစောထူးဘလတ်တို့ကို စေလွှတ်ပြီး တပ်မဟာ(၅)တပ်မမှူးနဲ့ သွားရောက်တွေ့ဆုံခိုင်းပါတယ်၊ အဓိကက ကျွန်တော်တို့ တပ်မှူးအချင်းချင်းကြားထဲမှာဆွေးနွေးတဲ့ အခင်းအကျင်းတစ်ခု တည်ဆောက်နိုင်အောင် ဆိုပြီးတော့ ကြိုးစားခဲ့ပါတယ်၊ ရလဒ်ကောင်းလေးတွေ ရလာတာ ကျွန်တော်တို့ တွေ့ရပါတယ်"ဟု ဖြေကြားသည်။

မတ်လအကုန် ကျောက်ကြီးမြို့နယ်တွင် နှစ်ဖက်တွေ့ဆုံရာ၌ တပ်မတော်ဘက်မှ အကြီးအကဲများ ပါဝင်မည်ဖြစ်သကဲ့သို့ ကရင်အမျိုးသားအစည်းအရုံး (KNU) တွင်လည်း တပ်မဟာ (၅)အပါအဝင် ဗဟိုအဆင့် တပ်မဟာမှူးများ ပါဝင်မည်ဖြစ်ကြောင်း ဒေါက်တာရွှေခါးရဲထံက သိရသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး တပ်မတော်ဘက်ကလည်း ဘာဖြစ်တာလဲဆိုတော့ လမ်းဖောက်လုပ်တဲ့ကိစ္စ ဖြစ်ပါတယ်၊ ဘာလို့လမ်းဖောက်သလဲဆိုတော့ ငြိမ်းချမ်းရေးကို ပျက်စေချင်လို့၊ ထိုးစစ်ဆင်ဖို့အတွက် လုပ်တာမျိုး မဟုတ်ဘူးဆိုတာကို သေသေချာချာ ရှင်းလင်းပါတယ်၊ ဟိုဘက် (KNU) ဘက်ကလည်း ထိုးစစ်ဆင်ဖို့ ပြင်ဆင်တယ်ဆိုတဲ့ အထင်အမြင်နဲ့ ပြန်ပြောတာ ရှိပါတယ်၊ ဒီကိစ္စတွေ အကုန်လုံးကို နှစ်ဖက်တပ်မှူးတွေ တွေ့ဆုံပြီး ရှင်းလင်းမှ ပြေလည်နိုင်မယ်ဆိုပြီး ယူဆတာကြောင့် နှစ်ဖက်တပ်မှူးတွေ တွေ့ဆုံနိုင်ဖို့ ကြိုးစားပါတယ်၊ ဒါဟာ တကယ့်ကောင်းတဲ့ရလဒ်တစ်ခုပေါ့"ဟု ထိတွေ့မှုဖြစ်စဉ်အပေါ် ဒေါက်တာရွှေခါးရဲက ဖြေကြားသည်။

ယနေ့ JMC-U အစည်းအဝေးတွင် ဖာပွန်ဒေသတွင် လမ်းဖောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မူဝါဒကို တပ်မတော်ဘက်က ရှင်းပြခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယနေ့ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးတွင် ငြိမ်းချမ်းရေးဖြစ်စဉ် ခိုင်မာစေရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုရရှိစေရန် လေးလတစ်ကြိမ် ပြုလုပ်လျက်ရှိသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အရပ်သားကိုယ်စားလှယ်များ စတုတ္ထအကြိမ် ညီလာခံကို ဇူလိုင်လ ဒုတိယပတ်တွင် ကရင်ပြည်နယ် ဖာပွန်တွင် လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

### ❍ လှဖိုးခေါင်မှ

ဖြစ်ရာ တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးပါက လူဦးရေ ၃၀၀၀၀ ခန့် ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီစခန်းမှာ လူဦးရေသုံးသောင်းစာ မှန်းပြီး တည်ဆောက်ထားပါတယ်၊ စခန်းကို ဇန်နဝါရီလမှာ စတင်တည်ဆောက်ခဲ့ပါတယ်၊ အခုဆိုရင် တည်ဆောက်မှုအနေနဲ့က နှစ်လကျော်လာပါပြီ၊ လက်ရှိအနေအထားမှာတော့ ၇၅ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ၊ ၂၅ ရာခိုင်နှုန်းလောက်ပဲ ကျန်ပါတော့တယ်။ ဒီလကုန်ဆို တည်ဆောက်မှုအားလုံး ပြီးစီးပြီဖြစ်ပါတယ်၊ အဲဒီရက်မှာ တည်ဆောက်မှုပြီးစီးနိုင်အောင် အလုပ်သမားတွေနဲ့ နေ့ညမပြတ် ကြိုးစားလုပ်ဆောင်နေပါတယ်၊ ပထမမြေဧကလျာထားတာကတော့ မြေဧက ၆၄၀ ဖြစ်ပေမယ့် မြေနေရာအနေအထားအရ တောင်ကုန်းတွေ၊ ချိုင့်ဝှမ်းတွေရှိတဲ့အတွက် နေရာရွှေ့ဆောက်တာကြောင့် မြေနေရာဧကတိုးလာတာတွေတော့ ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းများအတွက် လှဖိုးခေါင်ယာယီလက်ခံရေးကြားစခန်း တည်ဆောက်နေမှုသည် မတ်လကုန်တွင် အားလုံးပြီးစီးတော့မည်ဖြစ်၍ ပြန်လည်လက်ခံရေးလုပ်ငန်းများအတွက် အသင့်အနေအထား ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း**
**အေးမင်းသူ**

# ဒီနှစ်က အန္တရာယ်ကြီးလောက်အောင် ပူဖို့မရှိဘူး၊ ခရမ်းလွန်ရောင်ခြည်ကိုတော့ ဂရုစိုက်ဖို့လိုတယ်

**ယခုနှစ် နွေလယ်နေ့ခင်းနေ့ရက်များတွင် အထက်အညာဒေသကို မဆိုထားနှင့် အောက်အကြေအရပ်ရှိ ရန်ကုန်မြို့တွင်နေထိုင်ကြသည့် ပြည်သူများပင် အပူရှိန်ကို ထီး၊ ဦးထုပ်ကိုယ်စီဖြင့် အန်တုနေရသည်ကိုတွေ့မြင်နေရသည်။ ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ပီပီ လူနေတိုက်တာထူထပ်များပြားနေခြင်းကြောင့် အပူရှိန်က မာန်ဟုန်ပိုပြင်းနေသယောင် ခံစားကြရသည်။**

**သို့နှင့် မြန်မာနိုင်ငံရှိ မြို့ကြီးများ၏ လက်ရှိအပူချိန်များနှင့်စပ်လျဉ်း၍ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကို မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းထားသည်။**

**မေး။ ။ရန်ကုန်နဲ့ နေပြည်တော်မြို့တွေမှာ အပူချိန်မြင့်မားနေတဲ့အခြေအနေနဲ့ ပတ်သက်ပြီး ဆရာ့အမြင်ကို သုံးသပ်ပြောကြားပေးပါ။**

ဖြေ။ ။လက်ရှိ အခြေအနေအရ အာရှမြို့ကြီးတွေမှာဆိုရင် အိန္ဒိယက အပူချိန်အမြင့်ဆုံးဖြစ်ပါတယ်။ အိန္ဒိယမှာ အပူချိန်က ၄၅ ဒီဂရီကျော်တဲ့နေရာတွေ ရှိတယ်။ ၅၀ ဒီဂရီပတ်ဝန်းကျင် ကြားမှာရှိတယ်၊ မြန်မာပြည်က ၄၀ နဲ့ ၄၅ ကြားမှာ အမြင့်ဆုံးရှိတယ်။ တချို့နေရာတွေမှာ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ မြစ်ဝကျွန်းပေါ်၊ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်၊ မွန်၊ ကရင်၊ တနင်္သာရီ အဲဒီဒေသတွေမှာ ၄၀ ဒီဂရီ အထက် လောက်မှာရှိတယ်။ ဒီလိုပဲ ထိုင်းနိုင်ငံမြောက်ပိုင်းမှာလည်း ၄၀ ဒီဂရီအထက်လောက်မှာရှိတယ်။ ဗီယက်နမ်နိုင်ငံမှာလည်း ၄၀ ကျော်တဲ့နေရာတွေ ရှိတယ်။ ဒါကြောင့်မို့ တစ်ရက်တလေမှာတော့ မြန်မာပြည်က အထက်ရောက်ချင်ရောက်လိမ့်မယ်။ အားလုံးအပေါ်က ခြုံကြည့်ရင် ဒါမျိုးက ကောက်ချက်ချလို့မရဘူး။ အာရှမှာ ပိုတောင်မရဘူး။ မြန်မာပြည်က သေချာသလောက် အပူဆုံးနေရာ မဟုတ်ပါဘူး။

**မေး။ ။နေပြည်တော်နဲ့ ရန်ကုန်မှာအပူချိန်ဆက်လက်မြင့်တက်ဖို့ ရှိပါသလား။**

ဖြေ။ ။ဒီနှစ်က အပူချိန်မြင့်မယ့်နှစ်တော့မဟုတ်ဘူး။ ဒါပေမယ့် တစ်ခုရှိတာက ကမ္ဘာကြီးတစ်ခုလုံး အခုနောက်ပိုင်းနှစ်တွေက ပူတဲ့နှစ်တွေပါ။ ၂၀၁၆ ခုနှစ်ဆိုရင် ကမ္ဘာ့သမိုင်းမှာ အပူဆုံးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ကလည်း အပူချိန် အရှိန်လေးနဲ့ သွားနေဦးမှာပဲ။ ပုံမှန်ထက် ပိုပူမယ့်နှစ်က တော့မှန်တယ်။ သို့သော် စံချိန်တင်လောက်အောင် ပူမယ့်နှစ်တော့မဟုတ်ဘူး။ မပူတဲ့အပြင် အပူချိန်ကို လျော့အောင်လုပ်တဲ့ ဒီနှစ်က လာနီညာတောင် ဖြစ်နေတဲ့နှစ်ပဲ။ နောက်အပူချိန် မြင့်တက်တယ်ဆိုတာ အယ်နီညိုဖြစ်မှ ဖြစ်တာ။အယ်နီညိုလည်း မဖြစ်ဖူးဆိုတော့ အပူချိန်အများကြီးတက်ဖို့ မဖြစ်နိုင်ဘူး။ မနှစ်ကထက်လည်း အပူချိန်ပိုဖို့ အလားအလာ မရှိဘူးလို့ တွက်ပါတယ်။

**မေး။ ။ပြီးခဲ့တဲ့နှစ်ကာလတွေနဲ့ လက်ရှိနှစ်ကာလတို့ရဲ့ အပူချိန်တွေကို နှိုင်းယှဉ်သုံးသပ်ပေးပါ။**

ဖြေ။ ။သေချာပြန်ကြည့်လိုက်ရင် နှစ်တိုင်း အပူချိန်တက်နေတာ၊ ဆိုလိုတာက အပူဆုံးနှစ်တွေကိုကြည့်ရင် ၁၉၈၀၊ ၂၀၀၀ ပတ်ဝန်းကျင်က နှစ်တိုင်းမှာ အပူချိန်က တစ်နှစ်ထက်တစ်နှစ် တက်နေတာ။ အပူချိန်တက်နေတာက မနှစ်ကထက်စာရင် ဒီနှစ် တစ်နှစ်လုံးခြုံကြည့်ရင် အပူချိန်ပိုမယ်၊ နောက်ကျရင် ဒီထက်ပိုပူမယ်။ ဒါတစ်ကမ္ဘာလုံးဖြစ်နေတာဆိုတော့ အပူချိန်တက်နေတာက သွားနေတာပဲ၊ နောက်အပူက အပူဒဏ်ကို သက်သာအောင်လုပ်တဲ့အကြောင်းတရားရှိသလို သူမူရင်းအတိုင်း အပူချိန်က သွားနေတဲ့အတွက် အထိုက်အလျောက် ပူတာလည်း ရှိတယ်။

ဒီနှစ်ဆို အပူချိန်သက်သာအောင်လုပ်တဲ့အထဲမှာ ဘာတွေပါသလဲဆိုရင် တစ်အချက်က အယ်နီညိုမဟုတ်ဘူး၊ လာနီညာ ဖြစ်နေတယ်၊ လာနီညာက အပူချိန်ကို လျော့အောင်လုပ်တယ်။ အခု နွေရာသီမှာ အပြင်ထွက်ကြည့် မိုးအုံ့နေတယ်။ ဒီနှစ်က နွေရာသီတောင်မှ လေထဲမှာ ရေငွေ့ကပါပြီး တိမ်ကဖြစ်နေတယ်။ တစ်ခါတလေ မိုးတောင်ရွာတယ်ဆိုတော့ ဒါလေးတွေက အပူချိန်မြင့်လာလိုက်၊ အပူချိန် ကျသွားလိုက်၊ ဒီလိုဖြစ်တဲ့အခါ သူ့ဟာနဲ့သူ ဘဲစားဘဲချေပေ့ါ၊ အပူချိန် လွန်ကဲအောင် တက်မသွားဘူး။

အဲဒါကြောင့် ဒီနှစ်က ပူတော့ပူမယ်၊ သို့သော် အန္တရာယ်ကြီးလောက်အောင်တော့ ပူဖို့မရှိဘူးလို့ထင်တယ်။ ပူတာလေးမျိုးရှိတယ်၊ ဒီနှစ်မှာ အန္တရာယ် ရှိတဲ့အပူ၊ အန္တရာယ်မရှိတဲ့အပူလို့ ခွဲခြားပြောလို့ရပါတယ်။ ပထမဦးဆုံးက ဒီနှစ်မှာ အပူချိန်က စံချိန်တင်အောင် မြင့်တက်ပြီး လွန်ကဲတဲ့အပူချိန်ကြောင့် လူကို ဘေးဥပဒ် ရောက်စေပါတယ်။ ဥပမာအားဖြင့် ရန်ကုန်မြို့ဆိုရင် သမိုင်းမှာ ၄၂ ဒသမ ၅ အမြင့်ဆုံးပေ့ါ။ ဒီနှစ်က ၄၂ ဒသမ ၅ ကို ကျော်သွားတာမျိုးမရှိဘူး။ လွန်ကဲတဲ့အပူချိန်ဒဏ် ဒီနှစ်လျော့နည်းမယ်။ ဒါပေမယ့် ဒုတိယအပူတစ်မျိုးက ခုနကပြောသလို လွန်တော့ မလွန်ကဲဘူး။ ၄၂ ဒသမ ၅ လောက်တော့ မရောက်ဘူး။ ခုနကပြောသလို ၃၅၊ ၃၆၊ ၃၇။ ဒါလည်း အထိုက်အလျောက်ပူတာပဲ။ ဒါပေမယ့် အဲဒီအပူချိန်ကို အချိန်ကာလ အကြာကြီး တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ တစ်ပတ်လည်းမဟုတ် ကြာလာတဲ့အခါကျတော့ လူတွေကို အန္တရာယ်ဖြစ်စေတဲ့ ဒဏ်ဖြစ်လာတာပေ့ါ။ အဲဒီ အပူမျိုးတော့ ဒီနှစ် သတိထားဖို့လိုတယ်။

တတိယက ခုနကပြောတဲ့ရေငွေ့ပါနေတယ်။ ရေငွေ့ပါနေရင် လူတွေခန္ဓာကိုယ်ပေါ်မှာ ခံစားရတဲ့အပူချိန်က ပိုများသွားတယ်။ လေအပူမဟုတ်တော့ဘူး၊ ရေငွေ့အပူပါသွားတယ်။ နှစ်ရပ်ပေါင်းသွားတာပေ့ါ။ လေက ၃၅ ဆိုရင် ခန္ဓာကိုယ်က ခံရမယ်၊ ပြီးတဲ့အခါ ရေငွေ့ပါတဲ့အတွက် ရေငွေ့ရယ်၊ အပူပါ ထပ်ပေါင်းလိုက်တဲ့အတွက် ခံစားရတဲ့အပူက ၃၅ ထက်ကျော်သွားမယ်။ ကျော်သွားတဲ့အခါမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က လူတွေအတွက် အန္တရာယ်ရှိတဲ့အပူချိန်ကျော်ရင် လူမှာအန္တရာယ်ရှိတယ်။ သတ်မှတ်တဲ့ အပူချိန်က ၅၄ ဒီဂရီကျော်ပြီး လူက Heat Stroke ရမယ်။ လေဖြတ်မယ်၊ ဦးနှောက်သွေးကြောပြတ်မယ်၊ အသက်အရွယ်ကြီးတဲ့သူ၊ ငယ်တဲ့သူ၊ ရောဂါရှိတဲ့သူတွေ များသောအားဖြင့် အသက်အန္တရာယ်ရှိတယ်။ အဲဒီအပူမျိုးက ဒီနှစ်မှာ ရှိမယ်၊ တတိယအပူက ဘာလဲဆိုတော့ ခရမ်းလွန်ရောင်ခြည်ပါ။ ခရမ်းလွန်ရောင်ခြည်အပူက လွန်ကဲတဲ့ အဆင့်ရောက်နေပြီ။ အဲဒါက အန္တရာယ်ရှိတယ်။ ပူတာ လေးမျိုးမှာ လွန်ကဲတဲ့ အပူချိန် ဒီနှစ်လျော့နည်းမယ်။ ဒါပေမယ့် ခုနပြောတဲ့ Heat Stroke ရယ်၊ ခံစားရတဲ့



မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်

အပူချိန်ရယ်၊ နောက်တစ်ခုက ခရမ်းလွန်ရောင်ခြည် ဒီသုံးခုက သတိထားဖို့ လိုပါတယ်။

**မေး။ ။အပူဒဏ်နဲ့ပတ်သက်ပြီး ပြည်သူတွေ ဆောင်ရန်၊ ရှောင်ရန်ကို ပြောပြပါ။**

ဖြေ။ ။ခရမ်းလွန်ရောင်ခြည်ကို ဂရုစိုက်ရမှာပဲ။ အပူချိန်က အမြင့်ဆုံး ရောက်နေတဲ့ကာလဖြစ်တဲ့အတွက် နေပူထဲမှာ ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးအချိန်က နံနက် ၁၁ နာရီ ကနေ မွန်းလွဲ ၂ နာရီအထိ အမြင့်ဆုံးပဲ။ အဲဒီကာလမှာ နေပူထဲမှာသွားတာကြာမယ်ဆိုရင် အရေပြား နေလောင်တာ၊ အဲဒီကတစ်ဆင့် အရေပြားကင်ဆာဖြစ်မယ်။ မျက်စိထိခိုက်တာ၊ နောက် သားသမီးမရနိုင်တဲ့ရောဂါ ဒီလေးမျိုးပေ့ါ။ အသက်အန္တရာယ်တော့ မရှိဘူး။ အထူးသဖြင့် ပြည်သူတွေကို သတိပေးချင်တာ၊ မကြာမီကျရောက်မယ့် သင်္ကြန်ကာလမှာ ခရမ်းလွန်ရောင်ခြည်သင့်ဖို့ အလားအလာ ပိုပြီးတော့ များလာနိုင်တယ်။ ရန်ကုန်မြို့က ကားကလည်းကျပ်တယ်။ မဏ္ဍပ်တွေ တန်းစီရရင် နေပူထဲစောင့်ရမယ်။ နေပူလည်း ထွက်လည်မှာပဲဆိုတော့ အဲဒါ သတိထားဖို့လိုတယ်။ နောက်တစ်ခုက သင်္ကြန်ကာလဆိုတော့ ရေပက်နေတဲ့အတွက် ဘေးပတ်ဝန်းကျင်ရေစိုစွတ်နေတာ ပိုပြီးများမယ်၊ အဲဒီကျရင် ခရမ်းလွန်ရောင်ခြည် ထိခိုက်တာ ပိုများမယ်။ သင်္ကြန်မှာ အသားအရေ ဂရုစိုက်တဲ့သူက ခရမ်းလွန်ရောင်ခြည်ကို ဂရုစိုက်ရမယ်။

**မေး။ ။နောက်ဆက်တွဲ မိုးလေဝသအခြေအနေနဲ့ ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။နွေရာသီဆိုတော့ ဘာမှ အထူးပြောစရာ မရှိဘူး။ မြောက်ပိုင်းစွန်း၊ တောင်ပိုင်းစွန်းတွေပဲ ရံဖန်ရံခါ မိုးရွာတာပဲရှိတယ်။ ဒီလကုန်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်း စဖြစ်ဖို့ အလားအလာရှိပေမယ့် သိပ်တော့ မသေချာဘူး။ လာမယ့်ဧပြီလ တစ်ဝက်လောက်ကျမှပဲ ရာသီဥတုက တော်တော်လေး လှုပ်လှုပ်ရှားရှား ဖြစ်လာမယ်။ အထူးသဖြင့် သတိထားရမှာ မိုးတိမ်တောင်နဲ့ မုန်တိုင်းပါပဲ။ မိုးတိမ်တောင်ကတော့ အခုလောလောဆယ် မြန်မာပြည် မြောက်ဖျားမှာ ဖြစ်နေတယ်။ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမှာဖြစ်ရင် မိုးကြိုးပစ်တာပါတယ်။ လေပြင်းတိုက်တာ ပါတယ်။ မိုးသီးကြွေတယ်၊ အဲဒါကတော့ သတိထားရမှာပေ့ါ။ အနောက်မြောက်က လေလာမယ်။ လောလောဆယ် မိုးတိမ်တောင် သတိထားပါ။ နောက်တစ်ခုက ဧပြီလ နောက်ဆုံးပတ်လောက်စပြီးတော့ မေလ အလယ်လောက်ထိ မုန်တိုင်းအန္တရာယ် သတိထားရမယ်။

**မေး။ ။ ပြည်သူတွေကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဘာများအကြံပြုချင်ပါသလဲ။**

ဖြေ။ ။သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့ လောလောဆယ်မှာ နွေရာသီရော၊ ရာသီဥတုရော ဒီနှစ်ခုနဲ့ပတ်သက်ပြီး အထူးသတိပြုရမှာက နှစ်ချက်ပေ့ါ။ တစ်အချက်က ရေ ရှားမယ်။ နှစ်အချက်က မီးလောင်မယ်။ အဲဒီနှစ်ခုက အခုလည်း ဖြစ်နေတယ်။ ရေရှားတဲ့ ဒေသတွေ စနေကြပြီ။ ရေက တစ်ကမ္ဘာလုံး ရှားနေပြီ။ နောက် ကိပ်တောင်းဆိုရင် ရက် ၃၀ အတွင်း ရေမရှိတော့ဘူး။ အာဖရိကမြို့ကြီးတောင် အဲဒီလို အနေအထားမှာရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂက လာမယ့်နှစ်တွေမှာ မကြာခင် လူဦးရေအနည်းဆုံး ကမ္ဘာ့လူဦးရေ ငါးဘီလီယံလောက် ရေပြဿနာတွေ့မယ်လို့ပြောတယ်။ ကမ္ဘာကြီးထဲမှာ လူဦးရေရှစ်ဘီလီယံလောက်ပဲရှိတယ်။ သုံးပုံနှစ်ပုံလောက်က ရေပြဿနာရှိနေတယ်။ ဒါဟာ နည်းနည်းနောနော ပြဿနာမဟုတ်ဘူး။

အခု မြန်မာပြည်မှာလည်း ပတ်ဝန်းကျင်ရေးရာနဲ့ပတ်သက်ပြီး မိုးမရွာတာကြာပြီ။ အဲဒီတော့ သောက်သုံးရေလည်း ရှားတယ်၊ စိုက်ပျိုးရေလည်း ရှားတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးလိုလိုမှာ မြေဆီလွှာအောက် ရေကိုတွက်ကြည့်တော့ အားလုံးက ခြောက်သွေ့တဲ့ အနေအထားမှာရှိတယ်။ ဆိုလိုတာက မြေကြီးထဲမှာ ရေမရှိဘူး၊ ရေမရှိတော့ စိုက်ပျိုးရေးလုပ်တဲ့သူက ရေမရှိရင် အလုပ်မဖြစ်ဘူး။ ရေက မိုးရေက ရချင်ရ၊ မရရင် ဆည်မြောင်းကရ၊ ဆည်မြောင်းက မရရင် မြေကြီးကအောင်းရေက ရ၊ မိုးက မမျှော်လင့်တော့ဘူး။ ဒီအချိန်မှာ မိုးကတော့ မရွာဘူး၊ မြေဆီလွှာအောင်းရေက အရေးကြီးတာ။ အခုလို ပူပြီးခြောက်သွေ့တဲ့ ကာလကြာလာတဲ့အခါ မြေဆီလွှာ အောင်းရေက ခန်းခြောက်လိုက်လာတာ၊ စိုက်ပျိုးရေမှာ အတော်ထိခိုက်မယ်။ အဲဒါကို တစ်စုံတစ်ခု လုပ်ဖို့လိုတယ်။

**တွေ့ဆုံမေးမြန်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

❖ စာမျက်နှာ ၅ မှ

သက်ဆိုင်ရာဝန်ကြီးဌာနများသို့ စိစစ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၈၇ ဒသမ ၀၉၁ ဘီလီယံ ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Neighbouring Countries Economic Development Cooperation Agency - NEDA ထံမှ ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံ ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခေါ်) ဒေါက်တာအားကာမိုး၊ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခေါ်) ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဇော်ဟိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းတို့က အကြံပြုထောက်ခံ ဆွေးနွေးကြသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း**က ထိုင်းနိုင်ငံမှ ငွေချေးယူပြီး ဆောင်ရွက်မည့် ယခုစီမံကိန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်ပါက သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများ ထိခိုက်မှုမရှိအောင် ဆောင်ရွက်သင့်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အချက်အလက်များနှင့် အကြောင်းအရာများကို ပြည့်စုံအောင် အမြန်ဖြည့်စွက်ပြင်ဆင်ပြီးမှသာ ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ပြည်ထောင်စုလွှတ်တော် (၁၉)ရက်မြောက်နေ့ အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ ကို မတ် ၂၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး(သတင်းစဉ်)**

## ကျေးရွာမီးလင်းရေးဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၂ ရက် နံနက် ၁၀ နာရီက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းသန့်နှင့်မြို့နယ်ဦးစီးမှူး ဒေါ်အေးသူဇာလှတို့က အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ရက်အတွင်း ပြီးစီးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဌေးနှင့်အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပေးခဲ့ပြီး ခရိုင်ဦးစီးအရာရှိ ဦးမျိုးမင်းသန့်က လုပ်ငန်းများလုပ်ဆောင်ရာတွင် အခက်အခဲများဖြစ်ပေါ်လာပါက အမြန်ဆုံးတင်ပြဆွေးနွေးပေးကြရန်နှင့် လိုအပ်သည့်ကဏ္ဍများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲ(ဒုတိယနေ့)ကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် ဖြေဆိုကြရာ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၇၈၅၁ ပါးအနက် ၁၄၇၂၄ ပါး ဖြေဆိုကြသဖြင့် ၈၂ ဒသမ ၄၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ ဖြေဆို

**ရန်ကုန် မတ် ၂၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၁၃၇၉ ခုနှစ်၊ (၂၀၁၈) ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲပါဠိကကဏ္ဍပါဠိအဋ္ဌကထာ ဘာသာရပ်ကျမ်းရင်း အတွဲ(၂)ကို ဒုတိယနေ့ မတ် ၂၂ ရက်နေ့ မွန်းတည့် ၁၂ နာရီမှညနေ ၄ နာရီအထိ ရဟန်း၊ သံဃာ ၁၇၉ ပါး၊ သီလရှင်ဆရာလေး အပါး ၂၀ စုစုပေါင်း ၁၉၉ ပါးတို့သည် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန် စာဖြေဌာနဖြစ်သည့် လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)ဝတ္တက မြေအတွင်းရှိ သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး၌ ဖြေဆိုတော်မူကြရာ ဖြေဆိုမှုရာခိုင်နှုန်း ၆၈ ဒသမ ၁၅ ဖြစ်ကြောင်း မြောက်ပိုင်းခရိုင် သာသနာရေးမှူး ဦးအောင်ခိုင်ဝင်းထံမှ သိရသည်။

ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ဖြေဆိုရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် တပ်ရင်း တပ်ဖွဲ့စစ်သည်များက မြို့နယ်သံဃနာယကဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စာဖြေရဟန်းသံဃာ၊ သီလရှင် ဆရာလေးများအား အအေးဘူးများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

## (၇၃)နှစ်မြောက် တပ်မတော်နေ့အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၂**

(၇၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်(ငြိမ်း)က ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ "သားနှင့်အတူ မိုင်ပေါင်းကုဋေ"စာအုပ် ၁၀၀၀ အုပ်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မိတ်ဖက်ကုမ္ပဏီ ၁၅၃ ခု၊ International Gateways Co,Ltd၊ မြဝတီဘဏ်လီမိတက်၊ နန်းသဇင်ထရေးဒင်းလီမိတက်၊ Victory Myanmar Group Co,Ltd၊ Trident Marine Co,Ltd၊ Miya Win International Co,Ltd၊ Max Myanmar Co,Ltd၊ Chan Hein Co,Ltd၊ လိုတိုင်းရ တောင်းတိုင်းရ ကုမ္ပဏီလီမိတက်၊ IBTC Co,Ltd၊ ခေတ်သစ်ဦး ကုမ္ပဏီလီမိတက်၊ Authentic Co,Ltd၊ မြင့်တက်ကုမ္ပဏီလီမိတက်၊ Sky One Co,Ltd၊ နေထွန်း ကုမ္ပဏီလီမိတက်၊ ဒဂုံဝင်းဝင်း ကုမ္ပဏီလီမိတက်၊ King Royal Technologies Co,Ltd၊ Star Sapphire Trading Co,Ltd၊ Giga Trading Co,Ltd၊ နောင်တုံ ကုမ္ပဏီ၊ အောင်ချမ်းသာကုမ္ပဏီ၊ အရဏ်ဦးကုမ္ပဏီ၊ ခန့်ရွှေပြည် ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်နှင့် စာရေးဆရာမ တင်ရီမ(ညောင်ဦး)တို့ ပါဝင်သော စုစုပေါင်းကုမ္ပဏီ ၃၉၀ နှင့် အလှူရှင်များက ဂုဏ်ပြု အလှူငွေ စုစုပေါင်းငွေကျပ် ၇၃၆၇ သိန်းကျော်ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ

**နေပြည်တော် မတ် ၂၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၆ ဒသမ ၀၂၃ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄၇ ဒသမ ၆၁၆ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဇန်နဝါရီလ | | ဖေဖော်ဝါရီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$(သန်း) |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၄၃. ၀၀၀* | - | ၄၈. ၁၀၀* |
| ၂။ | စက်မှုကဏ္ဍ | ၈ | ၂၃. ၇၁၅ | ၁၀ | ၉၁. ၆၇၇ |
| ၃။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | ၂ | ၄၂. ၇၈၈ |
| ၄။ | အိမ်ရာအဆောက်အအုံကဏ္ဍ | ၁ | ၇၂. ၀၀၀ | - | - |
| ၅။ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | - | ၁ | ၂. ၂၇၀ |
| ၆။ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | - | ၂ | ၁. ၈၄၉ |
| ၇။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၃၅. ၁၀၀ | ၄ | ၁၆၀. ၉၄၂ |
| ၈။ | လယ်ယာကဏ္ဍ | ၁ | ၂. ၂၀၈ | - | - |
| | စုစုပေါင်း | ၁၂ | ၁၇၆. ၀၂၃ | ၁၉ | ၃၄၇. ၆၁၆ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၉၂၉၇ ဒသမ ၂၇၀ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးငွေကျပ် ၃၄၁၇၄၇ ဒသမ ၅၇၁ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဇန်နဝါရီလ | | ဖေဖော်ဝါရီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) |
| ၁။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | - | ၁ | ၇၄၈၉၂. ၀၆၁ |
| ၂။ | အိမ်ရာအဆောက်အအုံတည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၅၅၀၀. ၀၀၀ | - | - |
| ၃။ | စက်မှုကဏ္ဍ | ၂ | ၁၄၇၀. ၁၁၆ | ၃ | ၁၈၉၁၅. ၂၁၀ |
| ၄။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၂ | ၇၅၈၀၀. ၀၀၀ | ၃ | ၁၃၂၇၃၀. ၆၀၀ |
| ၅။ | ဆောက်လုပ်ရေးကဏ္ဍ | - | ၂၇၀၇. ၄၉၃* | - | ၆၆၆၁၉. ၅၃၀* |
| ၆။ | သတ္တုတူးဖော်ရေးကဏ္ဍ | - | - | ၁ | ၅၈၃၆. ၁၇၀* |
| ၇။ | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၂ | ၁၀၀. ၀၀၀ | - | - |
| ၈။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၅ | ၄၃၇၁၉. ၆၆၁ | ၃ | ၄၂၇၅၄. ၀၀၀ |
| | စုစုပေါင်း | ၁၂ | ၁၂၉၂၉၇. ၂၇၀ | ၁၁ | ၃၄၁၇၄၇. ၅၇၁ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဇန်နဝါရီလ | ဖေဖော်ဝါရီလ |
| ၁။ | လယ်ယာကဏ္ဍ | ၂၃ | - |
| ၂။ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၂၆ |
| ၃။ | စက်မှုကဏ္ဍ | ၄၀၈၄ | ၄၂၉၄ |
| ၄။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၈၀ |
| ၅။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | ၃၂ |
| ၆။ | အိမ်ရာအဆောက်အအုံတည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ | ၅၃၀ | - |
| ၇။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁၂၄ | ၄၆၃ |
| | စုစုပေါင်း | ၄၇၆၁ | ၄၈၉၅ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများတိုးချဲ့ ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဇန်နဝါရီလအတွင်း | ဖေဖော်ဝါရီလအတွင်း |
| ၁။ | သတ္တုတူးဖော်ရေးကဏ္ဍ | - | ၈၅ |
| ၂။ | စက်မှုကဏ္ဍ | ၃၃၁ | ၁၉၂ |
| ၃။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၄၈၈ | ၃၉၃ |
| ၄။ | အိမ်ရာနှင့်အဆောက်အအုံတည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ | ၂၇၉ | - |
| ၅။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၁၃၆ |
| ၆။ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၆၃ | - |
| ၇။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁၀၃၃ | ၂၅၉ |
| | စုစုပေါင်း | ၂၁၉၄ | ၁၀၆၅ |

## MFF Open Cup ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် မတ် ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ GKTY အသင်း၊ RDZ အသင်း၊ Bo 1000 အသင်း၊ Caldina club Myanmar အသင်းနှင့် Comrade အသင်းတို့ နိုင်ပွဲများရယူနိုင်ခဲ့သည်။

ယနေ့ကျင်းပသည့်ပွဲများတွင် GKTY အသင်းက Family United အသင်းကို ၁၄ ဂိုး-လေးဂိုး၊ RDZ အသင်းက UPT အသင်းကို ငါးဂိုး-လေးဂိုး၊ Bo 1000 အသင်းက MIC Lengend အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Caldina club Myanmar အသင်းက Powerful အသင်းကို ၁၀ ဂိုး-သုံးဂိုး၊ Comrade အသင်းက UM အသင်းကို ကိုးဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။ ယနေ့ကျင်းပသည့်ပွဲများအတွက် ပွဲစဉ်အလိုက်အကောင်းဆုံးဆုများကို လင်းမျိုးအောင် (GKTY)၊ အောင်မျိုးထွန်း (RDZ)၊ ဟန်ဝင်းအောင်(Bo 1000)၊ ချစ်ကိုလွင် (Caldina club Myanmar)နှင့် ဖုန်းည(Comrade) တို့က ရရှိခဲ့သည်။ **ရဲရင့်ရှိန်း**

# တောင်ကြီးမြို့ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်တွင် တိုင်းရင်းသားလူမျိုးစုများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

တောင်ကြီး မတ် ၂၂

*ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို မတ် ၂၁ ရက် နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာ ကုန်းသာယာ မီးပုံးပျံကွင်း၌ စတင်ကျင်းပရာ တိုင်းရင်းသားလူမျိုးစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲမှုများနှင့် ရင်တွင်းပီတိစကားသံများကို ယခုလို ကြားသိရပါသည်။*



မမွန်းပန်ဇင်



ခွန်ခွန်မိုင်



အက်စတာဝေ



မရန်ချီဟိုင်း



ဒေါ်စွဲစုသာ

**မမွန်းပန်ဇင် (လားဟူတိုင်းရင်းသူ)**
**ကျိုင်းတုံမြို့**

အခုလို တိုင်းရင်းသားလူမျိုးစုတွေရဲ့ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နဲ့ ဈေးရောင်းပွဲတော်မှာ လာရောက်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ရတာလည်း အလွန်ပျော်ပါတယ်။ ဒီအစီအစဉ်ကို ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုလိုမျိုး ရှမ်းပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံရဲ့ မတူကွဲပြားတဲ့ ရိုးရာဝတ်စုံလေးတွေနဲ့အတူ တွေ့မြင်ရတဲ့အတွက်ကြောင့် ပျော်ရွှင်ရပါတယ်။ နောင်နှစ်များမှာ ထပ်ပြီး ကျင်းပပေးဖို့ မျှော်လင့်ပါတယ်။

**ခွန်ခွန်မိုင်(ကချင်တိုင်းရင်းသူ)**
**ကွတ်ခိုင်မြို့**

ကျွန်မက ကချင်တိုင်းရင်းသားလူမျိုးစုရဲ့ စာပေယဉ်ကျေးမှုအဖွဲ့ကိုယ်စား လာရောက်တာပါ။ ဈေးရောင်းပွဲတော်နဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ဝတ်စုံတွေ၊ ရိုးရာဓလေ့ထုံးစံတွေ အစုံပြသပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ကျွန်မတို့လို ဒီကိုမရောက်လာနိုင်တဲ့ တိုင်းရင်းသားတွေကိုလည်း ကျွန်မတို့ ဒီမှာမြင်တွေ့ခဲ့ရတာတွေကို ပြောပြပြီးတော့ ဒီယဉ်ကျေးမှု စာပေတွေဟာ ဘယ်လောက်ထိ အကျိုးသက်ရောက်တယ်၊ ဘယ်လိုကြိုးစားရမယ်ဆိုတာ သိသလောက်၊ တတ်သလောက် သွားပြီးပြောပြပေးမယ်။ ဘယ်လောက်အထိ စည်ကားသိုက်မြိုက်အောင် လုပ်ပေးတယ်၊ ပြုစုပျိုးထောင်ပေးနေတယ် ဆိုတာကို ဝမ်းမြောက်ဝမ်းသာ ပြန်ပြောပြပါမယ်။

**အက်စတာဝေ (“ဝ”တိုင်းရင်းသူ)**
**ကျိုင်းတုံမြို့**

ကျွန်မက ကျိုင်းတုံက “ဝ” တိုင်းရင်းသားတွေကိုယ်စား လာရောက်တာဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့ လူအင်အား ၂၀ လာပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေရဲ့ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နဲ့ ဈေးရောင်းပွဲတော်ကို ဒီနှစ် ပထမဆုံး ကြုံတွေ့ရတာဖြစ်ပါတယ်။ အတော်လည်းပျော်ပါတယ်၊ ဝမ်းလည်းသာပါတယ်။ မလာရောက်နိုင်သေးတဲ့ ညီအစ်ကိုမောင်နှမတွေ၊ တိုင်းရင်းသားတွေကို သူတို့ကို နောက်နှစ်လုပ်ရင်လည်း ပါဝင်စေချင်ပါတယ်။ ပွဲတော် ဖြစ်မြောက်အောင်မြင်အောင် လုပ်ပေးသွားတဲ့၊ စီစဉ်ပေးသွားတဲ့ ဌာနပေါင်းစုံကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်၊ နောင်နှစ်များစွာလည်း ဒီထက်မက ပြီးမြောက်အောင်မြင်အောင် ကျင်းပနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**မရန်ချီဟိုင်း**
**(မြောင်ဇီးလူမျိုး)**

အခုလို တိုင်းရင်းသားလူမျိုးစုတွေရဲ့ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နဲ့ ဈေးရောင်းပွဲတော်ကို လာရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အခြားလူမျိုးစုတွေနဲ့ တွေ့ဆုံတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။

**ဒေါ်စွဲစုသာ(ရှမ်းတိုင်းရင်းသူ)**
**ခန္တီးလုံဒေသ၊ ပူတာအိုမြို့နယ်**

ကျွန်မကတော့ ခန္တီးလူမျိုးများကိုယ်စား တက်ရောက်လာခြင်း ဖြစ်ပါတယ်။ တောင်ကြီးမြို့မှာကျင်းပတဲ့ ရှမ်းမိသားစုတွေရဲ့ ဈေးရောင်းပွဲတော်ကို တက်ရောက်လာရတဲ့အတွက် အင်မတန်မှ ကျေးဇူးတင်မိပါတယ်။ နောင်နှစ်တွေမှာလည်း ဒီလိုပွဲတော်မျိုး ကျင်းပနိုင်ပါစေလို့ ဆုတောင်းမိပါတယ်။

**ဝေယံလင်း(ပြန်/ဆက်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်အတွက် စာမူများဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင် အတွဲ (၁)၊ အမှတ် (၁)ကို အောက်ပါမူဝါဒ(၃)ရပ်နှင့်အညီ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ထုတ်ဝေခဲ့ပါသည်-

(က) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ပြည်ထောင်စုငြိမ်းချမ်းရေးကို အထောက်အကူဖြစ်စေရန်၊

(ခ) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ဂ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအောင်မြင်ရေး အထောက်အကူဖြစ်စေရန်။

၂။ စာစောင်ကို သုံးလတစ်ကြိမ် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ရာ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်အတွက် ဆောင်းပါး၊ ကဗျာ၊ သတင်းမှတ်စု၊ အင်တာဗျူးများ ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်တွင် ဖော်ပြမည့်စာမူများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတွင် အထောက်အပံ့တစ်ခုဖြစ်စေရန် ရည်ရွယ်၍ မူဝါဒ(၃)ရပ်နှင့်အညီ ရွေးချယ်ဖော်ပြသွားမည်ဖြစ်ပြီး စာရေးသူကိုယ်တိုင် ရေးသားထားခြင်းဖြစ်ကြောင်း ဖော်ပြချက်ပူးတွဲပေးပို့ရန် ဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်တွင် ရွေးချယ်ဖော်ပြခြင်းခံရသောစာမူများအတွက် သင့်တော်သည့်စာမူခများကို ချီးမြှင့်ပေးသွားမည် ဖြစ်ပါသည်။

၄။ စာမူများကို လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာစီဖြင့်ဖြစ်စေ ရေးသားနိုင်ပြီး email- statepeacejournal@gmail.com သို့ လည်းကောင်း၊ အောက်ပါလိပ်စာများသို့လည်းကောင်း ပေးပို့နိုင်ပါသည်-

(က) ဦးကျော်လွင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရုံးအမှတ်(၂၀)၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၉-၂၅၀၀၈၉၃၇၃၊ ဖက်စ်-၀၆၇၃၄၀၉၂၉၂

(ခ) ဦးသက်ဆွေ
အထွေထွေမန်နေဂျာ
ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၉-၉၇၅၀၈၇၂၃၇၊ ဖက်စ်-၀၆၇၃၄၁၂၅၇၅

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

## မြစိမ်းရောင်ရန်ပုံငွေ ထုတ်ချေး

**ဖျာပုံ မတ် ၂၂**

တစ်ပိုင်တစ်နိုင်လုပ်ငန်းများအတွက် ငွေအရင်းအနှီး လိုအပ်သည့် ကျေးလက်နေပြည်သူများအား စတုတ္ထအကြိမ် မြစိမ်းရောင်ရန်ပုံငွေထုတ်ချေးပွဲ အခမ်းအနားကို မတ် ၂၀ ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ် ကံစုကျေးရွာ၌ ကျင်းပရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသီဟသိန်းအုပ်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ချေးငွေထုတ်ချေးပေးသည်။

“မြစိမ်းရောင်ရန်ပုံငွေနဲ့ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလေးတွေလုပ်ကိုင်ရင်း တိုးတက်လာခဲ့တာပါ၊ ပုံမှန်ချေးယူပြီး ပုံမှန်ပြန်ဆပ်လာခဲ့တာ အခုဆိုရင် စတုတ္ထအကြိမ်တောင် ရောက်ရှိလာခဲ့ပါပြီ၊ ဆက်လက်ပြီးတော့လည်း ဒီငွေနဲ့ တိုးတက်အောင် ကြိုးစားသွားမှာပါ” ဟု ကံစုကျေးရွာမှ မြစိမ်းရောင်အသင်းသားတစ်ဦးက ပြောသည်။

ဖျာပုံမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်သည်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထိ မြစိမ်းရောင်ကျေးရွာ ၄၂ ရွာ (၃၈ ယူနစ်)အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများအတွက် အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**သပြေထွန်း**

## အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

၂။ ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် မနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၇။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်ရှိ ကျေးရွာ ၂၁၉ ရွာ၌ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်မည်

**စစ်တွေ မတ် ၂၂**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၂၁၉ ရွာတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထဲမှာ ရခိုင်ပြည်နယ်အတွင်းက မြို့နယ် ၁၆ မြို့နယ်မှာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ဆောင်ရွက်သွားပါမယ်၊ အဲဒီ ၁၆ မြို့နယ်ထဲက ကျေးရွာ ၂၁၉ ရွာမှာ ဆိုလာမီး စုစုပေါင်း ၁၁၃၃၃ ယူနစ် တပ်ဆင်သွားမှာဖြစ်ပါတယ်၊ NEP ရဲ့ ရည်ရွယ်ချက်ကတော့ လျှပ်စစ်ဓာတ်အားလိုင်းနဲ့ ဝေးကွာတဲ့ ကျေးရွာတွေ၊ လျှပ်စစ်မီး ၁၁ ကေဗွီ ဓာတ်အားလိုင်းရှိတဲ့ နေရာကနေပြီးတော့ ၁၀ မိုင်အထက်ဝေးတဲ့ ကျေးရွာတွေနဲ့ လျှပ်စစ်ဌာနရဲ့ ၁၀ နှစ်အတွင်း မဆောင်ရွက်နိုင်တဲ့ ကျေးရွာတွေ မီးလင်းအောင် ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်က ပြောသည်။

ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်း၊ သံတွဲ၊ တောင်ကုတ်၊ ဂွ စသည့်မြို့နယ်များရှိ ကျေးရွာ ၂၁၉ ရွာတွင် ဆိုလာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၁၁၃၃၃ စု ဆိုလာမီးရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (National Electrification Plan-NEP)ကို ၂၀၁၆-၂၀၁၇ မှာ စတင်ဆောင်ရွက်ပါတယ်၊ ကမ္ဘာ့ဘဏ်ရဲ့အထောက်အပံ့၊ နိုင်ငံတော်ထည့်ဝင်ငွေ၊ ပြည်သူလူထုထည့်ဝင်ငွေတွေနဲ့ ဆောင်ရွက်ပါတယ်၊ ပြည်သူက ၁၀ ရာခိုင်နှုန်း၊ နိုင်ငံတော်က ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ဘဏ်က ၆၀ ရာခိုင်နှုန်း အချိုးအစားအတိုင်း ထည့်ဝင်ပြီး ကျေးရွာတွေမှာ Solar Home System တပ်ဆင်ပါတယ်၊ ၃၀ W၊ 45 W၊ 60W သုံးမျိုးခွဲပြီးတော့ ဆောင်ရွက်ပါတယ်၊ ဒါက လူထုထည့်ဝင်ငွေ ၁၀ ရာခိုင်နှုန်း ပါဝင်ပြီးတော့မှ ဆောင်ရွက်တာ ဖြစ်ပါတယ်၊ အဲဒီအပြင် Public Facility ဆိုပြီး လမ်းမီးတွေ၊ စာသင်ကျောင်းတွေ၊ စာကြည့်တိုက်တွေ၊ ဆေးပေးခန်းတွေ၊ ဘုန်းကြီးကျောင်းတွေ၊ သာသနာရေးဆိုင်ရာ အဆောက်အအုံတွေ၊ အများပြည်သူနဲ့ပတ်သက်တဲ့ နေရာတွေအတွက်ကိုတော့ နိုင်ငံတော်ကနေ တပ်ဆင်ပေးသွားတာဖြစ်ပါတယ်"ဟု ဦးနေထက်ရှိန်က ပြောသည်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၅၄၉ ရွာမှ အိမ်ထောင်စု ၃၁၃၆၃ စု ဆိုလာမီးရရှိရန် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် အများပြည်သူနှင့် ပတ်သက်သည့် နေရာများတွင်လည်း ဆိုလာမီး ၄၀၉၁ ယူနစ်တပ်ဆင်ပေးခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၆၈ ရွာမှ အိမ်ထောင်စု ၄၄၉၂ စုနှင့် အများသုံး ၁၆၆ ခုကို Solar Home System 60 W နှင့် 100 W များ မကြာခင်ကာလအတွင်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်၊ ဟန်လင်းနိုင်**



# ရေပူနှင့်မရမ်းချောင် စစ်ဆေးရေးစခန်းများ၌ တရားမဝင် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၂**

တရားမဝင် တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးလျက်ရှိရာ မတ် ၂၁ ရက်က လိုင်စင်မဲ့ယာဉ်များအား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မတ် ၂၁ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ယာဉ်များကို စစ်ဆေးမှုများ ဆောင်ရွက်စဉ် သစ်ဆိပ်ပင်ကျေးရွာ ရှောင်ကွင်းလမ်း၊ သိမ်ဇရပ်နယ်မြေ စစ်တောင်းစက္ကူစက်အနီး ကျိုက်ထီးရိုးလေး-ဝင်းကံ-သိမ်ဇရပ် ရှောင်ကွင်းလမ်းနှင့် ရွှေဖြူရော်ဘာခြံ ရှောင်ကွင်းလမ်းတို့သို့ ရှောင်တခင်သွားရောက်စစ်ဆေးရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ DAIHATSU HIJET PICK UP ယာဉ် သုံးစီး၊ DAIHATSU STATION WAGON ယာဉ် တစ်စီး၊ Toyota Wish Station Wagon ယာဉ် တစ်စီး၊ Toyota FUN Cargo Station Wagon ယာဉ် တစ်စီး၊ Toyota Voxy ယာဉ် တစ်စီး၊ Honda Fit ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက်က ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၁၁၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၅၄၂ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃ ဒသမ ၆၅၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

မတ် ၂၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၃၅ စီး၊ သွင်းကုန် ၉၇၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။ **ဝဝ၁**

**❋ ရန်ကုန်ဝါးတားဘတ်စ်မှ**

ဒုတိယမြောက် ရက်သတ္တပတ်အဖြစ် ဆက်လက်ပြေးဆွဲပေးသွားမည်ဟု သိရသည်။

"ပထမအပတ် စတင်ပြေးဆွဲတုန်းက ခရီးသည်အပြည့်လိုက်ပါ အားပေးပါတယ်၊ ၂၀၀ ကျော်ပါတယ်၊ အခုတစ်ပတ်မှာတော့ ဝန်ဆောင်မှုကို ပိုပြီး ကောင်းကောင်းလေး ပေးချင်တဲ့အတွက် ခရီးသည် ၁၉၀ ပဲ လက်ခံဆောင်ရွက်ပေးပါမယ်၊ ခုံနံပါတ်နဲ့တကွ ထိုင်စီးရမှာဖြစ်ပြီး စားစရာတွေကိုလည်း ပိုမိုရောင်းချပေးပါမယ်၊ အသက်ကယ်အင်္ကျီတွေလည်း သေသေချာချာ အလုံအလောက်ထားပေးပါတယ်"ဟု ရန်ကုန်ဝါးတားဘတ်စ် ဝန်ဆောင်မှုများ ဆောင်ရွက်နေသည့် တင့်တင့်မြန်မာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုတစ်ပတ်ခရီးစဉ်တွင် စတင်ထွက်ခွာချိန်မှာ နံနက် ၇ နာရီ မိနစ် ၅၀ ဖြစ်ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ရောက်ချိန်မှာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀ ဖြစ်ပြီး ထမင်းဘူး၊ ရေနှင့် ကော်ဖီတို့ ဝန်ဆောင်မှုတွင် ပါဝင်မည်ဖြစ်သည်။ အဆိုပါ ခရီးစဉ်အတွက် မတ် ၂၂ ရက်မှစတင်ကာ ကြိုတင်လက်မှတ်များကို ဗိုလ်တထောင်ဆိပ်ကမ်းတွင်လည်းကောင်း၊ အင်းစိန်ဆိပ်ကမ်းတွင်လည်းကောင်း ရောင်းချပေးလျက်ရှိပြီး ခရီးစဉ်မထွက်ခွာမီ နာရီဝက်အလိုအထိ လာရောက်ဝယ်ယူနိုင်ကြောင်း သိရသည်။ ဆက်လက်၍ တနင်္ဂနွေနေ့တွင်လည်း ဆက်လက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေး Yangon Water Bus ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၇ ရက်မှစတင်ကာ ရန်ကုန်မြို့တွင်း ဗိုလ်တထောင်ဆိပ်ကမ်းမှ အင်းစိန် (အောင်ဇေယျတံတားအောက်) ခရီးစဉ်ကို စတင်ပြေးဆွဲပေးခြင်းဖြစ်ပြီး ဗိုလ်တထောင်ဆိပ်ကမ်းမှ နန်းသီတာဆိပ်ကမ်း၊ လမ်းသစ်(လမ်းမတော်)ဆိပ်ကမ်း၊ ကြည့်မြင်တိုင်ဆိပ်ကမ်း၊ လှိုင်ဆိပ်ကမ်း၊ အင်းစိန်ဆိပ်ကမ်းတို့ကို ဆိုက်ကပ်ပေးလျက်ရှိသည်။ ယခု ကျောက်တန်း ရေလယ်ဘုရားဖူး အထူးခရီးစဉ်ကို ပြေးဆွဲပေးခြင်းဖြစ်ပြီး မကြာမီ ဒဂုံမြို့သစ်မြောက်ပိုင်းနှင့် သန်လျင်စတားစီးတီးအိမ်ရာသို့ ခရီးစဉ်များကို ပြေးဆွဲနိုင်ရန် အကြိုလေ့လာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆုနှင်းလှဲ့**



**ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် ပြည်သူ့ဥယျာဉ် ဓမ္မစေတီလမ်းဝင်၊ ထွက်ပေါက်အနီးတွင် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဒဂုံမြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်နီချစ်နှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု (၄၃)မှ ရဲတပ်ကြပ်ကြီးထွန်းဝင်း၊ အမှတ်(၆)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲတပ်ကြပ်ကြီး ဇော်မင်းလွင်တို့က လာရောက်ကြည့်ရှုသည့် ပြည်သူများအား ရှင်းလင်းပြသစဉ်။** ကြေးမုံ







## ဘင်္ဂလားပင်လယ်အော် အခြေအနေ

၂၂-၃-၂၀၁၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

## မြန်မာ့ရုပ်မြင်သံကြား

Entertainment Channel

**၂၃-၃-၂၀၁၈ (သောကြာနေ့)**

၀၅း၀၀ အဖွင့်
သာယာငြိမ့်အေးမင်္ဂလာတေး
၀၅း၁၅ ပြည်သူ့နီတိ "ဒူလာချစ်ဖေ"
၀၅း၃၅ ဆန်းသစ်လှပ မြန်မာ့အက
၀၅း၅၀ A Journey to the First Global Challenge
၀၆း၁၀ Sightseeing in Yangon: Inya Lake
၀၆း၂၀ Tapestry - A Unique Combination Of Painting and Craftsmanship
၀၆း၄၀ Serene and Fun Festivities of Yaw
၀၆း၅၀ သာယာငြိမ့်အေးမင်္ဂလာတေး
၀၇း၀၅ Surprise Meals
၀၇း၃၀ Hive Hunter
၀၇း၅၀ "နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ"
၀၈း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ဆုံစည်းခဲ့လေသူ"
(အပိုင်း-၁၀၁)
၀၈း၃၅ MRTV Entertainment Music
၀၉း၀၀ "နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"တန်ခိုးထွန်းလင်းစနေဂြိုဟ်မင်း"
(အပိုင်း-၁၈၄)
၀၉း၃၅ နိုင်ငံခြားရုပ်ရှင် "Tanu Weds Manu"
၁၁း၂၀ ဆန်းသစ်လှပ မြန်မာ့အက
၁၁း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်မှာအပြစ်မရှိပါ"
၁၃း၁၅ Running Man (Ep-317)
၁၄း၀၀ "နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ဆုံစည်းခဲ့လေသူ"
(အပိုင်း-၁၀၁)
၁၄း၃၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"တန်ခိုးထွန်းလင်းစနေဂြိုဟ်မင်း"
(အပိုင်း-၁၈၄)
၁၅း၀၀ ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲတိုက်ရိုက်ထုတ်လွှင့်မှုအခမ်းအနား
၂၂း၀၀ Game Show "10 to Million Myanmar" (Epi-103)
၂၂း၅၀ Running Man (Ep-317)
၂၃း၃၀ A Journey to the First Global Challenge
၂၃း၅၀ Sightseeing in Yangon: Inya Lake

**၂၄-၃-၂၀၁၈ (စနေနေ့)**

၀၀း၀၀ Tapestry - A Unique Combination Of Painting and Craftsmanship
၀၀း၁၅ Serene and Fun Festivities of Yaw
၀၀း၃၀ နိုင်ငံခြားရုပ်ရှင် "Tanu Weds Manu"
၀၂း၁၀ ပြည်သူ့နီတိ "ဒူလာချစ်ဖေ"
၀၂း၃၀ မြန်မာရုပ်ရှင် "ချစ်တယ်ပြောမှ လွှတ်မယ်"
၀၅း၀၀ အစီအစဉ်ပြီး၏။

# အင်တာမီလန်တိုက်စစ်မှူး အိုင်ကာဒီအား ခေါ်ယူရန် ချယ်လ်ဆီး ပစ်မှတ်ထားနေ




ချယ်လ်ဆီးအသင်းသည် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းတိုက်စစ်မှူး အိုင်ကာဒီအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးအိုင်ကာဒီသည် ယခုနှစ်ဘောလုံးရာသီတွင် အင်တာမီလန်အသင်းအတွက် ပွဲပေါင်း ၂၆ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၂၂ ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းအပါအဝင် ဥရောပ၏ ထိပ်တန်းကလပ်အသင်းအတော်များများက ခေါ်ယူရန်ပစ်မှတ်ထားခံထားရသူဖြစ်သည်။

အဆိုပါအသင်းများထဲတွင် ချယ်လ်ဆီးအသင်းသည်လည်း တစ်သင်းအပါအဝင်ဖြစ်ပြီး အာဂျင်တီးနားတိုက်စစ်မှူး အိုင်ကာဒီအား ပြောင်းရွှေ့ကြေးပေါင် ၅၅ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ကွင်းလယ်ကစားသမား မိုရက်တာအား ပြောင်းရွှေ့ကြေးပေါင် သန်း ၆၀ ပေး၍ခေါ်ယူခဲ့ပြီး လက်ရှိတွင်လည်း အသင်း၏ တိုက်စစ်ပိုင်းကို အားဖြည့်ရန် အိုင်ကာဒီကို စိတ်ဝင်စားနေခြင်းဖြစ်သည်။

# ဘောလုံးလောက သတင်းတိုများ

ငွေကြယ် - ရေးသားသည်

- ❖ မန်ယူအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ပြင်သစ်နောက်တန်းကစားသမား ဗာရာနီအား နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် စီစဉ်လျက်ရှိပြီး ရီးယဲလ်မက်ဒရစ်အသင်းကမူ ပေါင်သန်း ၅၀ သတ်မှတ်ထားကြောင်းသိရသည်။
- ❖ **လီဗာပူးကွင်းလယ်ကစားသမား အမ်ရီကန်သည် လာမည့်ဘောလုံးရာသီတွင် အသင်းကြီးတစ်သင်း၌ ကစားရန်ဆန္ဒရှိနေကြောင်း ပြောကြားခဲ့ပြီး လီဗာပူးအသင်းနှင့် ချုပ်ဆိုထားသည့်စာချုပ်သက်တမ်းသည်လည်း ယခုဘောလုံးရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။**
- ❖ အာဆင်နယ်အသင်းသည် ပေါ်တူဂီကလပ်ဘင်ဖီကာအသင်းမှ နောက်တန်းကစားသမား ရူဘင်ဒိုင်ယက်စ်အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး အနည်းဆုံး ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းပေး၍ ခေါ်ယူရန်လည်း မျှော်လင့်ထားကြောင်း သိရသည်။
- ❖ **ရီးယဲလ်မက်ဒရစ်အသင်းသည် တရုတ်စူပါလိဂ်ကလပ်အသင်းတစ်သင်းက တောင်ပံကစားသမား ဂါရတ်ဘေးလ်အား ပေါင် ၁၁၃ သန်းဖြင့် ကမ်းလှမ်းထားခြင်းကို ခံထားရကြောင်းနှင့် ဂါရတ်ဘေးလ်အနေဖြင့်လည်း ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သိရသည်။**
- ❖ အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဂျူဗင်တပ်အသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာအား ခေါ်ယူရန် လက်ရှိကလပ်အသင်း၏ အပြောင်းအရွှေ့ထက် နှစ်ဆဖြစ်သည့် ပေါင် ၁၀၅ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



# ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆိုးရွားသည့်ဆံပင်ပုံစံညှပ်ခဲ့သည့် အကြောင်းအရင်းကို ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုနယ်လ်ဒို ပြောကြား

ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုနယ်လ်ဒိုသည် ၂၀၀၂ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရှစ်ဂိုးသွင်းယူပြီး ဂိုးသွင်းဘုရင်ဆု ရယူနိုင်ခဲ့သူဖြစ်သော်လည်း အဆိုပါပြိုင်ပွဲအတွင်း သူ၏ ဆိုးရွားသည့် ဆံပင်ပုံစံမှာ ယခုထိ ပြောစရာဖြစ်နေဆဲဖြစ်သည်။ ရိုနယ်လ်ဒိုက သူ့အနေဖြင့် ယင်းဆံပင်ပုံစံအတွက် ဂုဏ်ယူစိတ်မဖြစ်မိသော်လည်း" ကျွန်တော် ခြေထောက်ဒဏ်ရာ ရရှိခဲ့ပြီး ဒီအကြောင်းကိုပဲ လူတိုင်းက ပြောနေကြတော့တာပါပဲ၊ ကျွန်တော်က ဆံပင်ကို နည်းနည်းလေးချန်ထားတဲ့ ပုံစံအသစ် ညှပ်ခဲ့ပါတယ်၊ ကျွန်တော်လေ့ကျင့်ရေးကွင်းကို လာတော့ လူတိုင်းက ဒီကြည့်မကောင်းတဲ့ ဆံပင်ပုံစံကိုပဲ မြင်သွားပါတယ်၊ ဒီတော့ လူတွေက ဒီဆံပင်အကြောင်းပဲပြောနေပြီး ဒဏ်ရာကို မေ့သွားပါတယ်၊ ကျွန်တော် စိတ်ပိုင်းဆိုင်ရာ သက်သောင့်သက်သာရှိခြင်းနဲ့အတူ ပေါ့ပေါ့ပါးပါးရှိလာပြီး လေ့ကျင့်ရေးကောင်းကောင်း လုပ်နိုင်ခဲ့ပါတယ်"ဟု ဖွင့်ဟသွားခဲ့သည်။

ရိုနယ်လ်ဒိုက ကမ္ဘာ့ဖလားမတိုင်မီ ခြေထောက်ဒဏ်ရာ ရရှိခဲ့သော်လည်း ဆံပင်ပုံစံအသစ်ကြောင့် မီဒီယာများနှင့် အသင်းဖော်များက သူ၏ ဒဏ်ရာအပေါ် အာရုံစိုက်မှုလျော့နည်းသွားခြင်းကြောင့် သူကိုယ်တိုင်လည်း လေ့ကျင့်ရေးကွင်းတွင် သက်သောင့်သက်သာဖြစ်ခဲ့ကြောင်း ဆိုခဲ့သည်။ ရိုနယ်လ်ဒိုသည် ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ် နှစ်သင်းစလုံးတွင် ကစားခဲ့ဖူးသည့် ထိပ်တန်းတိုက်စစ်မှူးဖြစ်ပြီး ဘလွန်းဒီအောဆု နှစ်ကြိမ်ရယူနိုင်ခဲ့သည့် ကစားသမားဖြစ်သည်။

# လာလီဂါဂိုးသွင်းဘုရင်ဆုကို သူသာ ရရှိလိမ့်မည်ဟု ရီးယဲလ်အသင်းဖော်များကို စီရိုနယ်လ်ဒို ပြောကြား

စီရိုနယ်လ်ဒိုက လာလီဂါဂိုးသွင်းဘုရင်ဆုကို မဟာပြိုင်ဘက် မက်ဆီကို နောက်ကောက်ချပြီး သူရယူပြမယ်လို့ ရီးယဲလ်အသင်းဖော်တွေကို လောင်းကြေးထပ် ပြောကြားခဲ့တယ်လို့ The Sun သတင်းဌာနရဲ့ ဖော်ပြချက်အရ သိရပါတယ်။

စီရိုနယ်လ်ဒိုဟာ လာလီဂါပွဲစဉ်-၇ အထိ သွင်းဂိုး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ပြီးခဲ့တဲ့နိုဝင်ဘာလအထိ မက်ဆီထက် ၁၁ ဂိုးလျော့နည်းနေပေမယ့် ဂျီရိုနာနဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာ တစ်ပွဲတည်းသွင်းဂိုးလေးဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မက်ဆီကို မီဖို့ သုံးဂိုးသာ လိုတော့တဲ့ အနေအထားရောက်ရှိလာတာဖြစ်ပါတယ်။

မာကာသတင်းဌာနရဲ့ ဖော်ပြချက်အရတော့ စီရိုနယ်လ်ဒိုအနေနဲ့ လာလီဂါဂိုးသွင်းဘုရင်ဆုအတွက် ယုံကြည်မှုအပြည့်အဝရှိနေပြီး မိနစ်အလိုက်ဂိုးသွင်းနိုင်မှုမှာလည်း စီရိုနယ်လ်ဒိုက ၉၂ မိနစ် တစ်ဂိုး၊ မက်ဆီက ၉၈ မိနစ် တစ်ဂိုးသွင်းယူနိုင်တာကြောင့် မိနစ်အလိုက်ဂိုးသွင်းယူနိုင်မှုမှာလည်း စီရိုနယ်လ်ဒိုက မက်ဆီထက် သာလွန်နေတာကို တွေ့ရပါတယ်။

မေလှဲ့သင်း - ရေးသားသည်



# ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

[illegible]

[illegible]

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | | [illegible] | [illegible] | | | | | [illegible] |
| | [illegible] | | [illegible] | | [illegible] | [illegible] | | | | | [illegible] |

[illegible]

[illegible]

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | | | [illegible] | | | | | | [illegible] | | | [illegible] |
| | [illegible] | | | | [illegible] | | | | | | [illegible] | | | [illegible] |

[illegible]

[illegible]

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | | | [illegible] | | | | | [illegible] |
| | [illegible] | | [illegible] | | | [illegible] | | | | | [illegible] |

# ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထား ၁၀ စီးနှင့်အတူ ငြိမ်းချမ်းရေးတေးဂီတဖျော်ဖြေရေးအဖွဲ့ မြိတ်မြို့သို့ရောက်ရှိကာ ငြိမ်းချမ်းရေးတေးဂီတဖျော်ဖြေပွဲကျင်းပ

**မြိတ် မတ် ၂၂**
ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်လာရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး အမြန်ဆုံးဖြစ်ထွန်းလာဖို့အတွက် ပြည်သူများ၏ အသံ၊ ဆန္ဒများဖြင့် တွန်းအားပေးနိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်ကို ဖြတ်သန်း၍ ပြည်သူများဆီမှ ငြိမ်းချမ်းရေး ဆန္ဒပြုလက်မှတ်များ ကောက်ယူပြီး ၂၁ ရာစုပင်လုံ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို တင်သွင်းရန်အတွက် ကော့သောင်းမြို့မှ ရန်ကုန်မြို့အထိ မြို့ ၂၁ မြို့ မိုင်ပေါင်း ၈၅၀ ကိုဖြတ်သန်းသွားမည့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထား ၁၀ စီးနှင့်အတူ The Reality ငြိမ်းချမ်းရေးတေးဂီတ ဖျော်ဖြေရေးအဖွဲ့ဝင်များသည် မတ် ၂၁ နံနက်ပိုင်းတွင် မြိတ်မြို့သို့ ရောက်ရှိလာကြကြောင်း သိရသည်။



မြိတ်မြို့သို့ ရောက်ရှိလာသော ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထား ၁၀ စီးနှင့်အတူ The Reality ငြိမ်းချမ်းရေးတေးဂီတ ဖျော်ဖြေရေးအဖွဲ့ဝင်များအား စန္ဒဝတ်ကျေးရွာအုပ်စု ကျောက်ဖြူတောင်လမ်းဆုံတွင် ဒေသခံပြည်သူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပရဟိတအသင်းအဖွဲ့များက ပန်းကုံးများဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး မြိတ်အပျော်တမ်းစက်ဘီးစီးအသင်း MABC မှ စက်ဘီးများဖြင့် စီးနင်းလိုက်ပါလျက် မြို့တွင်း သတ်မှတ်လမ်းကြောင်းအတိုင်း ဖြတ်သန်းခဲ့ကြကာ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းတွင် ရပ်နားခဲ့ကြကြောင်း သိရသည်။

ညပိုင်းတွင် ဆိပ်ငယ်ဈေးအနီး နာရီစင်လမ်းတွင် The Reality ငြိမ်းချမ်းရေးတေးဂီတ ဖျော်ဖြေရေးအဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးတေးဂီတဖျော်ဖြေပွဲကို ကျင်းပခဲ့ကြသည်။ တေးဂီတဖျော်ဖြေပွဲတွင် ငြိမ်းချမ်းရေး တေးသီချင်းများ ဖျော်ဖြေတင်ဆက်ခြင်း၊ ငြိမ်းချမ်းရေးစကားများပြောကြားခြင်း၊ ငြိမ်းချမ်ရေးကဗျာများ ရွတ်ဆိုခြင်း၊ ငြိမ်းချမ်းရေး ရင်တွင်းဖြစ် စကားများ မှတ်တမ်းတင်ခြင်းကို မတ် ၂၁ ရက်နှင့် ၂၂ ရက် ညတို့တွင် မြိတ်မြို့၌ ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

ငြိမ်းချမ်းရေးတေးဂီတဖျော်ဖြေပွဲ လာရောက်ကြသည့် ပြည်သူများထံမှ ငြိမ်းချမ်းရေးလက်မှတ်များ ကောက်ယူစုဆောင်းမည် ဖြစ်ကြောင်း၊ ဖြတ်သန်းလာခဲ့သည့် ကော့သောင်း၊ ဘုတ်ပြင်း၊ တနင်္သာရီမြို့တို့တွင် ငြိမ်းချမ်းရေးလက်မှတ်အစောင် ၂၇၇၀ ရရှိပြီးဖြစ်ကြောင်း၊ ပြည်သူများဆီမှ ငြိမ်းချမ်းရေးဆန္ဒပြုလက်မှတ်များ ကောက်ယူပြီး မကြာမီ ကျင်းပတော့မည့် ၂၁ ရာစု ပင်လုံ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီးကို တင်သွင်းသွားမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေး Wheel Chair ရထားဦးစီးအဖွဲ့ဝင် ဦးဇေယျာမင်းသျှင်က ပြောသည်။

ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထား ၁၀ စီးနှင့်အတူ ငြိမ်းချမ်းရေးတေးဂီတ ဖျော်ဖြေရေးအဖွဲ့ကို မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ (RCRR)မှ အထွေထွေအတွင်းရေးမှူး ဦးသိန်းလွင်က ဦးဆောင်၍ ခရီးစဉ်အဖြစ် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ ရန်ကုန်မြို့အထိ မြို့ပေါင်း ၂၁ မြို့ မိုင် ၈၅၀ ကိုဖြတ်သန်းကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ခရီးဆုံး ပန်းဝင်မည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(မြိတ် ပြန်/ဆက်)**

# စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၄၄။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၃ နှင့်အညီ မှတ်ပုံတင်ရန်တင်ပြသော သေတမ်းစာကို အခြားစာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ခွင့်ပြုရမည်။

၄၅။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းသော သေတမ်းစာများကို အောက်ပါအချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည် -

(က) သေတမ်းစာရေးသားသူကိုယ်တိုင် အမှန်တကယ်ရေးသား၍ တင်သွင်းလာခြင်း၊

(ခ) သေတမ်းစာရေးသားသူမှာ ကွယ်လွန်ပြီးဖြစ်ပါက အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာ ရေးသားသူနှင့် တစ်နည်းနည်းဖြင့် သက်ဆိုင်သူက အထောက်အထားခိုင်လုံစွာ တင်ပြ၍ တင်သွင်းလာခြင်း။

၄၆။ ကိတ္တိမသားသမီးမွေးစားခြင်းစာချုပ်ကို ၁၉၃၉ ခုနှစ်၊ ကိတ္တိမသားသမီးမွေးစားခြင်းအက်ဥပဒေ (The Registration of Kittima Adoption Act) နှင့်အညီ သားသမီးမွေးစားသူ သို့မဟုတ် မွေးစားခံရသူက မှတ်ပုံတင်ရန် တင်ပြလာပါက အခြားစာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ရမည်။

**အခန်း(၁၀)**

**စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၏ အကျိုးသက်ရောက်မှု**

၄၇။ ဤဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သော စာချုပ်စာတမ်းသည်-

(က) စာချုပ်ချုပ်ဆိုသည့် နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(ခ) ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်သက်ဆိုင်လျှင် ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြားကြေညာချက်ကိုလွှမ်းမိုး၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အကျိုးသက်ရောက်မှုရှိသော်လည်း စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြားကြေညာချက်အရ လက်ရောက်ပေးအပ်ပြီးဖြစ်သော ပစ္စည်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၄၈။ ပုဒ်မ ၁၆ အရ သတ်မှတ်သော မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ခြင်း မပြုလျှင်-

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းတို့သည် အကျိုးသက်ရောက်မှု မရှိစေရ။

(ခ) ကိတ္တိမသားသမီး မွေးစားခြင်းအတွက် တရားဝင်အထောက်အထား သက်သေခံချက် မဖြစ်စေရ။

(ဂ) စာချုပ်စာတမ်းပါပစ္စည်းနှင့်သက်ဆိုင်သည့် သို့မဟုတ် အခွင့်အာဏာပေးအပ်ချက်သည် တရားဝင်အထောက်အထား သက်သေခံချက် မဖြစ်စေရ။

၄၉။ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င) တို့ပါ စာချုပ်စာတမ်းများနှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ စာချုပ်စာတမ်းများကို မှတ်ပုံတင်ထားလျှင် ယင်းစာချုပ်စာတမ်းပါ ပစ္စည်းနှင့် သက်ဆိုင်သော ကတိပြုချက်နှင့် စည်းကမ်းချက်များသည် တရားဝင်ဖြစ်သည်။

**အခန်း (၁၁)**

**မှတ်ပုံတင်အရာရှိနှင့် စုံစမ်းစစ်ဆေးရေးမှူးတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅၀။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) စာချုပ်စာတမ်းများကိုမှတ်ပုံတင်ရန် တင်ပြပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) မှတ်ပုံတင်ရန်တင်ပြသည့် နေ့ရက်၊ အချိန်၊ နာရီနှင့် နေရပ်တို့ကို ယင်းစာချုပ်စာတမ်းတွင်ရေးမှတ်၍ မှတ်ပုံတင်ရန် တင်ပြသူ၏ လက်မှတ်ကို ရေးထိုးစေခြင်း၊

(၂) စာချုပ်စာတမ်းလက်ခံရရှိကြောင်း ပြေစာလက်မှတ်ကို မှတ်ပုံတင်ရန် တင်ပြသူအား ထုတ်ပေးခြင်း၊

(၃) မှတ်ပုံတင်ခွင့်ပြုသည့် စာချုပ်စာတမ်းကို သက်ဆိုင်သည့် မှတ်ပုံတင်စာအုပ်၌ ကြန့်ကြာခြင်းမရှိစေဘဲ အစဉ်အတိုင်း မှတ်တမ်းတင်ခြင်း။

(ခ) ညွှန်ကြားရေးမှူးချုပ်၏ ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်စာအုပ်ကို မှတ်ပုံတင်ရန်တင်ပြသည့် စာချုပ်စာတမ်းနှင့်တိုက်ဆိုင်စစ်ဆေးပြီး လက်မှတ်ရေးထိုးရမည်။

၅၁။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့် တာဝန်ခံမိတ္တူကိုဖြစ်စေ၊ ပုဒ်မ ၈၃၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ပေးပို့သော မိတ္တူများမှ တစ်ပါးကျန်စာချုပ်များကိုဖြစ်စေ မှတ်ပုံတင်ရန် လက်ခံသည့်အခါ စာချုပ်စာတမ်းများတွင် အောက်ပါထပ်ဆင့်ရေးမှတ်ချက်များကို ရေးမှတ်ရမည်-

(၁) စာချုပ်ချုပ်ဆိုကြောင်းဝန်ခံသည့် စာချုပ်စာတမ်းချုပ်ဆိုသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူ၏ လက်မှတ်နှင့် ဆက်လက်ရေးသားသော အချက်များ၊

(၂) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ စာချုပ်စာတမ်းနှင့် စပ်လျဉ်း၍ စစ်ဆေးခံရသူတို့၏ လက်မှတ်နှင့် ဆက်လက်ရေးသားသောအချက်များ၊

(၃) စာချုပ်စာတမ်းချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ ငွေဖြစ်စေ၊ ကုန်စည်ဖြစ်စေ ပေးအပ်ခြင်းနှင့်သက်ဆိုင်သော အဖိုးစားနားအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း လက်ခံရရှိကြောင်း မိမိရှေ့မှောက်တွင် ဝန်ခံချက်များ။

(ခ) စာချုပ်စာတမ်းချုပ်ဆိုသူက ပုဒ်မခွဲ (က) ပါဝန်ခံချက်များကို စာချုပ်စာတမ်းတွင် ထပ်ဆင့်ရေးမှတ်ချက်မပြုလိုကြောင်း ငြင်းဆိုလျှင် ယင်းသို့ငြင်းဆိုချက်ကို စာချုပ်စာတမ်းမှတ်ပုံတင်ပြီးချိန်တွင် မှတ်တမ်းတင်ထားရမည်။

၅၂။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ တစ်နေ့တည်း၌ ဆောင်ရွက်သော ပုဒ်မ ၅၀ နှင့် ၅၁ တို့အရ ဆောင်ရွက်ချက်များကို ယင်းစာချုပ်စာတမ်းတွင် ရက်စွဲတပ်၍ လက်မှတ်ရေးထိုးရမည်။

၅၃။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည်-

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ခွင့်ပြုရန်တင်ပြသည့် စာချုပ်စာတမ်းများကို မှတ်ပုံတင်ပြီးသည့်အခါ ယင်းစာချုပ်စာတမ်းများ မှတ်ပုံတင်ထားသည့် မှတ်ပုံတင်စာအုပ်အမှတ်နှင့် စာမျက်နှာအမှတ်များကို စာချုပ်စာတမ်းတွင်ရေးသား၍ မှတ်ပုံတင်ပြီးကြောင်း ထပ်ဆင့်ရေးမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထပ်ဆင့်ရေးမှတ်ချက်များကို ရုံးတံဆိပ်ရိုက်နှိပ်ခြင်း၊ ရက်စွဲနှင့်အတူ လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်ပြီးလျှင် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း ပြီးမြောက်သည်။

၅၄။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည်-

(က) စာချုပ်စာတမ်းများကို စစ်ဆေးရာ၌ လိုအပ်ပါက တရားရုံး၏ ကျမ်းကျိန်လွှာကို တင်ပြစေနိုင်သည်။

(ခ) လိုအပ်လျှင် စစ်ဆေးမေးမြန်းခံရသူ တစ်ဦးချင်းအလိုက် ထွက်ဆိုချက်များကို ရေးမှတ်၍ မှတ်တမ်းတင်ထားနိုင်သည်။

(ဂ) စစ်ဆေးမေးမြန်းခံရသူတို့၏ ထွက်ဆိုချက်များကို ပြန်လည်ဖတ်ပြပြီး ထွက်ဆိုသူက ဟုတ်မှန်ကြောင်းဝန်ခံလျှင် ယင်းထွက်ဆိုချက်တွင် လက်မှတ်ရေးထိုးရမည်။

(ဃ) မိမိလက်မှတ်ရေးထိုးထားသော ထွက်ဆိုချက်ပါ အချက်အလက်များကို ထင်ရှားပြီးသော အကြောင်းအရာများအဖြစ် သတ်မှတ်နိုင်သည်။

၅၅။ (က) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးရေးမှူး၏ ကြီးကြပ်မှုကို ခံယူဆောင်ရွက်ရမည်။

(ခ) စုံစမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တိုင်ကြားလျှင် လိုအပ်သလို စစ်ဆေး၍ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ ဥပဒေနှင့်မညီသော ဆောင်ရွက်ချက်များရှိပါက အရေးယူဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးရေးမှူး၏ တင်ပြချက်ကိုစိစစ်၍ လိုအပ်သလို ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။

၅၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် အောက်ပါကိစ္စရပ်များဆောင်ရွက်ရန် လိုအပ်ပါက ညွှန်ကြားရေးမှူးချုပ်ထံတင်ပြရမည်-

(က) ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါစာချုပ်စာတမ်း မှတ်ပုံတင်ရုံးများတွင် မလိုအပ်သည့် စာရွက်စာတမ်းများ ဖျက်ဆီးခြင်း၊

(ခ) ဒဏ်ကြေးကင်းလွတ်ခွင့်ပြုခြင်း။

၅၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မိမိလက်အောက်ရှိ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးများကို ဥပဒေနှင့်အညီဖြစ်စေရေးအတွက် တာဝန်ယူကြီးကြပ်ရမည်။

၅၈။ ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်ခအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုရန် တင်ပြသည့်ကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း(၁၂)**

**မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် အယူခံခြင်း**

၅၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) မှတ်ပုံတင်ရန်တင်ပြသည့် စာချုပ်စာတမ်းကို ပုဒ်မ ၃၄ ပါကိစ္စရပ်များကြောင့် မှတ်ပုံတင်ရန်ငြင်းပယ်လျှင် မည်သည့်အတွက် ငြင်းပယ်ကြောင်းကို သတ်မှတ်ထားသော မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်တမ်းတင်ထားရမည့်အပြင် စာချုပ်စာတမ်း၌လည်း ငြင်းပယ်ကြောင်း ဖော်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ ငြင်းပယ်သည့် စာချုပ်စာတမ်းနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်ကဖြစ်စေ၊ ယင်းစာချုပ်စာတမ်းပါ သက်ဆိုင်ကြောင်း အဆိုရှိသူကဖြစ်စေ၊ ငြင်းပယ်သည့်အမိန့်ကို ထုတ်ပေးရန် လျှောက်ထားလျှင် သတ်မှတ်ထားသည့် မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်တမ်းတင်ထားသည့် အကြောင်းအရာများကို မိတ္တူမှန် အခမဲ့ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ငြင်းပယ်သည့်စာချုပ်စာတမ်းကို ထုတ်ပေးရန်လိုအပ်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ အမိန့်အရသာ ထုတ်ပေးရမည်။

၆၀။ (က) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိက ဆုံးဖြတ်သော အောက်ပါအချက်များကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ အယူခံဝင်ရောက်ခွင့်ရှိသည်-

(၁) စာချုပ်ချုပ်ဆိုခြင်းမပြုကြောင်း ငြင်းဆိုချက်အရ မှတ်ပုံတင်ရန် ငြင်းပယ်ခံရခြင်း၊

(၂) စာချုပ်စာတမ်းပါပစ္စည်းသည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ စီရင်ပိုင်ခွင့် ရှိသော နယ်နိမိတ်အတွင်းမကျရောက်သည့်အကြောင်းကြောင့်မှတစ်ပါး အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ၏ ချမှတ်သည့်အမိန့်ကို အယူခံဝင်နိုင်ခွင့်မရှိစေရ။

၆၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်မိတ္တူနှင့်အတူ အယူခံလျှောက်ထားချက်ကို သတ်မှတ်ရက်အတွင်း လက်ခံရရှိလျှင် ဥပဒေနှင့်အညီစိစစ်ရန် စုံစမ်းစစ်ဆေးရေးမှူးအား တာဝန်ပေးအပ်နိုင်သည်။

၆၂။ စုံစမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၆၁ အရ တာဝန်ပေးအပ်ချက်ကို လက်ခံရရှိလျှင် အောက်ပါ တို့ကို ဆောင်ရွက်ပြီး တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တွေ့ရှိချက်အစီရင်ခံစာ ပြန်လည်တင်ပြရမည်-

(က) စာချုပ်စာတမ်းမှတ်ပုံတင်ရန် တင်ပြသူများ၊ စာချုပ်စာတမ်းချုပ်ဆိုသူများနှင့် သက်သေများကို ရုံးသို့ဆင့်ခေါ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ခ) လိုအပ်သောအထောက်အထား စာရွက်စာတမ်းများကို သက်ဆိုင်သူများထံမှတောင်းခံရယူခြင်း။

၆၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးရေးမှူး၏တင်ပြချက်ကို စိစစ်ပြီး ယင်းတင်ပြချက်ရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုသည့် အမိန့် သို့မဟုတ် ပြင်ဆင်သည့်အမိန့် ချမှတ်ရမည်။

၆၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ချက်ကိုပြင်ဆင်သည့် အမိန့် ချမှတ်ပါက စာချုပ်စာတမ်း မှတ်ပုံတင်ခွင့်ပြုရန် အယူခံတင်သွင်းသူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ခွင့်ပြုရန် ထပ်မံတင်ပြနိုင်သည်။

၆၅။ ပုဒ်မ ၆၄ နှင့်အညီ တင်ပြချက်အရ မှတ်ပုံတင်ခွင့်ရရှိသော စာချုပ်စာတမ်းကို ကနဦးလျှောက်ထားသည့်နေ့ရက်တွင် မှတ်ပုံတင်သကဲ့သို့ မှတ်ယူရမည်။

၆၆။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိက ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ မှတ်ပုံတင်ရန်ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုလျှင်၊ အတည်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်ရောက်သူသည် သက်ဆိုင်ရာ မှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်းကို မှတ်ပုံတင်စေသည့် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ချမှတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) အယူခံဝင်ရောက်သူသည် စာချုပ်စာတမ်းကို မှတ်ပုံတင်ရန် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်ရရှိပါက ယင်းအမိန့်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ စာချုပ်စာတမ်းမှတ်ပုံတင်ပေးရန် လျှောက်ထားရမည်။

၆၇။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ခ) အရ တင်ပြသည့် စာချုပ်စာတမ်းကို ဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရမည်။

**အခန်း(၁၃)**

**မှတ်ပုံတင်ခြင်း၊ ရှာဖွေခြင်း၊ မိတ္တူကူးယူခြင်းဆိုင်ရာ အခကြေးငွေများ**

၆၈။ ဝန်ကြီးဌာနသည် အောက်ပါကိစ္စရပ်များအတွက် ပေးဆောင်ရမည့် အခကြေးငွေများကို သတ်မှတ်ပြီး သတ်မှတ်သည့်အခကြေးငွေနှုန်းထားများကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာရမည့်အပြင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများရှိ အများပြည်သူမြင်သာသည့်နေရာ၌ ထင်ရှားစွာဖော်ပြထားရန် ညွှန်ကြားရမည်-

(က) စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်း၊

(ခ) မှတ်ပုံတင်စာအုပ်နှင့် အညွှန်းမာတိကာများကို ရှာဖွေကြည့်ရှုခြင်းနှင့် မိတ္တူရေးကူးခြင်း၊

(ဂ) ကော်မရှင်နာခန့်အပ်ခြင်း၊

(ဃ) စာချုပ်စာတမ်း ချုပ်ဆိုသူ နေထိုင်ရာသို့ သွားရောက်ဆောင်ရွက်ခြင်း၊

(င) ဘာသာပြန်ချက်များ တွဲထားခြင်း၊

(စ) ချိပ်ပိတ်သေတမ်းစာများကို ထိန်းသိမ်းခြင်း၊ ဖွင့်ပေးခြင်းနှင့် ပြန်အပ်ခြင်း၊

(ဆ) မှတ်ပုံတင်သည့် စာချုပ်စာတမ်းကိုဖြစ်စေ၊ မှတ်ပုံတင်ရန်ငြင်းပယ်သော စာချုပ်စာတမ်းကို ဖြစ်စေ၊ ထုတ်ယူခြင်းမရှိ၍ လုံခြုံစွာ ထိန်းသိမ်းထားခြင်း၊ အခြားကိစ္စရပ်များ ဆောင်ရွက်ခြင်း။

ဆက်လက်ဖော်ပြပါမည်။

# မြန်မာ–အိန္ဒိယ နှစ်နိုင်ငံနယ်စပ်တံတားမှ ကွမ်းသီးများ အကန့်အသတ်ဖြင့် တင်ပို့ရ

**ရိခေါဒါရ် မတ် ၂၂**
ချင်းပြည်နယ်မြောက်ပိုင်းရှိ နယ်စပ် ဝင်-ထွက်ပေါက်တစ်ခုဖြစ်သည့် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်တံတားကိုဖြတ်၍ အိန္ဒိယနိုင်ငံသို့တင်ပို့သည့် ကွမ်းသီးများနယ်စပ်တံတားဖြတ်သန်းသွားလာမှုကို တစ်ဖက်အိန္ဒိယနိုင်ငံမှ ကန့်သတ်ထားရှိကြောင်း ရိနယ်စပ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

အိန္ဒိယနိုင်ငံသို့ တင်ပို့မြဲဖြစ်သည့်ကွမ်းသီးများ တင်ပို့ရာတွင် နယ်စပ်တံတားဖြတ်ကျော်တင်ပို့ခြင်းဖြစ်ရာ နယ်စပ်တံတားခံနိုင်ဝန်မှာ ၁၀ တန်ဖြစ်ပြီး ကွမ်းသီးများ တင်ပို့ဖြတ်သန်းသည့် ယာဉ်တစ်စီးတွင်ကွမ်းသီးအိတ် ၄၀ သာ တင်ဆောင်ခွင့်ပြုထားကြောင်း၊ ယင်းသို့ ကွမ်းသီးများ တင်ဆောင်မှု အိတ်ရေကန့်သတ်ပေးရခြင်းမှာ နယ်စပ်တံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားခံနိုင်ရည် ကျော်လွန်၍ဖြတ်သန်းတင်ပို့မှု မရှိစေရေးကိုထိန်းချုပ်မှုအနေဖြင့် အိန္ဒိယနိုင်ငံတာဝန်ရှိသူများမှ ကန့်သတ် သတ်မှတ်ထားခြင်းဖြစ်ကြောင်း ရိခေါဒါရ်မြို့ ကုန်တင်ကုန်ချအသင်းမှ သိရသည်။

ရိခေါဒါရ်မြို့ ကုန်တင်ကုန်ချအသင်းမှ ဦးဇော်အောင်က "ဒီလိုနယ်စပ်တံတား ဖြတ်သန်းအသုံးပြုမှုအပေါ် တစ်ဖက်အိန္ဒိယနိုင်ငံ တာဝန်ရှိသူတွေက ကန့်သတ်ပေးမှုကြောင့် ကျွန်တော်တို့ဘက်က ကွမ်းသီးကိုယ်စားလှယ်တွေကိုလည်း ကွမ်းသီးတင်ပို့မှုကိုချင့်ချိန်ပေးရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဆီမှာ ကွမ်းသီးတင်ပို့မှုလုပ်ငန်း ကိုယ်စားလှယ် ၃၀ လောက်ရှိတယ်၊ ဒါကြောင့် ကွမ်းသီးတင်ပို့ရာမှာ မျှတမှုရှိအောင် ကွမ်းသီးကိုယ်စားလှယ်တစ်ဦးအနေနဲ့ တစ်နေ့ ကွမ်းသီး တစ်အိတ်ကို ၈၀ ကီလိုဂရမ်ဆိုရင် အိတ် ၄၄၀၊ ကွမ်းသီးတစ်အိတ်ကို ၁၀၀ ကီလိုဂရမ်ဆိုရင် အိတ် ၃၈၀ လောက်တင်ပို့ပေးပါတယ်၊ ဒီတော့ ကွမ်းသီးတင်ပို့မှု လုပ်ငန်းရှင်တစ်ဦးအနေနဲ့ တစ်နေ့ကို ယာဉ်တစ်စီး ကွမ်းသီးအိတ် ၄၀ တင်ဆောင်ပြီး ယာဉ်ခေါက်ရေ ၁၁ ခေါက်၊ ကွမ်းသီးအိတ်ရေ ၄၄၀ တင်ပို့နိုင်တာပေါ့" ဟု ပြောသည်။

ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးထန်ဂိုးခုပ်က "ကျွန်တော်တို့ကွမ်းသီးတွေဟာ အကြမ်းအားဖြင့် ကွမ်းသီးအလုံးနှင့်အခြမ်းဆိုပြီး နှစ်မျိုးရှိတယ်၊ ကွမ်းသီးအမျိုးအစားအနေနဲ့ ငါးမျိုးလောက် ခွဲခြားထားပါတယ်၊ ကွမ်းသီးတွေ ရိခေါဒါရ်နယ်စပ်ကို တင်ပို့သယ်ဆောင်တဲ့ ပမာဏအနေနဲ့ ကွမ်းသီးတင်ဆောင်တဲ့ ယာဉ်ကြီး၊ ယာဉ်ငယ်အပါအဝင် နေ့စဉ် ပျမ်းမျှအားဖြင့် ယာဉ်အစီးရေ ၃၀ လောက် ဝင်ထွက်မှုရှိပါတယ်၊ တစ်ဖက်အိန္ဒိယနိုင်ငံတင်ပို့မှုကျတော့ နေ့စဉ်တင်ပို့သွားရတာတော့ မဟုတ်ဘူး၊ သူတို့ အိန္ဒိယဖက်က ခေတ္တပိတ်ပင်တာတွေ ရှိတတ်တော့ နှစ်ရက်၊ သုံးရက်လောက် ရပ်တန့်နေရတဲ့အချိန်ရှိတတ်တယ်" ဟု ပြောသည်။

ရိခေါဒါရ်နယ်စပ်မှ အိန္ဒိယနိုင်ငံသို့ တင်ပို့သည့် ကွမ်းသီးများကိုအများအားဖြင့် မြန်မာ၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့မှထွက်ရှိသည့် ကွမ်းသီးများဖြစ်ကြောင်း သိရသည်။

**ရိခေါဒါရ်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ်
## ဂေဟစနစ်များမပျက်စီးရေးသစ်တောသစ်ပင်ထိန်းသိမ်းရေးအသိပညာပေး

**တာချီလိတ် မတ် ၂၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် သစ်တောဦးစီးဌာနက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် သစ်တောသစ်ပင် ထိန်းသိမ်းကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီခွဲက မိုင်းကိုးကျေးရွာအုပ်စု ဟိုရမ်းကျေးရွာ ပြည်သူ့စစ်စခန်းရှိ ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် ခရိုင်သစ်တောဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်က သစ်တောနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာသော မြို့ကြီးများအကြောင်းကို ဟောပြောရာတွင် တိုးပွားလာသော လူဦးရေနှင့်အတူ မြို့ကြီးများ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ဂေဟစနစ်များ မပျက်စီးရန် ပြည်သူလူထုနှင့် ဆက်စပ်ဌာနများ ပူးပေါင်းပါဝင်မှုဖြင့် သစ်တောများ ပြုန်းတီးပျက်စီးသွားသော နေရာများနှင့် တောနိမ့်တောပျက်နေရာများတွင် သင့်လျော်သော စိုက်ပျိုးထိန်းသိမ်းမှုများ ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝတောများကဲ့သို့ ဇီဝမျိုးစုံ မျိုးကွဲကြွယ်ဝသော ဂေဟစနစ်ကို ပြန်လည်ရရှိစေရန်နှင့် ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့ကြီးများ ဖြစ်ပေါ်လာစေရန် ထိရောက် မှန်ကန်သည့် နည်းစနစ်များ လုံလောက်သည့် သွင်းအားစုများဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ သစ်တောကဏ္ဍကို နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များတွင် အရေးကြီးသော အစိတ် အပိုင်းအဖြစ် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ အနာဂတ် မျိုးဆက်သစ်များအတွက် သစ်ပင်သစ်တောများဖြင့် ပိုမိုစိမ်းလန်းစိုပြည်သော၊ ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော မြို့ကြီးများကို လက်ဆင့်ကမ်း အမွေပေးနိုင်မည်ဖြစ်ကြောင်း အကျယ်တဝင့် အသိပညာ ပေးဟောပြောသည်။ ထို့နောက် ဦးစီးအရာရှိ ဦးအောင်စိုးတင့်က သစ်ပင်သစ်တောအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၆၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## နေပြည်တော်၌ ၂၀၁၈ ခုနှစ် လမ်းလျှောက်မဟာသင်္ကြန်ပွဲတော် ကျင်းပမည်



**ပျဉ်းမနား မတ် ၂၂**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးတွင် သင်္ကြန်ရေကစားသူများနှင့် အပန်းဖြေအနားယူသူများ စိတ် ချမ်းသာစွာဖြင့် အန္တရာယ်ကင်းစွာ သင်္ကြန်ရေကစားနိုင်ရေးအတွက် ပျဉ်းမနားမြို့ ရန်အောင် (၂) ရပ်ကွက်အတွင်းရှိ မင်္ဂလာရှမ်းကန်ပတ်လည်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းလျှောက်သင်္ကြန်ပွဲတော်ကြီးတွင် ပျော်ဖြေရေးမဏ္ဍပ်တစ်ခု၊ ရေကစားမဏ္ဍပ်ကြီး ခြောက်ခု၊ အုန်းလက်မဏ္ဍပ်ငယ်များနှင့် စတုဒိသာမဏ္ဍပ်များကို မင်္ဂလာရှမ်းကန်ပတ်လည် ဗိုလ်တောက်ထိန်လမ်းနှင့် ဗိုလ်တာရာလမ်းတို့တွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ကမ္ဘာ့ရေသယံဇာတနေ့ အထိမ်းအမှတ် အခမ်းအနား ကနီ၌ ကျင်းပ

**ကနီ မတ် ၂၂**
ကမ္ဘာ့ရေသယံဇာတနေ့ အထိမ်းအမှတ် အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့ သာသနာ့ဗိမာန်တော်၌ မတ် ၂၁ ရက်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးသက်က ကျေးလက်ရေရရှိရေး၊ စနစ်တကျသုံးစွဲရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက်မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေမာနွယ်က ရေကိုစနစ်တကျသုံးစွဲမှုကြောင့် ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်နိုင်သလို မသန့်ရှင်းသောရေသောက်သုံးခြင်းနှင့်ပတ်သက်၍ ဖြစ်ပွားနိုင်သည့်ရောဂါများအကြောင်းနှင့် ရေကိုစနစ်တကျနှင့်သန့်ရှင်းစွာအသုံးပြုခြင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကနီမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထိန်လင်းက ရေသယံဇာတကို တန်ဖိုးထားရေး၊ ရေသယံဇာတများထိန်းသိမ်းနိုင်ဖို့ဆိုရင် ရေကိုတန်ဖိုးထားဖို့နှင့် လူသားတွေရဲ့ လုပ်ဆောင်မှုများကြောင့် သဘာဝပတ်ဝန်းကျင်တွေပျက်စီးလာပြီး ညစ်ညမ်းတဲ့ရေတွေများလာသဖြင့် ရေသယံဇာတကို စနစ်တကျ ထိန်းသိမ်းသုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားသည်။

ကနီမြို့နယ် Save The Children မှ ရေကောင်းရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးစီမံချက်မန်နေဂျာ ဦးတင်မောင်ဝင်းက ကမ္ဘာ့ရေသယံဇာတနေ့ ဖြစ်ပေါ်လာပုံနှင့် လူသားတွေအတွက် ရေကောင်းရေသန့် အရေးပါပုံများ၊ ရေကောင်း ရေသန့်တွေ ရေရှည်တည်တံ့ခိုင်မြဲဖို့ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးနှင့် ရေရရှိရေးအတွက် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ကာကွယ်ထိန်းသိမ်းရန်နှင့် မြို့နယ်အတွင်း ရေသန့်စီမံချက်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းကမ္ဘာ့ရေသယံဇာတနေ့ကို Save The Children မှ ဦးဆောင်ကျင်းပခဲ့ပြီး အခမ်းအနားသို့ မြို့နယ်အတွင်းမှ ရေသန့်စီမံကိန်းဝင် ကျေးရွာများမှ ပြည်သူများနှင့် မြို့နယ်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ယင်းနောက် တက်ရောက်လာသောပြည်သူများနှင့်ဌာနဆိုင်ရာများက CS Wash Project ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း ပြခန်းအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## မြောက်ယမားလက်ယာတိုးချဲ့ရေသောက်စနစ်မှ နွေစပါးနှင့်နွေသီးနှံကို ယခင်နှစ်ကထက် ဧက ၅၀၀ ကျော် စိုက်ပျိုးနိုင်မည်

**ပုလဲ မတ် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားလက်ယာတိုးချဲ့ရေသောက်စနစ်မှ မိုးစပါးနှင့် နွေသီးနှံစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်၍ ပေးခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒေသခံတောင်သူကြီးများအနေဖြင့် စိုက်ပျိုးရေ လုံလောက်စွာရရှိမှုဖြင့် နွေစပါးနှင့် နွေသီးနှံကို ယခင်နှစ်ကထက် ဧက ၅၀၀ ကျော် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၄) မှ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဦးစီးအရာရှိ ဒေါ်နန်းငြိမ်းငြိမ်းထိုက်က "ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားရေလှောင်တမံနှင့် ရေကူတမံမှာ ရေကို ပြည့်ဝစွာ သိုလှောင်ထားနိုင်တဲ့အတွက် မူလမြောက်ယမားမြောင်း၊ လက်ယာတိုးချဲ့မြောင်းနှင့် လက်ဝဲတိုးချဲ့မြောင်းများ၏ လျာထားစိုက်ဧကအတွက် တစ်နှစ်ပတ်လုံးရေလုံလောက်စွာပေးဝေနိုင်ခဲ့ပါတယ်၊ မြောက်ယမား လက်ယာတိုးချဲ့ ရေသောက်စနစ် ဧရိယာအတွင်း ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်မှာ မိုးစပါး ၁၇၄၇ ဧက၊ နွေစပါး ၁၀၃ ဧကနှင့် နွေသီးနှံ ၆၆၈ ဧက၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ မိုးစပါး ၂၁၈၆ ဧက၊ နွေစပါး ဧက ၁၂၀ နှင့် နွေသီးနှံ ၉၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးစပါး ဧက ၄၇၄၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်၊ ယခု ဘဏ္ဍာနှစ်မှာ မြောက်ယမားလက်ယာတိုးချဲ့ ရေသောက်စနစ် ဧရိယာအတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အတွက် တောင်သူကြီးများ အနေဖြင့် နွေစပါး ဧက ၁၀၀၀ နှင့် နွေသီးနှံ ဧက ၆၈၀ စုစုပေါင်း ဧက ၁၆၈၀ ကို စိုက်ပျိုးရေ လုံလောက်စွာဖြင့် စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းစေရန်အတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။

ပုလဲမြို့နယ် မြောက်ယမားလက်ယာတိုးချဲ့ ရေသောက်စနစ်ဧရိယာအတွင်းရှိ တောင်သူဦးကြီးများ အနေဖြင့် ယခင်နှစ်က နွေစပါးဧက ၁၂၀ နှင့် နွေသီးနှံ ၉၉၃ ဧက စုစုပေါင်း ၁၁၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုနှစ်တွင် နွေစပါး ဧက ၁၀၀၀ နှင့် နွေသီးနှံ ဧက ၆၈၀ စုစုပေါင်း ဧက ၁၆၈၀ ကို စိုက်ပျိုးရေ လုံလောက်စွာဖြင့် စိုက်ပျိုးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိပြီးဖြစ်၍ ယခင်နှစ်ကထက် ၅၆၇ ဧက ပိုမိုစိုက်ပျိုးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ရာဇသတ်ကြီးပုဒ်မ ၃၇၅ မုဒိမ်းမှုဟူသည်



မောင်စာဂ

လူမှုကွန်ရက်များနှင့် သတင်းမီဒီယာအချို့တွင် သက်ငယ်မုဒိမ်းမှုတွေ သေဒဏ်စီရင်ပါ၊ သက်ငယ်မုဒိမ်းမှုတွေအတွက် ဥပဒေပြဋ္ဌာန်းပေးပါစသည်ဖြင့် ဆက်တိုက်ဆိုသလို ရေးသားကြသည်ကိုဖတ်ရသည်။ ဤသို့မုဒိမ်းမှုများ ဖြစ်ပွားနေရခြင်းကို ရှုထောင့်အမျိုးမျိုးမှ ဝေဖန်သုံးသပ် ပြောဆိုကြသည်ကိုလည်းကြားသိရသည်။ ယင်းသို့ပြောဆိုကြသည်များထဲတွင် ပြစ်မှုကျူးလွန်သူအား ထိရောက်စွာပြစ်ဒဏ်မစီရင်ခြင်း၊ ပြဋ္ဌာန်းဥပဒေ၏ အားနည်းနေခြင်းတို့ကြောင့်ဖြစ်ခြင်း စသည့်အချက်များ ပါဝင်သည်။ ယင်းအခြေအနေတွင် မြန်မာနိုင်ငံရာဇသတ်ကြီး၏ လက်ရှိပြဋ္ဌာန်းထားချက်နှင့် အိန္ဒိယနိုင်ငံရာဇသတ်ကြီး၏ ပြင်ဆင်ပြဋ္ဌာန်းထားချက်များကို နှိုင်းယှဉ်၍ လေ့လာသုံးသပ်မိသည်။

**မြန်မာနိုင်ငံ၏ ရာဇသတ်ကြီး**

မုဒိမ်းမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မြန်မာနိုင်ငံ ရာဇသတ်ကြီး ပုဒ်မ ၃၇၅ တွင် ဤသို့ ပြဋ္ဌာန်းထားသည်။ "ဤမှနောက်တွင် ကင်းလွတ်ချက်ပြုထားသည်မှတစ်ပါး အောက်ဖော်ပြပါ အကြောင်းငါးရပ်တွင် သက်ဝင်သော အကြောင်းတစ်ရပ်ရပ်ဖြင့် ယောကျ်ားသည် မိန်းမနှင့် ကာမစပ်ယှက်လျှင် ထိုသူသည် "မုဒိမ်းမှု" ကို ကျူးလွန်သည်မည်၏-

ပထမ ။ ။ မိန်းမကအလိုမတူဘဲ ငြင်းဆန်ခြင်း

ဒုတိယ ။ ။ မိန်းမကခွင့်မပြုခြင်း

တတိယ ။ ။ မိန်းမကခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုရခြင်းမှာ ထိုမိန်းမအား သေစေမည်ဟု သော်လည်းကောင်း၊ နာကျင်စေမည်ဟု သော်လည်းကောင်း၊ ကြောက်ရွံ့အောင်ပြုသဖြင့် ခွင့်ပြုရခြင်း၊

စတုတ္ထ ။ ။ မိန်းမကခွင့်ပြုသော်လည်း ယောကျ်ားက မိမိသည် ထိုမိန်းမ၏လင်မဟုတ်ကြောင်း သိသည့်အပြင် ထိုမိန်းမက ခွင့်ပြုခြင်းမှာလည်း မိမိကိုဥပဒေနှင့်အညီ လက်ထပ်ထားသော သို့တည်းမဟုတ် ထိုသို့လက်ထပ်ထားသည်ဟု ယုံကြည်သော အခြားယောကျ်ားဖြစ်သည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်းကို ထိုယောကျ်ားကသိခြင်း၊

ပဉ္စမ ။ ။ မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက်ဆယ့်ခြောက်နှစ်အောက် အရွယ်ရှိသူဖြစ်ခြင်း။"

ရှင်းလင်းချက် ။ ။ ယောကျ်ား၏ အင်္ဂါဇတ်သည် မိန်းမ၏ အင်္ဂါဇတ်တွင် သွင်းဝင်မိလျှင် မုဒိမ်းမှု ကျူးလွန်ခြင်းအတွက် လိုအပ်သော ကာမစပ်ယှက်မှုမြောက်ရန်လုံလောက်သည်။

ကင်းလွတ်ချက်။ ။ ယောကျ်ားသည် အသက်ဆယ့်ငါးနှစ်အောက် မဟုတ်သော မိမိ၏မယားနှင့် ကာမစပ်ယှက်ခြင်းမှာ မုဒိမ်းမှု မဟုတ်။

ပြစ်ဒဏ်သတ်မှတ်ချက်ကို ပုဒ်မ ၃၇၆ တွင် ဤသို့ ပြဋ္ဌာန်းထားသည်။ "မုဒိမ်းမှုကျူးလွန်သူကို ထောင်ဒဏ်နှစ်နှစ်ဆယ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိ၏မယားဖြစ်၍ အသက် တစ်ဆယ့်နှစ်နှစ်အောက် မဟုတ်လျှင်မူကား မုဒိမ်းကျင့်သော ထိုလင်ကို ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

မြန်မာနိုင်ငံ၏ ရာဇသတ်ကြီးကိုကြည့်လျှင် မုဒိမ်းမှုနှင့် စပ်လျဉ်း၍ ပုဒ်မ ၃၇၅ (အဓိပ္ပာယ်ဖွင့်ဆိုချက်) နှင့် ပုဒ်မ ၃၇၆ (ပြစ်ဒဏ်စီရင်ချက်) ပုဒ်မ ၂ ခုသာရှိသည်။ ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၆/၂၀၁၆ ) ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေအရ ပုဒ်မ ၃၇၅ ၏ ပဉ္စမအင်္ဂါရပ်ပါ "အသက်ဆယ့်လေးနှစ်အောက်" ဆိုသည့်အစား "အသက်ဆယ့်ခြောက်နှစ်အောက်" ဟူ၍ပြင်ဆင်ခဲ့သည်။ ထိုပုဒ်မ၏ ကင်းလွတ်ချက်ပါ "အသက်ဆယ့်သုံးနှစ်အောက်" ဆိုသည့်အစား "အသက်ဆယ့်ငါးနှစ်အောက်" ဟူ၍ ပြင်ဆင်ထားသည်။ ပုဒ်မ ၃၇၆ တွင်ပါရှိသော "တစ်သက်တစ်ကျွန်းထောင်ဒဏ်ဖြစ်စေ" ဆိုသောစကားရပ်ကို "ထောင်ဒဏ်နှစ်နှစ်ဆယ်" ဟူ၍ ပြင်ဆင်ထားသည်။ ဤမျှနှင့် ပြည့်စုံမှု ရှိနိုင်ပါမည်လား။ ဆင်ခြင်စူးစမ်းရန်လိုပါမည်။

**အိန္ဒိယနိုင်ငံ၏ ရာဇသတ်ကြီး**

အိန္ဒိယနိုင်ငံတွင်ကျင်းသုံးသော ရာဇသတ်ကြီးသည်လည်း မြန်မာနိုင်ငံရာဇသတ်ကြီးနှင့် အတူတူပင်ဖြစ်သည်။ ဗြိတိသျှတို့အုပ်စိုးစဉ်ကာလ ၁၈၆၀ ခုနှစ် မေလ ၁၇ ရက်နေ့က ပြဋ္ဌာန်းခဲ့သည်။ နှစ်နိုင်ငံလွတ်လပ်ရေးရပြီးကြသော်လည်း ထိုရာဇသတ်ကြီးကိုပင် ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ကာ ဆက်လက်ကျင့်သုံးနေသည့် ဥပဒေတစ်ခုဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် မုဒိမ်းမှုနှင့်ပတ်သက်၍ ၁၉၈၃ ခုနှစ် အက်ဥပဒေအမှတ် ၄၃၊ ပုဒ်မ ၃ ဖြင့် လည်းကောင်း၊ ၂၀၁၃ ခုနှစ် ရာဇဝတ်ပြင်ဆင်ချက် အက်ဥပဒေအရလည်းကောင်း ပြင်ဆင်ထားသည်။ အနှစ်ချုပ်၍ ဖော်ပြပါမည်။

**မုဒိမ်းမှုအဓိပ္ပာယ်ဖွင့်ဆိုချက်**

ရာဇသတ်ကြီးပုဒ်မ ၃၇၅ အရ ယောကျ်ားကမိန်းမကို အောက်ဖော်ပြပါအချက်များမှ မည်သည့်အချက်ကိုမဆို ကျူးလွန်မိပါက "မုဒိမ်းမှု" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်-

- ယောကျ်ား၏လိင်အင်္ဂါအား မိန်းမ၏ပါးစပ်၊ မိန်းမအင်္ဂါ၊ ဆီးလမ်းကြောင်း သို့မဟုတ် စအိုအတွင်းသို့သွင်းခြင်း၊
- ယောကျ်ား၏လိင်အင်္ဂါ မဟုတ်သော အခြားပစ္စည်းတစ်ခုခုအား မိန်းမ၏ပါးစပ်၊ မိန်းမအင်္ဂါ ဆီးလမ်းကြောင်း သို့မဟုတ် စအိုအတွင်းသို့ ထိုးသွင်းခြင်း၊
- ယောကျ်ား၏ပါးစပ်ဖြင့် မိန်းမ၏ မိန်းမအင်္ဂါ၊ ဆီးလမ်းကြောင်း သို့မဟုတ် စအိုတွင် ကာမစပ်ယှက်ခြင်း စသည်တို့ကို အောက်ပါအခြေအနေ ခုနစ်ရပ်တွင်ကျူးလွန်ခြင်း၊

ပထမ ။ ။ မိန်းမကအလိုမတူ ငြင်းဆန်ခြင်း၊

ဒုတိယ ။ ။ မိန်းမက ခွင့်မပြုခြင်း၊

တတိယ ။ ။ မိန်းမကခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုခြင်းမှာ ထိုမိန်းမကိုဖြစ်စေ၊ ထိုမိန်းမ၏ အလေးထားသူတစ်ဦးဦးကိုဖြစ်စေ သေစေမည်ဟုသော်လည်းကောင်း၊ နာကျင်စေမည်ဟုသော်လည်းကောင်း ကြောက်ရွံ့အောင်ပြုသဖြင့် ခွင့်ပြုရခြင်း၊

စတုတ္ထ ။ ။ မိန်းမကခွင့်ပြုသော်လည်း ယောကျ်ားက မိမိသည်ထိုမိန်းမ၏ လင်မဟုတ်ကြောင်း သိသည့်အပြင် ထိုမိန်းမက ခွင့်ပြုခြင်းမှာလည်း မိမိကိုဥပဒေနှင့်အညီ လက်ထပ်ထားသော သို့မဟုတ် ထိုသို့လက်ထပ်ထားသည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်းကို ထိုယောကျ်ားကသိခြင်း၊

ပဉ္စမ ။ ။ မိန်းမကခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုချိန်တွင် ထိုမိန်းမသည် စိတ်ကျန်းမာရေး မကောင်းမွန်ခြင်း၊ မူးယစ်နေခြင်း၊ လူမှန်းသူမှန်းမသိဖြစ်နေခြင်း၊ ကျန်းမာရေး ထိခိုက်စေသည့် အရာများ အသုံးပြုခြင်းဖြင့် ထိုမိန်းမသည် ၎င်းသဘောတူခဲ့သည့် အကြောင်းအရာ၏ သဘောတရားနှင့် နောက်ဆက်တွဲ အကျိုးရလဒ်တို့ကို နားလည်နိုင်စွမ်းမရှိဘဲ ခွင့်ပြုရခြင်း၊

ဆဋ္ဌမ ။ ။ မိန်းမကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက်ဆယ့်ရှစ်နှစ်အောက်ဖြစ်ခြင်း၊

သတ္တမ ။ ။ မိန်းမကခွင့်ပြုရန် ပြောဆိုဆက်သွယ်နိုင်သည့် အခြေအနေမရှိခြင်း၊

ရှင်းလင်းချက်(၁)။ မုဒိမ်းမှုဆိုင်ရာ ပုဒ်မများအတွက် မိန်းမ၏ လိင်အင်္ဂါဟုဆိုရာတွင် စအိုပေါက်လည်းပါဝင်သည်။

ရှင်းလင်းချက်(၂)။ ခွင့်ပြုချက်ဆိုသည်မှာ မိန်းမက လိင် ကိစ္စအတွက် နှုတ်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ လိင်ကိစ္စတွင် ပါဝင်လိုကြောင်း ၎င်း၏ဆန္ဒအလျောက်ခွင့်ပြုချက်ပေးခြင်းဖြစ်သည်။

ကင်းလွတ်ချက်(၁)။ ဆေးပညာဆိုင်ရာလုပ်ငန်းစဉ်များ သို့မဟုတ် ကြားဝင်ဖျန်ဖြေခြင်းတို့သည် မုဒိမ်းမှုမမြောက်။

ကင်းလွတ်ချက်(၂)။ လင်မယားချင်း မုဒိမ်းမှုတွင် မယားဖြစ်သူသည် အသက်ဆယ့်ငါးနှစ်အထက်ဖြစ်ပါကမုဒိမ်းမှုမမြောက်။

**မုဒိမ်းမှုအတွက် ပြစ်ဒဏ်သတ်မှတ်ချက်**

မုဒိမ်းမှုအတွက် ပြစ်ဒဏ်ကို ခုနစ်နှစ်ထက်မနည်းသော ထောင်ဒဏ်ကိုဖြစ်စေ၊ ထောင်ဒဏ်တစ်သက်ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် အခွင့်အာဏာရှိသူတစ်ဦးဦးက မိမိ၏ရာထူးအခွင့်အာဏာကို အခွင့်ကောင်းယူ၍ မုဒိမ်းမှုကျူးလွန်ခြင်း၊ ကျူးလွန်ခံရသူ၏ယုံကြည်ရသူတစ်ဦးဦး(ဥပမာ မိသားစုဝင်၊ ဆေးရုံဝန်ထမ်း)က မုဒိမ်းမှု ကျူးလွန်ခြင်း၊ ကိုယ်ဝန်ရှိ အမျိုးသမီး၊ စိတ်ကျန်းမာရေးမကောင်းသော အမျိုးသမီး၊ အသက်ဆယ့်ခြောက်နှစ်အောက်အမျိုးသမီးများကို မုဒိမ်းမှုကျူးလွန်ခြင်း၊ အကြမ်းဖက်မှုများပါဝင်၍ မုဒိမ်းမှုကျူးလွန်ခြင်း( အဓိကရုဏ်းဖြစ်ပွားသည့်အချိန်ကျူးလွန်သည့် မုဒိမ်းမှု၊ အထပ်ထပ်အခါခါ ကျူးလွန်သည့် မုဒိမ်းမှု)၊ မုဒိမ်းကျင့်ခံရသော အမျိုးသမီးသေဆုံးခြင်း၊ ဆိုးရွားစွာထိခိုက်ခြင်း သို့မဟုတ် အုပ်စုဖွဲ့၍ မုဒိမ်းကျင့် ခြင်းတို့ကို ဆိုးရွားသောမုဒိမ်းမှုများအဖြစ် သတ်မှတ် သည်။ ထိုသို့ ဆိုးရွားသောမုဒိမ်းမှုကို ကျူးလွန်သူအား ဆယ်နှစ်ထက်မနည်းသော ထောင်ဒဏ်ဖြစ်စေ၊ ထောင် ဒဏ်တစ်သက်ဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် အုပ်စုဖွဲ့၍ မုဒိမ်းမှုကျူးလွန်ရာတွင် ထိုအမျိုးသမီးသေဆုံးခြင်း သို့မဟုတ် ဆိုးရွားစွာထိခိုက်စေခြင်းများ ဖြစ်ပေါ်ပါက အနှစ်နှစ်ဆယ်ထက်မနည်းသော ထောင်ဒဏ်ဖြစ်စေ၊ ထောင်ဒဏ် တစ်သက်ဖြစ်စေ၊ သေဒဏ်ဖြစ်စေချမှတ်ရမည်။ ဆိုးရွားစွာထိခိုက်ခြင်းဟုဆိုရာတွင် ထိုအမျိုးသမီးသည် အသက်မသေသော်လည်း ၎င်း၏ပတ်ဝန်းကျင်တည်ရှိမှုများကို သတိမမူနိုင်သောအခြေအနေကိုဆိုလိုကြောင်း သတ်မှတ်သည်။

**မုဒိမ်းမှုသဘောမသက်ရောက်သော ကာမစပ်ယှက်မှု**

အိန္ဒိယရာဇသတ်ကြီးတွင် အသစ်ဖြည့်စွက်ပြဋ္ဌာန်းခဲ့သော ပုဒ်မ ၃၇၆-ခ၊ ၃၇၆-ဂ နှင့် ၃၇၆-ဃ တို့အရ ပြည်သူ့ဝန်ထမ်း၊ အကျဉ်းထောင်အချုပ်ခန်း၊ ဂေဟာ၊ ဆေးရုံစသည်တို့တွင် စီမံခန့်ခွဲအုပ်ချုပ်သူများက ၎င်းတို့၏ ရာထူးကိုအခွင့်ကောင်းယူ၍ ၎င်းတို့ထိန်းသိမ်းထားသည့် သို့မဟုတ် ၎င်းတို့စီမံခန့်ခွဲမှုအောက်ရှိ မည်သည့်အမျိုးသမီးကိုမဆို မုဒိမ်းမှုကျူးလွန်သည့် သဘောမသက်ရောက်သည့် ကာမစပ်ယှက်မှုကိုပြုကျင့်ပါက ထိုသူကို ငါးနှစ်ထိထောင်ဒဏ် တစ်မျိုးမျိုးကိုဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်သည်။

**သက်ငယ်မုဒိမ်းမှုဆိုင်ရာဥပဒေ**

အိန္ဒိယနိုင်ငံ ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ခြင်းမူဝါဒများအရ အိန္ဒိယလွှတ်တော်သည် သက်ငယ်မုဒိမ်းမှုများနှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ် လိင်ပိုင်းဆိုင်ရာပြစ်မှုများမှ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ခြင်းဥပဒေကြမ်းကို တင်သွင်းခဲ့သည်။ ၂၀၁၂ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် အက်ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အစိုးရအဖွဲ့သည် ဥပဒေပြဋ္ဌာန်းချက်အရ နည်းဥပဒေများကိုလည်း ရေးဆွဲပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။ ကြီးလေးသောပြစ်ဒဏ်များ သတ်မှတ်ထားသည့်ကိုတွေ့ရသည်။

**နှိုင်းယှဉ်လေ့လာစဉ်းစားဖွယ်ရာမုဒိမ်းမှုပြဿနာ**

မုဒိမ်းမှုပြဿနာကို အိန္ဒိယနိုင်ငံရာဇတ်သတ်ကြီးတွင် ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်း ထားချက်များသည် နှိုင်းယှဉ်စဉ်းစားဖွယ်ရာပင်ဖြစ်သည်။ ဘက်ပေါင်းစုံက လေ့လာသုံးသပ်၍ အားနည်းချက်များမဖြစ်ရအောင် ပြင်ဆင်ပေးထားသည်။ သက်ငယ်မုဒိမ်းပါသည်။ ဆေးရုံ၊ ဆေးခန်း၊ အကျဉ်းထောင်၊ အချုပ်ခန်း၊ ရုံးများ၊ ဂေဟာများ မကျန်ရှိစေရပါ။ မုဒိမ်းမှု ကျူးလွန်ခြင်းလည်းပါသည်။ မုဒိမ်းမှုကျူးလွန်ခြင်းမသက်ရောက်သည့် ကာမစပ်ယှက်ခြင်း များကိုလည်းအရေးယူအပြစ်ပေးနိုင်သည်။ ပြစ်ဒဏ်သတ်မှတ်ထားချက်များသည်လည်း ထိထိ ရောက်ရောက်ရှိသည်။ ဥပဒေယဉ်ကျေးမှုတစ်ရပ်ပီပြင်အောင် တည်ဆောက်ထားသည်။ သူတို့နိုင်ငံ သူတို့၏ဥပဒေအတွေးအမြင်၊ ဥပဒေအသိကို နှိုင်းယှဉ်လေ့လာသိရှိရသည်။

မြန်မာနိုင်ငံတွင် သက်ငယ်မုဒိမ်းမှုတွေ များများလာသည်။ မကြားဝံ့မနာသာ၊ ဆွေမျိုး သားချင်း၊ သွေးရင်းသားရင်းတွေအပါအဝင် ဆရာနှင့်တပည့်စသည်ဖြင့် မုဒိမ်းမှုဖြစ်ရသည်ကို မကြာခဏ တွေ့တွေ့လာရတတ်သည်။ ဤသည်တို့မှာ မုဒိမ်းမှုများတွင် ပြစ်ဒဏ်ချမှတ်ချက် ထိရောက်မှုမရှိခြင်း၊ ဥပဒေ၏ပြဋ္ဌာန်းချက်သည် လက်ရှိအခြေအနေအတွက် အားနည်းမှု ရှိနေခြင်းတို့ကြောင့် ထိုကဲ့သို့ မနှစ်မြို့ဖွယ်ရာမုဒိမ်းမှုတွေ တိုး၍တိုး၍လာစေသည်ဟု ရှုမြင်မိသည်။ မိမိတို့နိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်ကို ပြန်လည်သုံးသပ်စိစစ်၍ ပြင်ဆင်သင့်သည်များ ပြင်ဆင်သင့်အပ်သည်။ ဥပဒေကိုပြင်ဆင်ရန်ဆိုလျှင် ဓမ္မဓိဋ္ဌာန်ကျဖို့လိုသည်။ ဆက်စပ်ဥပဒေများနှင့်ညီညွတ်ရန် ချိန်ထိုးစဉ်းစားကြရပါမည်။

မုဒိမ်းမှုပြဿနာရပ်သည် လူနေမှုအဖွဲ့အစည်းတစ်ခုတွင် စက်ဆုပ်ရွံရှာဖွယ်ရာကောင်းသော ဆိုးရွားသည့် အကျင့်စာရိတ္တပျက်ပြားမှု တစ်ရပ်ပင်ဖြစ်သည်။ လျစ်လျူရှုမထားသင့်။ ပေါ့ပေါ့ တန်တန် သဘောမထားသင့်။ အထူးအာရုံစိုက်သင့်သည်။ အလေးဂရုပြုသင့်သည်။ အမျိုးသမီးများ၏လူနေမှုဘဝလုံခြုံရေး အထူးသဖြင့် သက်ငယ်မိန်းကလေးများ၏ လူနေမှုဘဝလုံခြုံရေးကို အစဉ်ထာဝရစောင့်ရှောက်မှုပေးနေသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံ၏ မုဒိမ်းမှုပြဿနာ လျှော့နည်းပပျောက်ရေးအတွက် အဘက်ဘက်မှတာဝန်ရှိသူတွေ၊ ဥပဒေရေးရာလေ့လာသူတွေ၊ လူမှုအဖွဲ့အစည်းများမှာ ပါဝင်ဆောင်ရွက်နေသူတွေဝိုင်းဝန်းကူညီအဖြေရှာ၍ စီမံဆောင်ရွက်ပေးသင့်သည့်အချိန်ရောက်ရှိနေသည်ကိုသတိပြုမိသည်။ ဥပဒေမူဘောင်ကိစ္စဖွင့်ဟဆိုရပါလျှင် နှိုင်းယှဉ်လေ့လာ စဉ်းစားဖွယ်ရာ မုဒိမ်းမှုပြဿနာကို မိမိနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်စေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဦးတည်အလေးထား ဆောင်ရွက်သင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

**အမျိုးသမီးများ၏ လူနေမှုဘဝ ထာဝရလုံခြုံမှု ရှိနေနိုင်ကြပါစေ။**

**ဥပဒေမူဘောင်ကိစ္စ တာဝန်ရှိသူတွေ ပြုပြင်ပြဋ္ဌာန်းပေးနိုင်ကြပါစေ။**

# ၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကြီးအတွက် အကြိုလေ့ကျင့်ပြင်ဆင်

**ရန်ကုန် မတ် ၂၂**

၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ပေးပွဲကြီးအတွက် အကြိုလေ့ကျင့်ပြင်ဆင်မှုများကို မတ် ၂၂ရက် ညနေပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park ၌ ပြုလုပ်ခဲ့သည်။ အကြိုလေ့ကျင့် ပြင်ဆင်နေမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက "မနှစ်ကနဲ့မတူအောင်ဆိုပြီး ရည်ရွယ်လုပ်တာမရှိဘူး။ ကျွန်တော်တို့လုပ်နိုင်တဲ့အထဲက အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်တယ်။ ပွဲကျင်းပမယ့် အစီအစဉ် အစအဆုံးပြောပြဖို့ကတော့ ခက်ပါတယ်။ ကျွန်တော်တို့ ဆုမချီးမြှင့်ခင်မှာ နိုင်ငံတော်အကြီးအကဲတွေက မုဒိတာစကားတွေ ပြောမယ်။ ဆုချီးမြှင့်မယ်။ ဆုမချီးမြှင့်ခင်မှာ ပရိသတ်တွေမငြီးငွေ့ရအောင် ဖျော်ဖြေရေးတွေ လုပ်မယ်"ဟု ပြောသည်။

မတ် ၂၃ ရက် ညနေပိုင်းတွင် ကျင်းပတော့မည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးတွင် ၂၀၁၇ ခုနှစ်အတွက် ရုံတင်ကား စုစုပေါင်း ၅၃ ကားရှိပြီး ယင်းတို့အနက်မှ ဆန်ခါတင် ရုပ်ရှင်ဇာတ်ကားများကို အဝင်လျှောက်လမ်းတစ်လျှောက် ပိုစတာများထောင်ကာ ပြသထားမည်ဖြစ်သည်။ ယင်းပြင် ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အလိုက် ဆုတစ်ဆုနှင့် တစ်ဆုကြားတွင်လည်း မြန်မာ့ရုပ်ရှင်ဂန္ထဝင်တေးသီချင်းများကို နိုင်ငံကျော်တေးသံရှင်များက သီဆိုဖျော်ဖြေပေးမည့် ဖျော်ဖြေရေးကဏ္ဍ ပါဝင်မည်ဖြစ်သည်။ ထူးခြားချက်မှာ မည်သည့်နှစ်တွင်မှ ချီးမြှင့်ခဲ့ခြင်းမရှိသည့် တစ်သက်တာ ရုပ်ရှင်ထူးချွန်ဆုကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

"တစ်သက်တာဆုလည်း ပါမယ်ဆိုတော့ ဆုက ၁၂ ဆု ဖြစ်ရင်လည်း ဖြစ်မယ်။ ၁၃ ဆုလည်း ဖြစ်ရင်ဖြစ်မယ်။ ဆုပေါ်မူတည်ပြီး ဖျော်ဖြေရေးတွေ လုပ်သွားမယ်။ အရင်တုန်းက သီချင်းပဲဖွင့်တယ်။ ထူးခြားတာက ဒီနှစ်မှာ ပွဲအစအဆုံး ဓိရာမိုရ်တို့ Orchastra အဖွဲ့က Live တီးမယ်။ ရုပ်ရှင်သီချင်းတွေ သီဆိုဖျော်ဖြေသွားမယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောသည်။

ထို့ပြင် အခမ်းအနားတွင် ဆုရရှိသူများကို ဆုများပေးအပ်ရန် အကူမောင်မယ်များအဖြစ် အတွဲအလိုက် အိစိကွေးနှင့် စံထိပ်ထားဦး၊ အားသစ်နှင့် လေပြည်သွေး၊ ဝင်းခန့်မိုးနှင့် ပန်းနုမေပျို၊ မင်းသုခိုင်နှင့် စန္ဒြာရွှေရည်တို့က ဆောင်ရွက်သွားမည် ဖြစ်သည်။ ယခုနှစ်အတွက် အကယ်ဒမီထူးချွန်ဆုပေးပွဲကြီးကို Forever Group က တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး ကုန်ကျစရိတ်သည် သိန်း ၃၀၀၀ ခန့် သုံးစွဲထားကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကြီးအတွက် အကြိုလေ့ကျင့်ပြင်ဆင်နေစဉ်။

# နေတိုးနဲ့ ပြေတီဦးကတော့ လူမှုကွန်ရက်စာမျက်နှာတွေမှာ တော်တော်နာမည်ကြီးနေတာ၊ သူတို့ရနိုင်တယ်

***၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ပေးပွဲကြီးကို ယနေ့ (မတ် ၂၃ ရက် ) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည် ဖြစ်သည်။ ယင်းသည် အနုပညာ၊ အတတ်ပညာရှင်များအတွက်သာမက ပရိသတ်ကြားတွင်လည်း သူတို့ချစ်သည့် အနုပညာရှင်တိုင်းအတွက် ရင်ခုန်စိတ်လှုပ်ရှားနေပြီ ဖြစ်သည်။ ထို့ကြောင့် ပရိသတ်အချို့နှင့်တွေ့ဆုံစဉ် သူတို့၏ ရင်ခုန်သံများကို မေးမြန်းခဲ့သည်။***



မပပလင်းဝေ



မထွန်းပအိမ်



မရွှေသိမ့်သိမ့်စံ



မအေးမို့



မမြင့်မြင့်အေး

**မပပလင်းဝေ (ကမာရွတ်မြို့နယ်)**

ကျွန်မကတော့ နေတိုးကို ရစေချင်တယ်။ Copy ဇာတ်ကားဆိုပေမယ့် တာတေကြီးမှာ နေတိုးသရုပ်ဆောင်တာ တော်တော်ကောင်းတယ်။ မိန်းမလျာဇာတ်ရုပ်ကို အခြား မြန်မာကားတွေမှာ တွေ့ရသလို မဟုတ်ဘူး။ သရုပ်ဆောင်တာတွေကလည်း ပီပြင်သလို ဇာတ်ရုပ်တစ်ခုနဲ့တစ်ခုကြားမှာ ကွဲလွဲအောင် သရုပ်ဆောင်ထားတယ်။ ဘာပဲပြောပြော ကျွန်မကတော့ သရုပ်ဆောင်ကောင်းတဲ့ နေတိုးကိုတော့ အကယ်ဒမီ ရစေချင်တယ်။

**မထွန်းပအိမ် (စမ်းချောင်းမြို့နယ်)**

ထာဝရအမေကို ဇာတ်ကားဆု ရစေချင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒါရိုက်တာရဲ့ အားထုတ်မှုရော၊ ထုတ်လုပ်သူရဲ့ ပံ့ပိုးပေးမှုပါ ပြည့်စုံတယ်လို့မြင်တယ်။ ဒီဇာတ်ကားက မြန်မာ့ရုပ်ရှင် လောကအတွက် မှတ်တမ်းတင်ထိုက်တဲ့ ဇာတ်ကားလို့ မြင်မိပါတယ်။ ဒါ့ကြောင့် ဇာတ်ကားဆု ရစေချင်တာပါ။ မင်းသမီးမှာဆိုရင် မထွန်းအိန္ဒြာဗို၊ ပြီးတော့ မထူးမွန်၊ သူဆိုရင်လည်း ရုပ်ရှင်ဇာတ်ကားကြီးတွေမှာ တွေ့ရနည်းပေမယ့် ကျွန်ဇာတ်ကားမှာ သူရဲ့သရုပ်ဆောင်မှုတွေက ဇာတ်ဆောင်ကို အားကောင်းအောင် ပံ့ပိုးပေးနိုင်တာ တွေ့ရတယ်။ သူတို့နှစ်ယောက်အတွက် ကျွန်မ ရင်ခုန်ပေးချင်ပါတယ်။

**မရွှေသိမ့်သိမ့်စံ (အင်းစိန်မြို့နယ်)**

အေးမြတ်သူကို ရစေချင်တယ်။ နေခြည်မှာ ရွှေရည်လောင်းနဲ့ ခေါက်ထီးလေး မလုံတလုံ ဇာတ်ကားတွေမှာ သူသရုပ်ဆောင်တာကို ကြိုက်တယ်။ ဇာတ်ရုပ်ပီပြင်တယ်။ နေခြည်မှာ ရွှေရည်လောင်းဆိုရင် သူ့အသားအရေကအစ အညာသူတစ်ယောက်ပုံစံဖြစ်အောင် အဝတ်အစားကအစ သေချာပြင်ဆင်ထားတာတွေ့ရတယ်။ အလှအပထက် သရုပ်ဆောင်ပိုင်းကို ဦးစားပေးပြီး သရုပ်ဆောင်သွားတဲ့အတွက် သူ့ကို အကယ်ဒမီ ရစေချင်တယ်။

**မအေးမို့ (တောင်ဥက္ကလာပမြို့နယ်)**

အူဝဲကို ရစေချင်ပါတယ်။ သူက အကယ်ဒမီ ကံနည်းတယ်လို့ ပြောရမလား။ အကယ်ဒမီနဲ့ လွဲလွဲနေတာ ကြာပါပြီ။ ရင်ဘတ်ထဲကဓားနဲ့ သူ့ကို အကယ်ဒမီ ရစေချင်တယ်။ အဲဒီကားထဲမှာဆိုရင် သူသရုပ်ဆောင်သွားတာ မိန်းကလေးပရိသတ်ရဲ့ ရင်ကို လှုပ်ခါသွားစေပါတယ်။ သူက သရုပ်ဆောင်နေတာနဲ့မတူဘဲ အပြင်မှာ တကယ်ဖြစ်ပျက်နေသလို ပရိသတ်ကို ခံစားရစေတယ်။ လရိပ်ဝေး ဆိုတဲ့ နာမည်လည်း တွင်သွားတယ်။ FB မှာလည်း လူပြောများတယ်။ ဒါ့ကြောင့်လည်း ဒီကားလေးနဲ့ အူဝဲကို နောက်တစ်ကြိမ် အကယ်ဒမီဆုကို ရစေချင်ပါတယ်။

**မမြင့်မြင့်အေး (လှိုင်မြို့နယ်)**

နေတိုးနဲ့ ပြေတီဦးကတော့ လူမှုကွန်ရက် စာမျက်နှာတွေမှာ တော်တော်နာမည်ကြီးနေတာ။ သူတို့ ရနိုင်တယ်ပေါ့။ အစ်မအနေနဲ့လည်း နှစ်ယောက်ထဲက တစ်ယောက်ရရင် ကျေနပ်ပါတယ်။ မင်းသမီးဆိုရင် ယဉ်လက်ကို ရစေချင်တယ်။ သရာဇောထိမှာ သူသရုပ်ဆောင်တာလေးကို ချစ်လို့လေ။ သူတို့ကို အကယ်ဒမီရစေချင်တယ်။ ဒါပေမဲ့လည်း အကယ်ဒမီက အနုပညာရှင်တွေအတွက် ပြောရရင် ၁၀ တန်းစာမေးပွဲလိုပဲ ထင်တယ်။ နတ်ကြီးတယ်လေ။ ဒီတော့ အကယ်ဒမီ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစ်မကတော့ ဆက်လက်အားပေးသွားမှာပါ။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## Wonder Woman 2 ကို အမေရိကန်မှာ ဇွန်လအတွင်း စတင်ရိုက်ကူးမည်



အောင်မြင်တဲ့ အမျိုးသမီး လူစွမ်းကောင်းရုပ်ရှင်တစ်ကားဖြစ်တဲ့ "Wonder Woman"ရဲ့ ဒုတိယမြောက် ရုပ်ရှင်သစ်ကိုတော့ လာမယ့် ဇွန်လအတွင်း စတင်ရိုက်ကူးတော့မှာဖြစ်ပါတယ်။ ရိုက်ကွင်းနေရာတွေအဖြစ် အမေရိကန်မှာရှိတဲ့ ဗာဂျီးနားယားပြည်နယ် မြောက်ပိုင်းဒေသတွေနဲ့ ကိုလံဘီယာခရိုင်တွေမှာ ရိုက်ကူးဖို့ရာ ရွေးချယ်ထားကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အများက မျှော်လင့်စောင့်စားနေရတဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Wonder Woman 2"ကို လာမယ့် မေလအတွင်း စတင်ရိုက်ကူးသွားမှာဖြစ်ကြောင်း အစပိုင်းမှာ သတင်းတွေပေါ်ထွက်လာခဲ့ပေမယ့် နောက်ပိုင်းထွက်ပေါ်လာခဲ့တဲ့ အသေးစိတ် သတင်းအချက်အလက်တွေအရတော့ လာမယ့် ဇွန်လအတွင်း စတင်ရိုက်ကူးဖို့ရာ ရွှေ့ဆိုင်းလိုက်တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ယခင်က "Wonder Woman 2"မှာ မင်းသမီး အမ်မာစတုန်းက ပြောင်းလဲပါဝင်သရုပ်ဆောင်သွားမှာ ဖြစ်ကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ပထမဆုံးရုပ်ရှင်မှာပင် ပါဝင်ခဲ့တဲ့ မင်းသမီး ဂဲလ်ဂတ်ဒေ့ါက အဓိက ဇာတ်ဆောင်ဖြစ်တဲ့ ခရစ်ပိုင်းနေရာမှာ ပြန်လည်ပါဝင်မှာဖြစ်ကြောင်း အတည်ပြုပေးခဲ့တာ ဖြစ်ပါတယ်။ ယင်းရုပ်ရှင်သစ်ကိုတော့ အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁ ရက်မှာ စတင်ရုံတင်ဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။ **အေးပြည့်**



## အုတ်တွင်းမြို့နယ်တွင် လူထုအခြေပြုလေ့လာမှုစခန်း ဖွင့်လှစ်

**အုတ်တွင်း မတ် ၂၂**
တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာ၌ လူထုအခြေပြုလေ့လာမှုစခန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို မတ် ၂၀ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တက်ရောက်လာသော တောင်သူများနှင့် တွေ့ဆုံ၍ ယခု ဖွင့်လှစ်သော လူထုအခြေပြုလေ့လာမှုစခန်း၌ တောင်သူများ၏ နေ့စဉ်ကြုံတွေ့နေရသော စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများကို အချိန်နှင့် တစ်ပြေးညီ ကူညီဖြေရှင်းပေးနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးထားသောစခန်းတစ်ခုဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာ သေနတ်ပစ် အားကစားအဖွဲ့ချုပ်နှင့်တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၂၂**
မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် တိုးတက်စေရန်နှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ လေ့ကျင့်လျက်ရှိသည့် ပစ်ခတ်စင်များအား တိုးချဲ့နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ရန် အပြည်ပြည်ဆိုင်ရာသေနတ်ပစ်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အီတလီနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Lociano Rossi နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E.Pier Giorgio Albertiတို့နှင့် မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်မိုးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များက ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံ သေနတ်ပစ် အားကစားအဖွဲ့ချုပ်ရုံး၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**ကြေးမုံ**

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၂၂**
သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းက ဒုတိယအကြိမ်မြောက် အသက်(၈၀)နှင့်အထက် သက်ကြီးအသင်းသားများ ပူဇော်ပွဲနှင့်ဝန်ထမ်းဟောင်းများမိတ်ဆုံတွေ့ဆုံပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း (ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်)ရှိ ပြန်ကြားရေးဝန်ကြီးဌာန ခမ္မာရုံ၌ စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအားလုံး (အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ) တက်ရောက်နိုင်ပါကြောင်းနှင့် အသင်းသားအသစ်အဖြစ် ပါဝင်လိုသူများ၊ အသင်းနှစ်စဉ်ကြေးပေးသွင်းလိုသူများ အဆင်ပြေစေရေးအတွက် အခမ်းအနားကျင်းပမည့်နေ့ရက်တွင် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ အသင်းအတွင်းရေးမှူး ဦးဇော်ဝင်း(ဖုန်း-၀၉၄၂၀၀၁၃၈၉)နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း (ဖုန်း-၀၉၄၄၀၃၇၇၆၃၆)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကြေးမုံ**

## မြန်မာကင်းထောက်လူငယ်များနှင့် ဂျပန်၊ ဟောင်ကောင်လူငယ်များစုပေါင်း၍ ဆောက်လုပ်လှူဒါန်းသည့် သဘာဝဘေးဒဏ်ခံ လုံးချင်းဝါးနေအိမ်များ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ



**သနပ်ပင် မတ် ၂၂**
မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် Habatit for Humanity Myanmar အဖွဲ့တို့ ပူးပေါင်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ရှားမှုအဖြစ် မြန်မာကင်းထောက်လူငယ်များနှင့် ဂျပန်၊ ဟောင်ကောင် လူငယ်များ စုပေါင်း၍ ဆောက်လုပ်လှူဒါန်းသည့် သဘာဝဘေးဒဏ်ခံ လုံးချင်းဝါးနေအိမ်များ လွှဲပြောင်းပေးအပ်ပွဲကို ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ ကံကုန်းကျေးရွာတွင် မတ် ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး သစ်တောနှင့် သယံဇာတဝန်ကြီး ဒေါက်တာစောညိုဝင်း၊ မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် Habatit for Humanity International Asia Pacific Regional Director of Communication Ms.Michele Sohu ယခုကျေးရွာတွင် Habatit for Humanity Myanmarနှင့် မိတ်ဖက်အဖွဲ့အစည်း ဂျပန်၊ ဟောင်ကောင် လူငယ်များ၊ မြန်မာကင်းထောက်လူငယ်များ၊ စုပေါင်း၍ ဒေသခံ ကျေးရွာလူထုအနက် ဆင်းရဲချို့တဲ့သူ၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုများ၊ လူဦးရေများပြားသည့် ဒေသခံကျေးရွာလူထုကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ပြီး ၎င်းတို့နေထိုင်နိုင်ရန် သဘာဝဘေးဒဏ်ခံသည့် ဝါးနေအိမ်တဲများ၊ ကျန်းမာရေးနှင့် ညီညွတ်သည့် ယင်လုံအိမ်သာများကို ဆောက်လုပ်ခဲ့ရာ ပြီးစီးပြီဖြစ်သဖြင့် ယခုကဲ့သို့ လှူဒါန်းလွှဲပြောင်း ပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

၎င်းနောက် Habatit for Humanity Myanmar ပဲခူးစီမံကိန်း တာဝန်ခံ ဒေါ်စုမြတ်နိုင်က သဘာဝဘေးဒဏ်ခံ လုံးချင်းဝါးနေအိမ်များ နေထိုင်ခွင့်ရရှိသူ ဒေသခံ ကျေးရွာသား ရှစ်ဦးအား နေထိုင်ခွင့်များ လွှဲပြောင်းပေးအပ်ကာ ဂျပန်လူငယ်များနှင့် ကံကုန်းကျေးရွာ၊ ဒေသခံလူငယ်များက ရိုးရာတေးသီချင်း အကများ၊ တက္ကသိုလ်ကင်းထောက်များက "ငြိမ်းချမ်းရေး သံတမန်" တေးသီချင်းနှင့် အကများကို သီဆိုဖျော်ဖြေကြသည်။

အခမ်းအနား အပြီးတွင် တက်ရောက်လာကြသူများက ဆောက်လုပ်လှူဒါန်းသည့် သဘာဝဘေးဒဏ်ခံ လုံးချင်းဝါးနေအိမ်များ၊ ယင်လုံအိမ်သာများကို လှည့်လည်ကြည့်ရှုကြသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလှုပ်ရှားမှုအဖြစ် မြန်မာကင်းထောက် လူငယ်များဖြစ်သည့် တက္ကသိုလ်ကင်းထောက် ၁၀ ဦးနှင့် ဒေသခံ ကင်းထောက်များ ၆၀၊ ဂျပန်၊ ဟောင်ကောင် လူငယ်အမျိုးသား၊ အမျိုးသမီး ၇၀ တို့သည် မတ်လ ၁၁ ရက်မှ စတင်ပြီး သဘာဝ ဘေးဒဏ်ခံ လုံးချင်းဝါးနေအိမ်များကို နှီးဖြင့် ချိတ်ဆက်ဆောက်လုပ်ခြင်းမဟုတ်ဘဲ ဝါးဖောက်သတ်ရိုက်ကာ ခိုင်မာအောင် ချိတ်ဆက်သည့် ပညာဖြင့် ဆောက်လုပ်ခြင်းများ၊ ဒေသခံကျေးရွာလူထုနှင့် ကလေးငယ်များအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးအသိပညာပေးခြင်း၊ မိသားစုများနေအိမ်သို့ သွားရောက်တွေ့ဆုံခြင်းနှင့် စုပေါင်းသီဆို ကစားသည့် ကစားပွဲများ၊ တေးသီချင်းများ၊ သီဆိုလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ **ကြေးမုံ**

## လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ကျိုက်မရော မတ် ၂၂**
မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသော "လူငယ်နှင့် မူးယစ်ဆေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း Public Talk ဆွေးနွေးပွဲကို မတ် ၂၀ ရက် နံနက် ၁၀ နာရီက ကျိုက်မရောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟသာ်ခန်းမ၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် မွန်ပြည်နယ်နယ်အစိုးရအဖွဲ့ ကရင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်နှင့် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့် တို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးအေးသန်း၊ မြို့နယ် ဒုတိယဥပဒေ အရာရှိဦးဇော်ဝင်းရှိန်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါ်စောယုမေတို့က ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များအားမေးမြန်းကြသည်။

အဆိုပါပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ပြည်နယ်နယ်အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)၊ ပရဟိတလူမှုရေး ကွန်ရက်အဖွဲ့အစည်းများ၊ လူငယ်လူရွယ်များ၊ စိတ်ပါဝင်စားသူများနှင့် ဒေသခံပြည်သူများ ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဂမုန်းရေလှောင်တမံ၏ကြံ့ခိုင်မှုအခြေအနေအား ဘူမိရုပ်သွင်ပုံရိပ်ဖော်စက်များနှင့်ခေတ်မီနည်းပညာများအသုံးပြုဆောင်ရွက်

**ကြို့ပင်ကောက် မတ် ၂၂**
မတ် ၂၂ ရက် နံက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)ဦးတင်ထွန်းအောင်နှင့်ဝန်များသည် အုတ်ဖိုမြို့ အရှေ့ဘက်ရှိ ဂမုန်းရေလှောင်တမံ၏ကြံ့ခိုင်မှုအခြေအနေများအား ဘူမိရုပ်သွင်ပုံရိပ်ဖော်စက်များနှင့် ခေတ်မီနည်းပညာများ အသုံးပြု၍ ဘူမိဗေဒဆိုင်ရာအသေးစိတ်တာမှုများဆောင်ရွက်ပြုလုပ်ကြသည်။

ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ဂမုန်းရေလှောင်တမံ၏ကြံ့ခိုင်မှုအခြေအနေများကိုသိရှိရန် ဆည်းမြောင်းနှင့်ရေအသုံးမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်၏လမ်းညွှန်ချက်များအရ ဘူမိဗေဒဌာနခွဲရုံး လက်ထောက်ညွှန်ကြားရေးဦးဇော်ဦးနှင့်ဦးစီးအရာရှိ ဦးငြိမ်းကျော်တို့ ဦးဆောင်သောအဖွဲ့သည် ဂမုန်းရေလှောင်တမံအား ဘူမိရုပ်သွင်ပုံရိပ်ဖော်စက်များနှင့် ခေတ်မီနည်းပညာများ အသုံးပြု၍ဘူမိဗေဒဆိုင်ရာအသေးစိတ်တာမှုများဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

အဆိုပါ ရေလှောင်တမံသည် ငလျင်လှုပ်ခတ်မှုများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့သော်လည်းတိုင်းတာချက်များအရတမံ၏ ကိုယ်ထည်ပိုင်းနှင့်တမံအောက်ခံမြေသားအခြေအနေများ ပြောင်းလဲသွားခြင်းမရှိ၊ ယခုတမံရေအမှတ် ၂၅၆ ဒသမ ၄ ပေတွင်လည်း အန္တရာယ်တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

ဂမုန်းရေလှောင်တမံသည်၂၀၁၁ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီးမိုးစပါးအောင်ရေ ၁၂၀၀၀ ဧကခန့်ကို နှစ်စဉ်ရေပေးဝေကာနွေစပါး ၃၅၀၀ ဧကနှင့် ဆောင်းသီးနှံ ဧက ၁၀၀၀ စုစုပေါင်း ၄၅၀၀ ဧကခန့်အားစိုက်ပျိုးရေပေးဝေလျက်ရှိသောရေလှောင်တမံဖြစ်သည်။

**ဇေယျာထွန်း(ပြန်/ဆက်)**



## ရေမြောင်းများရှင်းလင်း

**ဒဂုံမြို့သစ်(တောင်ပိုင်း) မတ် ၂၂**
ရန်ကုန် အရှေ့ပိုင်းခရိုင်း ဒဂုံမြို့သစ် တောင်ပိုင်း မြို့နယ်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဦးဆောင်၍ စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများက မတ် ၂၀ ရက် နံနက်ပိုင်းက အမှတ် ၂၅ ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း အမှတ်(၂) အနီး လောင်းလုံလမ်းနှင့် ကတန်ကျွန်းလမ်း တစ်လျှောက်ရှိ ရေမြောင်းများကို တူးဖော်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**၅၄၈**

# ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**ကော့သောင်း မတ် ၂၂**
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် မတ် ၂၁ ရက် မွန်းလွဲပိုင်းက ခရီးသွားနှင့်ရင်းနှီးမြှုပ်နှံမှု ပွဲတော်ကျင်းပမည့် ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် သီရိမင်္ဂလာပြည်သူ့ရင်ပြင် (၃) မိုင်ကွင်းသို့ရောက်ရှိပြီး ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်တွင် ခင်းကျင်းပြသမည့် ဌာနဆိုင်ရာပြခန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်းများ၊ အရောင်းပြခန်းများ၊ ကျွန်းပြခန်းများ ဆောက်လုပ်နေမှုအခြေအနေနှင့် ပွဲတော်ခင်းကျင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပွဲတော်ကျင်းပရေးဗဟိုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများသို့ ပွဲတော် စနစ်တကျ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြမည့် လုပ်ငန်းရှင်များ လာရောက်လေ့လာ ကြည့်ရှုမည်ဖြစ်သည့်အတွက် ပွဲတော်ကျင်းပမည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ် ကောင်းမွန်အောင် ဆောင်ရွက်ကြရေး မှာကြားခဲ့သည်။



အဆိုပါ ခရီးသွားနှင့် ရင်းနှီးမြှုပ်နှံမှု ပွဲတော်တွင် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းများနှင့်သက်ဆိုင်သော ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနပြခန်း၊ တိုင်းဒေသကြီး MIC ပြခန်း၊ ဆလုံရိုးရာယဉ်ကျေးမှုပြခန်း၊ ထိုင်းခရီးသွားကုမ္ပဏီပြခန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များပြခန်း၊ ထားဝယ် မြိတ်ခရိုင်ဒေသပြခန်း၊ သစ်တောနှင့် ပုလဲမွေးမြူရေးပြခန်း၊ ဒေသတွင်း နိုင်ငံတကာအဆင့်မီ အပန်းဖြေကျွန်းပြခန်းများ၊ ဒေသတွင်းအခြားစီးပွားရေးလုပ်ငန်းရှင်များပြခန်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်အခြားပြခန်းများ၊ ဒေသထွက်ကုန် အစားအစာ၊ အဝတ်အထည်နှင့် ဒေသရိုးရာယဉ်ကျေးမှုပြခန်းများ၊ ခေတ်ပေါ်ခေတ်ဟောင်း ရိုးရာတေးဂီတဖျော်ဖြေမှုအစီအစဉ်များ၊ မြန်မာ့ရိုးရာအကပဒေသာများဖြင့် ကော့သောင်းမြို့တွင် နိုင်ငံတော်အဆင့် ပွဲတော်တစ်ခုအဖြစ် စည်ကားသိုက်မြိုက်စွာ မတ် ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်တာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် သစ်တောများ၏ အရေးပါသည့် အခန်းကဏ္ဍ ပညာပေးဟောပြော

**မြောင်းမြ မတ် ၂၂**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြောင်းမြမြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေး ဟောပြောမှုကို မြောင်းမြမြို့နယ် မုဆိုးကွင်းကျေးရွာအုပ်စု သစ်တော ကြိုးဝိုင်းနယ်မြေရှိ ဘုရားကုန်းကျေးရွာ၌ မတ် ၂၁ ရက် နံနက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေး ဟောပြောရာတွင် မြို့နယ်သစ်တောဦးစီးမှူး ဦးအံ့ဇော်ထွန်းက သက်ရှိလောကတည်မြဲရေး၊ ရာသီဥတု သာယာလှပရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ မြေဆီလွှာနှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းရေး၊ သဲကန္တာရ ဖြစ်ထွန်းမှုတိုက်ဖျက်ရေး၊ စားနပ်ရိက္ခာ ဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စသည့်လုပ်ငန်းများအတွက် သစ်တောများ၏ အရေးပါသည့် အခန်းကဏ္ဍကို ပြည်သူများအနေဖြင့် အသိအမြင် တိုးပွားစေရန် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ သစ်တောသစ်ပင်များကို တန်ဖိုးထားရေး၊ သစ်တောစိုက်ခင်းများနှင့် မိမိစိုက်ပျိုးထားသည့် အပင်များကို မိမိပိုင်ဆိုင်မှုအတွက် မှတ်ပုံတင်ထားရှိခြင်း ဆောင်ရွက်နိုင်ရေးအတွက် ဘုရားကုန်းကျေးရွာနှင့် အနီးနားကျေးရွာများမှ ပြည်သူများကို ဆွေးနွေးပြောကြားပေးကာ အသိပညာပေးဟောပြောပွဲသို့ မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မန္တလေးမနော်ရမ္မံ ပြည်သူ့ရင်ပြင်တွင် ဗန်ကောက်စတိုင် ညဈေးဖွင့်လှစ်

**မဟာအောင်မြေ မတ် ၂၂**
မန္တလေးမဟာအောင်မြေမြို့နယ် ၆၂ လမ်း၊ ၃၉ လမ်းနှင့် လမ်း ၄၀ ကြားရှိ မနော်ရမ္မံပြည်သူ့ရင်ပြင်တွင် မတ် ၂၂ ရက်မှ ၂၅ ရက်အထိ ဗန်ကောက်စတိုင် ညဈေးကို ဆိုင်ခန်း ၁၀၀ ခန့်ဖြင့် ဖွင့်လှစ်ရာလာရောက်လေ့လာသူ၊ ဝယ်ယူသူ၊ စားသုံးသူများ ဖြင့် အထူးစည်ကားလျက်ရှိသည်။

ညဈေးကို ထိုင်းနိုင်ငံ မဲဆောက်၊ ဗန်ကောက်မြို့တို့ရှိ ဆိုင်းခန်းပုံစံအတိုင်း တည်ဆောက်ပေးထားပြီး ထိုင်းအစားအစာများ၊ ပင်လယ်စာများ၊ ထိုင်းအကင်မျိုးစုံ၊ ရေညှိထမင်းလိပ်အပါအဝင် စားသောက်ဖွယ်ရာများ၊ ထိုင်းကုမ္ပဏီများမှ တင်သွင်းရောင်းသော လူသုံးကုန်၊ အလှကုန်များ၊ အဝတ်အထည်များ၊ ကလေးကစားစရာများ ရောင်းချပေးလျက်ရှိသည်။ ညဈေးသို့ လာရောက်သူများ ကြည့်ရှုနားဆင်နိုင်ရန် Acoustic တေးဂီတအဖွဲ့မှလည်း ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေပေးသည်။

ဗန်ကောက်စတိုင်ညဈေးကို ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## မီးဘေးအန္တရာယ်ကင်းဝေးစေရေးကြပ်မတ်စစ်ဆေး

**ပွင့်ဖြူ မတ် ၂၂**
ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှိန်းမင်းထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မတ် ၂၂ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ် အမှတ်(၄)ချည်မျှင်နှင့် အထည်စက်ရုံသို့ သွားရောက်ပြီး မီးဘေးလုံခြုံရေးအတွက် တပ်ဆင်အသုံးပြုထားသည့် လျှပ်စစ်မီးကြိုးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ-မရှိ၊ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက အလျင်အမြန် ငြိမ်းသတ်နိုင်ရေး မီးငြိမ်းသတ်ရန်ပစ္စည်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရေလှောင်ကန်များတွင် ရေများဖြည့်တင်းဆောင်ရွက်ထားမှု ရှိ- မရှိအခြေအနေများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြပြီး မီးဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် မွန်းတည့် ၁၂ နာရီတွင် အလားတူ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာအုပ်စု မုန်တောကြီးကျေးရွာသို့ သွားရောက်ပြီး ဒေသခံကျေးလက်နေပြည်သူများ မီးဘေးသတိရှိစေရန် အသိပညာပေးဟောပြောခြင်းနှင့် တစ်အိမ်တက်ဆင်းထင်း၊ မီးသွေး၊ အခြားလောင်စာများဖြင့် မီးသုံးစွဲရာတွင် စနစ်တကျ ထားသိုသုံးစွဲမှု ရှိ-မရှိ ကြပ်မတ် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မှူခင်းပညာပေးဟောပြောမှုများဆောင်ရွက်

**အုတ်ဖို**
အုတ်ဖိုမြို့နယ် အုတ်ဖိုမြို့မရဲ့စခန်းအပိုင် မိုးညိုတန်းလမ်းရှိ အ-ထ-က (အုတ်ဖို) ကျောင်းရှေ့၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးဝင်းနိုင်၊ အုတ်ဖိုမြို့မရဲစခန်းမှူး အောင်တင်ရွှေနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုတိယဦးစီးမှူး ဦးသိန်းထွေးနှင့် တပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု လျော့နည်းစေရေး အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**၅၂၆**

**တွံတေး**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကွမ်းခြံရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့နယ်ရဲ့တပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ဦးနှင့်အဖွဲ့၊ ရပ်ကွက်နေပြည်သူ ၃၀ တို့အား သင်္ကြန်ကာလအတွင်း အရက်ပုန်းရောင်းချခြင်း၊ အရက်သေစာမူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုကြရန်၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

**ဒဂုံမြို့သစ်(တောင်ပိုင်း)**
ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၅၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်သိန်းအေး၊ မြို့မရဲ့စခန်းမှူး ဒုရဲမှူး မောင်မောင်ဦးတို့သည် သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး မှုခင်းကျဆင်းရေး ဟောပြောပွဲပြုလုပ်ရာ ရပ်ကွက်နေပြည်သူ ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ဒေါပုံ**
ရန်ကုန် အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်အောင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းထွန်းနိုင်၊ နယ်ထိန်းအရာရှိ ရဲအုပ် မင်းမင်းကျော်တို့သည် မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက ကြည်စုရပ်ကွက်ဓမ္မာရုံ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

အတွေးအမြင် ဆောင်းပါး

## ဒီတော့ဘယ်လို အပြစ်ပေးမှာလဲ

ဒီနေ့အချိန်မှာ သက်ငယ်မုဒိမ်းမှု ကျူးလွန်သူတွေကို သေဒဏ်ပေးဖို့ တောင်းဆိုနေတာ လှည်းနေ၊ လှေအောင်း မြင်းဇောင်းမကျန်၊ တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက်။ ဒါပေမယ့် လျော့မသွားဘဲ တိုးမြဲတိုးလျက်။ ဒီသတင်းတွေ ဖတ်နေရတာ တစ်နေ့ တစ်နေ့ လေးပုဒ်ငါးပုဒ်။ ဒီတိုင်းသာဆိုရင်ဖြင့် ကလေးငယ်တွေရဲ့ ရှေ့ရေးက မတွေးဝံ့စရာ။

ဒီလိုလူမဆန်တဲ့ကျူးလွန်သူတွေကို ဆုံးမဖို့နည်းလမ်းရှိပါတယ်။ ဘယ်လိုအပြစ်ပေးရမလဲဆိုတဲ့ အဖြေအတွက် ဘာကြောင့်ကျူးလွန်ရတာလဲဆိုတဲ့ အကြောင်းအရင်းကို ရှာရမှာပါ။ အဓိကအကြောင်းအရင်းကနှစ်ချက်ထဲ။

၁။ ဖုန်းတွေထဲမှာအလွယ်တကူကြည့်လို့ရတဲ့ မဖွယ်မရာညစ်ညမ်းပုံတွေကြောင့်။
၂။ အသိပညာဗဟုသုတမရှိလို့။

ပထမအကြောင်းအရင်းဖြစ်တဲ့ ညစ်ညမ်းဗီဒီယိုတွေက သူတို့ဖုန်းတွေထဲမှာ အလွယ်တကူ ကြည့်လို့ရတယ်။ ကလေးအရွယ်ကစပြီး သက်ကျားအိုအထိကြည့်နေကြတယ်။ ဒါကြောင့် ၁၄ နှစ်အရွယ်ကလေးက ရှစ်နှစ်အရွယ် မိန်းကလေးကိုကျူးလွန်တာ။ ဒီအရွယ်လေးကို အဲဒီ ဗီဒီယိုတွေက သင်ပေးလိုက်တာ။ ဒီနေ့အချိန်အခါမှာ ဖုန်းတွေကရွာထဲမကဘူး၊ လယ်ထဲ၊ တောထဲ၊ ပင်လယ်ထဲအထိရောက်နေတာ။ အရင်တုန်းကဒီလိုမှ မဟုတ်ဘဲ။ ဖုန်းတွေပေါ်လာမှ ဒီလိုဖြစ်လာတာ။ ဖုန်းတွေကို အပြစ်တင်စရာတော့ မဟုတ်ပါဘူး။

ဒုတိယအကြောင်းရင်းက အသိပညာဗဟုသုတမရှိလို့။ ဒီအကြောင်းရင်းက ပိုပြီးအဓိကကျတယ်။ ဘာကြောင့်လဲဆိုရင် အသိပညာဗဟုသုတရှိတဲ့သူက လုပ်သင့်မလုပ်သင့်ကို သိတယ်။ ဆင်ခြင်တုံတရားရှိတယ်။ စိတ် နောက်ကိုမလိုက်ဘူး။ ဖြစ်လာမယ့်အကျိုးဆက်ကို ကြိုမြင်နိုင်တယ်။ အမှားနည်းတယ်။ ဒီလိုဗီဒီယိုတွေကြည့်မိရင်တောင်မှ ဒီလိုမှုခင်းမျိုးကျူးလွန်မှာမဟုတ်ဘူး။ ဒီနေရာမှာ အသိပညာ၊ ဗဟုသုတကို ရှင်းပြချင်တယ်။ 'အသိတရား' ရှိဖို့ 'ပညာ၊ ဗဟုသုတ' လိုတယ်။ အဲဒီမှာမှ 'ပညာ' က ပိုပြီးအခြေခံကျတယ်။ 'ပညာ' ဆိုတာက ကျောင်းသင်ဘာသာရပ် တွေကိုဆိုလိုတာ။ ပညာတတ်ပြီးမှ ဗဟုသုတ ဖြစ်လာတာ။ အတန်းပညာမှာလည်း ဗဟုသုတပါပြီးသား။ ဒါပေမယ့် မပြည့်စုံသေးဘူး။ ပညာနဲ့ ဗဟုသုတ ပေါင်းစပ်လိုက်တော့မှ ရင့်ကျက်လာတာ။ အဲဒီတော့မှ အသိတရားလို့ခေါ်တဲ့ ဆင်ခြင်တုံတရား ရလာတာ။

ဒါကြောင့် ပညာကောင်းကောင်းတတ်သူက ဘာမဆိုချင့်ချင့်ချိန်ချိန်ပဲလုပ်တယ်။ ဒီလိုလူမဆန်တဲ့ ရာဇဝတ်မှုမျိုး ကျူးလွန်မိမှာမဟုတ်ဘူး။

ခုဖြစ်နေတဲ့ကျူးလွန်မှုတွေကို ဆန်းစစ်ကြည့်လိုက်ရင် ပညာဗဟုသုတမရှိလို့ ဖြစ်တယ်ဆိုတာတွေ့ရမယ်။ ကျေးလက်တောရွာလယ်ဖျား၊ ကိုင်းဖျား၊ ချောင်းဖျား၊ တောထဲထင်းခွေတဲ့နေရာတွေမှာဖြစ်တာ။ မြို့တွေမှာဆိုရင်လည်း အိမ်မဲ့၊ ယာမဲ့၊ ကျူးကျော်နဲ့၊ အစွန်အဖျားတွေမှာ ဖြစ်နေတာ။ သူတို့တွေဟာပညာမတတ်ကြဘူး။ ဒီတော့ ဗဟုသုတ၊ အသိတရားမရှိလို့ လုပ်ချင်ရာလုပ်ကြတာ။

ကဲ ဒါဆိုရင် ဒီလိုဖြုတ်ဦးနှောက်တွေကိုဘယ်လိုဆုံးမရမလဲ။ ပညာပေး ဟောပြောပွဲလောက်ဆို သူတို့က ကျွဲပါးစောင်းတီးပဲ။ ဆင်ပြောင်ကြီးကို အယားပြေအောင်ကုတ်ပေးသလိုပဲဖြစ်မယ်။ ပညာပေးတယ်ဆိုတာ ပညာယူတတ်သူကိုမှ ပညာပေးလို့ရတာ၊ ပညာမယူတတ်သူကို ကြိမ်ဒဏ်ပေးလည်း အလကားဖြစ်မှာ။ ထောင်ဒဏ်တစ်သက်ဆိုလည်း လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာရင် ပြန်လုပ်ကြဦးမှာပဲ။

ဒီတော့ဘယ်လိုအပြစ်ပေးမှာလဲ။

**အောင်ဟိန်းကျော်**

NM New Motion
NEW MOTION Travels & Tours
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 09 73148922, 09 260792879, 09 260792878, 527 922, 538 811



ရွှေလမ်းညွှန်
09-420087371, 09-259302029



Yadanar Traveller Group
09 421089241,456229392, 789790388,66,55,44,22


## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## ဈေးပြိုင်တင်ဒါစနစ်ဖြင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ ဘေးထွက်ပစ္စည်းများ၏ တင်ဒါ ပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို (၁၉-၃-၂၀၁၈) ရက်နေ့မှ (၂၈-၃-၂၀၁၈) ရက်နေ့အထိ (နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီ) အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ (၂၈-၃-၂၀၁၈) ရက်နေ့ ညနေ (၄း၃၀) နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်ရောက်ရှိသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊၀၆၇-၄၁၂၃၇၅ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်**

## ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊
## အငြိမ်းစားနှင့် ဝန်ထမ်းဟောင်းများအသင်း
## သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး
## ဖိတ်ကြားလွှာ

အငြိမ်းစားနှင့် ဝန်ထမ်းဟောင်းများအသင်း၏ ပဥ္စမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝန်ထမ်းဟောင်းများ တက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁-၄-၂၀၁၈ (တနင်္ဂနွေနေ့)
**အချိန်** - နံနက် (၉း၀၀)နာရီမှ (၁၂း၀၀)နာရီထိ
**နေရာ** - တက္ကသိုလ်များဓမ္မာရုံ၊ တက္ကသိုလ်ရိပ်သာလမ်း၊ လှည်းတန်းမီးပွိုင့်အနီး။

**ဆက်သွယ်ရန်ဖုန်း-**
**ဦးသိန်းစိုး-၀၉-၄၄၈၅၄၀၀၈၉**
**ဦးနေဝင်း-၀၉-၂၅၄၃၁၂၇၇၁**
**ဦးမျိုးသန့်-၀၉-၄၄၈၅၃၄၄၃၈**


No.1-TRAVELS Ph:09 404107819, 09 763358058



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
လှည်းကူးမြို့အထွက်အထည်ချုပ်စက်ရုံအနီး(ရွာမြေ)
ရေပါ/မီးရှိ၊(ဒြပ်ပြီး)ကွန်ကရစ်လမ်းရှေ့
25'x60'= (45)သိန်း၊ 40'x60'= (65) သိန်း
Ph: 09-795 518 355,09-450 302 310, 09-799 716 395



တံဆိပ်ခေါင်းပြပွဲ
Stamps Show & Sales
27.3.2018
2 ~ 4 pm
www.facebook.com/ Myanmar Philatelic Society
ဝင်ကြေး အခမဲ့
Tel : 09 5123307
09 5070530



မဟာရန်ကုန်
အိမ်ခြံမြေ / အိမ်ရှာပေးမည်
Ph: 09-444811126
09-444811127
09-73032439



အုံမြိုင်သစ်
Ph:09 404663906
09-763584856


## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါအပြိုင်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ(၁၉)ရက်။

၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူရန်ရှိပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တင်ဒါအမှတ်စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | DE/CAP(18-19)(ST-001) | M.S Plate (6mmx5'x20') (ASTM A-36 Grade) | ၄၅၀-တန် |
| (ခ) | DE/CAP(18-19)(ST-002) | Diesel Engine & Gear Box Complete (Nissan RH 10xD-300 Gear) | 2-Set |
| (ဂ) | DE/CUR(18-19)(ST-003) | ဘက်ထရီ (12V-150 AH) | ၆၀-လုံး |
| (ဃ) | MS/CUR(18-19)(ST-004) | Marine Paint | ၇၅၃-လီတာ |
| (င) | MS/CUR(18-19)(ST-005) | ရေယာဉ်သုတ်ဆေး (ဖြူ+နက်+ခံဆေးနီညို) (ပြည်တွင်းဖြစ်) | ၇၅၀-ဂါလန် |
| (စ) | MS/CAP(18-19)(ST-006) | ၂" နှင့် ၃" ရေစုပ်ပန့်နှင့်အင်ဂျင် | ၂၀-စုံ |
| (ဆ) | MS/CAP(18-19)(ST-007) | ၂½" စတီးဝါယာကြိုး | ၁၀-ခွေ |
| (ဇ) | MS/CAP(18-19)(ST-008) | ၄" နိုင်လွန်ကြိုး | ၁၀-ခွေ |
| (ဈ) | MS/CAP(18-19)(ST-009) | မီးသတ်ပိုက်နှင့် နော်ဇယ်ခေါင်းများ | 1-Lot |
| (ည) | DE/CUR(18-19)(ST-010) | အင်ဂျင်ဝိုင်၊ ဂီယာဝိုင်၊ ဟိုက်ဒြောလစ်ဝိုင် | ၅၆-ပေပါ |

၂။ (၁) တင်ဒါပုံစံများရောင်းချမည့်ရက် - (၂၃-၃-၂၀၁၈)ရက်မှ (၁၂-၄-၂၀၁၈)ရက်ထိ
(၂) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၄-၂၀၁၈ (၁၀း၀၀)နာရီ

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ထောက်ပံ့ရေးဌာနခွဲ ဖုန်း-၀၁-၃၈၄၂၅၂၊ ၀၁-၂၅၀၂၅၁ သို့လည်းကောင်း၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်) ထောက်ပံ့ရေးဌာနခွဲ၊ အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်သို့လည်းကောင်း ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

ထာဝရကုသိုလ် ရယူဖို့ သင်ပင်စိုက်ပျိုး ထိန်းသိမ်းစို့


2018, March 31, April 1,2 နေ့များတွင် Novotel Hotel ၌ ကျင်းပပြုလုပ်မည့် အိမ်ရာအရောင်းပြပွဲသို့ လာရောက်လေ့လာဝယ်ယူနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

Building Data
- Pile Foundation
- Room Type (Fully Decorated)
- Back up Generator
- Elevator (24hr)

Security
- Card access control system
- CCTV
- Audio / Video Intercom

Recreation Facilities
- Infinity Swimming Pool
- Children's Pool
- Relax Area & Garden
- Gymnasium
- Coffee Shop
- Multipurpose Function Hall
- Mini Mart

Carpark
- One Unit 1 Carpark/2 Carparks




GMC
GRAND MYAKANTHAR CONDOMINIUM



အမှတ်(W23)၊ မြကန်သာလမ်း၊ မြကန်သာအိမ်ယာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
Develop By
တကောင်ဘွားကုမ္ပဏီလီမိတက်
TA GAUNG BWAR CO.,LTD.
No (204), Bogyoke Aung San Road, Botahtaung Township, Yangon.
Hot Line : 09 830 2000, 09 830 2888, 09 5026504
Email:tagaungbwarcompany@gmail.com , Facebook:Ta Gaung Bwar Construction

ဒေါ်ခင်းခင်း ဦးစီးသော
ဂယာရွှေပြည် ဗုဒ္ဓဂယာ-ဘန်ကောက်-သီရိလင်္ကာ ဘုရားဖူးဝန်ဆောင်မှုအဖွဲ့

ဂယာ
(7 ရက်ခရီးစဉ်)
Apr-12(သင်္ကြန်)

သီရိလင်္ကာ
Apr-12 (သင်္ကြန်)
Apr-29 (ကဆုန်လပြည့်)
May-29(နယုန်လပြည့်)ဟိုတယ်သီးသန့်

ဘန်ကောက်
ဘန်ကောက်(4)ရက်
Apr-12 (သင်္ကြန်) May- 5, 16, 22
ဘန်ကောက် - ကမ္ဘောဒီးယား (5)ရက်
Apr-12၊ May-5

အမှတ်(၂၀)၊၁၀-လမ်း(လယ်)၊လမ်းမတော်မြို့နယ်။ ဖုန်း: ၀၁-၂၂၁၅၈၆၊၀၉-၅၀၃၅၅၅၁၃၅၊ ၀၉-၄၂၉၄၃၉၄၄

OD TOUR
ORIENTAL DRAGON TRAVELS & TOURS Co.,Ltd
သင်္ကြန်တွင်းခရီးစဉ်များကို စာရင်းသွင်းဝယ်ယူနိုင်ပါပြီ

| | | | | | |
|---|---|---|---|---|---|
| မြစ်ကြီးနားအင်းတော်ကြီးမြစ်ဆုံ | 5N 6D | April12,13 | | 3N 4D | April.13 |
| | 4N 5D | April13,18 | ကော့သောင်း-မြိတ် | 5N 6D | April.12 |
| ကော်ကြီးဖွတ်ပေးဆင်တောင | 4N 5D | April12,18 | ကော်ကြီး-ပုဂံ | 5N 6D | April.12 |
| | 4N 5D | April.13,18 | | 5N 6D | April12 |
| မြဝတီ ၊ မဲဆောက် ၊ ဘားအံ | 4N 5D | April12,13 | | 4N 5D | April.13 |
| ရွှေလီ | 5N 6D | April12 | | 5N 6D | April.12 |
| | 3N 4D | April.13 | ပုဂံ-ရွှေစက်တော် | 5N 6D | April.12 |
| ကော်ကြီး ၊ မွန္တလေး | 5N 6D | April12 | မန္တလေး ၊ မိုးကုတ် ၊ ပြင်ဦးလွင် | 4N 5D | April12,13 |

01-504808, 523187, 09-427669655, 5108087, 5187045
www.facebook/ODTour

Queenswood Beauty Spa
Ph: 09 5177025

ကိုသန့်ဇင်
CAR RENTAL
09-43117680, 09-5059821

Possible Travels & Tours
3 Star Hotel + Scania (2+1) VIP Express
09-420179888
09-799944628

ဝန်ထမ်းအလိုရှိသည်
Tour Manager (၁)ဦး ကျား/မ
Tour Operator (၅)ဦး ကျား
Travel & Tour လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။
PH : 09-965072366
09-765072366

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်
License No(661)
သာကီနွယ်
Hot Line - 01-200952
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
Promotionခရီးစဉ်
(၈.၅) သိန်း (၁၀) ရက်ခရီး စရိတ်ငြိမ်း - ၁. ၄. ၂၀၁၈
(၉.၂) သိန်းစရိတ်ငြိမ်း (၁၃.၄.၂၀၁၈)
Shine Tower (Golden View Condo)

ဂန္ဓဝင်ရွှေပုဂံ Travel & Tours

| | | |
|---|---|---|
| တောင်ကြီး အင်းလေး ပင်းတယ ကလော ခရီးစဉ် | (၄/၅)ရက် | ၁.၉ သိန်း |
| ပုဂံ၊ မန္တလေး ပြင်ဦးလွင် ခရီးစဉ် | (၅/၆)ရက် | ၂.၇ သိန်း |
| မုံရွာ အလောင်းတော်ကဿပ ၊ မန္တလေး ပြင်ဦးလွင် ခရီးစဉ် | (၅/၆)ရက် | ၃.၆ သိန်း |
| ထားဝယ် ခရီးစဉ် (ရှင်ကိုရှင် + မောင်းမကန်) | (၄/၅)ရက် | ၂.၉ သိန်း |
| ထားဝယ် မြိတ် ကော့သောင်းခရီးစဉ် (ဒုံးကျွန်း/ပါလက်ကျွန်း/ဆလုံကျွန်း) | (၆/၇)ရက် | ၄.၇ သိန်း |
| မြဝတီ မဲဆောက် ဘားအံ ခရီးစဉ် | (၄/၅)ရက် | ၂.၄ သိန်း |
| မြစ်ကြီးနား ခရီးစဉ် ( မြစ်ဆုံ အင်းတော်ကြီး ရွှေဘို ဇလုံတောင် ) | (၆/၇)ရက် | ၃.၉ သိန်း |
| စစ်တွေ မြောက်ဦး ခရီးစဉ် ( ကားဖြင့် ) | (၅/၆)ရက် | ၃.၉ သိန်း |
| ငပလီ ခရီးစဉ် ( သံတော်/အံတော်/နံတော် ) ( ကားဖြင့် ) | (၄/၅)ရက် | ၃.၅ သိန်း |

(Ygn Office) : No. 67, Baho Road, Sanchaung Township, Yangon.
Ph: 01 - 510218, 500191, 519292, 510491, 519360
(MDY Office): 38 Rd, Bet, 78 x 79 Street, Mandalay. 09 - 31693339
Facebook : Gandawun Shwe Bagan Travel & Tours
Website : www.gandawunshwebagan.com
Hot Line: 09- 790901466

F.D.A ထောက်ခံချက်ရပြီး
Ki Kie သောက်ရေသန့်မှ 20 Lit ဘူးကြီးအရောင်းကိုယ်စားလှယ် အလိုရှိသည်။ ဟံသာရိပ်မွန် (၅) ရပ်ကွက်၊ ကမာရွတ်။
ဖုန်း-၀၉-၉၇၆၆၅၅၈၅၃

သင်္ကြန်နှီးလောဂြိ
09-73077711 013-682844
09-73077722 013-682944












# AMERICAN VISION
PROFESSIONAL EYE CARE CENTER

အမေရိကန်ပွဲ့ရှင်း
နွေရာသီ Promotion အထူးအစီအစဉ်

only until 23.4.2018

Summer Sale

နောက်ဆုံးပေါ် ကမ္ဘာကျော်
BRANDED အစစ်အမှန်
ပါဝါ၊ နေကာမျက်မှန် ဝယ်ယူသူတိုင်းအတွက်

1st pair... 10% discount
2nd pair... 20% discount
3rd pair... 30% discount

UV ပါတဲ့ထီးလှလှလေးလည်း
လက်ဆောင်ထပ်ပေးဦးမှာနော်။

YANGON: (01) 242476, 241897, 241898,
MANDALAY: (0240) 35588, 32053, NAYPYITAW: (0673) 432393



**Compo King Company**
Construction & General Trading Company

**ဝန်ထမ်းအမြန်အလိုရှိသည်**

◆Marketing Manager (ဘွဲ့ရ) ကျား/မ (၅)ဦး
- လုပ်ငန်းအတွေ့အကြုံ (၁၀)နှစ်အထက်။
- Composite နှင့် Safety ပစ္စည်းများ ကွင်းဆင်းရောင်းချရန်အတွက်။

အမှတ် (83/A) ဝေဇယန္တာလမ်းမ၊ ငွေကြာယံ ဈေးလမ်းထောင့်၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်။
09-969770903, 09-969770910, 09-969770905



**ဆောက်လုပ်ပြီးတိုက်ခန်းများရောင်းရန်ရှိသည်။**

1. အောင်ဇေယျ ၅ လမ်း၊ ရန်ကုန်သစ် (19'x54') (မြေညီထပ်မှ ၆ လွှာအထိ) ရောင်းရန်ရှိသည်။
2. ထူပါရုံ ၁၃ လမ်း၊ သာကေတ (12 1/2'x54') (မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်)
3. အေးစေတီလမ်း၊ သာကေတ၊ Capital အနီး (12 1/2'x48') (3 လွှာ-1 ခန်း၊ 6 လွှာ-1 ခန်း)
4. အနော်မာ ၁၅ လမ်း၊ သာကေတ (14'x54') မြေညီထပ်-1 ခန်း ရောင်းရန်ရှိပါသည်။

**ဆက်သွယ်ရန်ဖုန်း**
09-420002825
09-964202825
09-448006935
09-974048881



**အောင်မင်္ဂလာ**
အိမ်ခြံမြေ/ရှေ့လုပ်ငန်း
မြို့တွင်း/နယ်မြေ
09428773300
09428773355



ဒေါက်တာတော်ဇော်(သဏ္ဍာဗေဒ)
မိုးပြာပြာကောင်းကင်ယက်က
အိပ်မက်တိမ်လွှာ
ထွက်ပြီ



**ကားရောင်းမည်**

| | |
|---|---|
| Hijet SUZUKI နယ်/ရန်ကုန် | 85-100 သိန်း |
| 2003 NOAH | 270-290 သိန်း |
| 2003 Wish | 220 သိန်း |
| 2013 Axio | 245-280 သိန်း |
| Shuttle နယ်/ရန်ကုန်/Taxi | 220-270 သိန်း |
| CIVIC ရန်ကုန် နယ် | 260 သိန်း |
| Fit / Insight နယ်/ရန်ကုန် | 190-205 သိန်း |
| 2011 Swift/Golf/Polo | 190-240 သိန်း |
| 2010Belta1000/1300CC | 185-210 သိန်း |
| Vitz, Ractis နယ် | 190 သိန်း |
| Probox နယ်/ရန်ကုန် Taxi | 185 သိန်း |

09 5108316, 09 975108316



**အောင်ဇေယျ စည်းခိုမ်းနှုန်း**

City Mart, Super One, ILBC ... Car Parking ...
No.81, အောင်ဇေယျလမ်း ...
Ph 09-9689 133 03
09-9689 133 63
Wifi Free
10000 / 12000
20000 / 27000
Facebook (အောင်ဇေယျ ...)



◆ သည်းခြေကျောက်တည်ရောဂါဆိုသည်မှာ
◆ သည်းခြေကျောက်တည်ရောဂါနှင့် အစားအစာ
◆ သည်းခြေကျောက်တည်ရောဂါကိုကုသခြင်း

စသည့်အကြောင်းအရာများအပြင် မှန်ကန်သော နေထိုင်စားသောက်မှုပုံစံ (Life style) ကိုအသေးစိတ်လေ့လာဖတ်ရှုနိုင်ရန်အတွက် ကျန်းမာသုတစာဖတ်ပရိသတ်များ၏ တောင်းဆိုမှုများအရ

**ဒေါက်တာခင်မောင်လွင် (FAME)** ရေးသားထားသော

# သည်းခြေကျောက်တည်ရောဂါ
(စတုတ္ထအကြိမ်)



Ks 5,000

Ph: 09 965 559 860, 01 368 2199, 368 5083, 368 5609



**အောင်သမာဓိ**
ဝန်ထမ်းအလိုရှိသည်

| | | | | | |
|---|---|---|---|---|---|
| ၁။ | Reception | (၃)ဦး | ၄။ | HR/Marketing Supervisor | ကျား/မ (၂)ဦး |






ရန်ကုန် - JCGV (JunctionCity)၊ Red Radiance၊ New 3D၊ PARADISO ...
မြိုင်
အာဆင့်မြင့်ရုပ်ရှင်ရုံများတွင်ပြသမည်

ဖုန်းနံပါတ်: 01-391577, 056-21671, 09-5122961, 09-255811682

April 12, 13,17,18
Hotel Package-150000
Hotel Package-180000
Ph: 09 795066657, 09 785066657, 09 765066657

ပန်းတောင်ရီ
09-36413898, 09-25426000, 09-26771951
Mar 23
April - 12,13,17

Asia King Travels
Ocean Center
09-77 85 85 911 ; 09-77 85 85 912 ; 09-4311 4301

## ရုံးခန်းသစ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်ရုံးခန်းကို အမှတ်(၇၇)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်မှ အမှတ်(၃၈၇-၃၈၉) ပထမထပ်၊ အခန်းအမှတ်(A2)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ သို့ (၄-၃-၂၀၁၈) ရက်နေ့မှစတင်၍ ပြောင်းရွှေ့ဖွင့်လှစ်နေပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီရွေးချယ်ပွဲကော်မရှင်

### နှိုးဆော်ချက်

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီဖွဲ့စည်းရေးအတွက် ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာ(၃၃)မြို့နယ်မှ ကျန်မြို့နယ်များအတွက်ကိုယ်စားလှယ်လောင်းများစေလွှတ်နိုင်ရန် ပါဝင်လိုသူအဖွဲ့ဝင်များသည် ကိုယ်စားလှယ်လောင်းလျှောက်လွှာပုံစံများကို မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီရွေးချယ်ပွဲကော်မရှင် ယာယီရုံးခန်း (အာရိယဆမာဂျ်(ရန်ကုန်)၊ အမှတ်(၁၆၆) ၄၆-လမ်းနှင့်အနော်ရထာလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ဆက်သွယ်ရန်ဖုန်း-၀၉ ၅၁၆၅၉၄၄၊ ၀၉ ၅၀၃၉၂၀၅) တွင် နေ့စဉ် ညနေ(၅း၀၀)နာရီမှ (၇း၀၀) နာရီအတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၃၁-၃-၂၀၁၈ နေ့ ညနေ(၅း၀၀)နာရီအချိန်နောက်ဆုံးထားပြီးတင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဦးမောင်ရွှေ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဗဟိုကောင်စီရွေးချယ်ပွဲကော်မရှင်

TOP STAR
09-953179331, 43179331

Ph: 09795549249, 095418126
09-795546884

09-258022220
09-250499979
09-73209992
09-254449533

သီဟလင်း
(10",14",16",18",22")
01-570307
09-5112729
09-5126394

ယနေ့ ICT ခေတ်တွင်
IT (Information Technology) သာမက
CT (Communication Technology)
ကိုလည်း တတ်ထားမှဖြစ်မည်
တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေပြီး
ကျောင်းသူကျောင်းသားများ စတင်တက်ရောက်နိုင်ပါပြီ။

Telecom Engineering
March Intake
50% Discount
Level (1)
- Internet Technology
- Internet Service Description
- IP Network Fundamental
- Access Network and Technology
- Basic Optical Communication Technology
Level (2)
- GSM Technology and Networking Application
- WCDMA Technology and Networking Application
- WLAN Technology and Networking Application
- CORE Technology and Networking Application
- Cloud Technology and Application
Opening-24 March
ခုတော့ နှစ်ပေါင်း ၁၃၆ နှစ်ကြာခဲ့ပေမယ့် Koch’s Lung လို့ခေါ်တဲ့ အဆုတ်တီဘီရောဂါဟာ ကမ္ဘာ့လူသားတွေကြားမှာ နေရာယူကောင်းဆဲ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေထဲက မြန်မာနိုင်ငံအဖို့ကတော့ တီဘီရောဂါဟာ အဖြစ်အများဆုံးရောဂါဖြစ်နေဆဲ။ လူဦးရေတစ်သိန်းမှာ ၃၆၀ တောင် တီဘီရောဂါရှိနေတယ်တဲ့။ ဆင်းရဲလို့၊ ဆေးဈေးကြီးလို့၊ ဆေးမကုနိုင်လို့ ဒီလိုအဖြစ်မျိုးရှိနေတယ်လို့ သင်ထင်မိပါသလား။ အထင်မမှားစေချင်ပါ။ ကုသရန်ဆေးရှိပါတယ်။ ဈေးမကြီးပါ။ ပြည်သူ့ဆေးရုံဆေးခန်းများမှလည်း ဆေးအခမဲ့ရနိုင်ပါတယ်။ ကုသရင်လည်း ရာနှုန်းပြည့်နီးနီး ပျောက်ပါတယ်။ (ဆေးယဉ်ပါးတီဘီက လွဲလို့ပေါ့)။ ဒါဆိုဘာလို့များတီဘီတွေ များနေရသေးတာလဲ။

အဖြေကရှင်းပါတယ်။ ကုသရင်ပျောက်ကင်းပေမယ့် အကုနောက်ကျလို့ သေချာမကုလို့ပါ။ ကူးစက်ရောဂါဆိုတော့ မကုဘဲထားရင်ရောဂါက ဒီအတိုင်းငြိမ်မနေပါဘူး။ တီဘီလူနာက ချောင်းဆိုးတိုင်း၊ နှာချေတိုင်းတီဘီပိုးတွေက ထွက်သက်လေနဲ့အတူ ပါးစပ်၊ နှာခေါင်းကနေ အပြင်ကိုထွက်လာတယ်။ အတူနေတဲ့သူတွေနဲ့ အနီးအနားရှိတဲ့သူတွေဆီ ကူးစက်သွားတော့တယ်။ အကူးခံရတဲ့သူကလည်း ချက်ချင်းရောဂါထမဖြစ်သေး၊ ရောဂါလက္ခဏာမပြသေးတော့ ရောဂါပိုးရောက်နေမှန်း မသိဘူးပေါ့။ ပိုးကူးစက်ခံရတဲ့သူဟာ အကြောင်းတစ်ခုခုကြောင့် ကိုယ်ခံအားနည်းလာရင်တော့ ဝင်ထားတဲ့ပိုးတွေက ပွားများလာပြီး တီဘီရောဂါဖြစ်တော့တာပါပဲ။ တီဘီလူနာတစ်ယောက်ကနေ လူ ၁၀ ယောက်လောက် ကူးစက်စေနိုင်တယ်လို့ဆိုတယ်။ ပိုးအကူးခံရတဲ့ လူဟာလည်း ရောဂါဖြစ်ဖို့ ၁၀ ရာခိုင်နှုန်းရှိတယ်တဲ့။ တကယ်လို့ လူနာတစ်ယောက်ဟာ စောစောစီးစီးဆေးမကုခဲ့ရင် သူ့တစ်သက်မှာ လူအများကြီးကို ကူးစက်စေပြီး ရောဂါဖြစ်စေမှာပါ။ မြန်မာနိုင်ငံမှာတော့ နှစ်စဉ် ရောဂါဖြစ်သူပေါင်းတစ်သိန်းခွဲအထက် ရှိနေတယ်။ ဒီအရေအတွက်ကို လျှော့ချနိုင်ပါ့မလား။

## စိုက်ထုတ်သုံးစွဲ

ရွက်ဟောင်းကြွေပြီး ရွက်သစ်တွေဝေလာတော့ နွေဦးဟာလှပပြီး အားသစ်တွေ ဖြစ်စေပါတယ်။ ဒါပေမယ့် တီဘီလူနာဟောင်းတွေ ဆေးကုလိုက်လို့




ကောင်းသွားပြီး တီဘီလူနာသစ်တွေ ပြန်ပြန်ပေါ်လာတော့ မကောင်းလှပါဘူး။ ဒီတီဘီရောဂါအတွက် လူအင်အား၊ ငွေအင်အားတွေ အများကြီးစိုက်ထုတ်သုံးစွဲနေရပါတယ်။ တစ်ဖက်ကလည်း တီဘီရောဂါရနေတဲ့ သူတွေရဲ့လုပ်အားကလည်း ဆုံးရှုံးခံနေရပြန်တယ်။ အဲဒါဆို ဘယ်လိုလုပ်ရင် ကောင်းမလဲ။

WHO ခေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဒီနှစ်ဆောင်ပုဒ်လေးချပေးထားတယ်။ “Wanted ! Leaders for a TB-free world. You can make history. End TB” တဲ့။ တီဘီကင်းစင်ကမ္ဘာသို့ ခေါင်းဆောင်ကောင်းတွေ ရှေ့ဆောင်လို့၊ သမိုင်းမှတ်တမ်းတင်ကြစို့” တဲ့။

တီဘီကင်းစင်ဖို့ ဆေးကုတာတစ်ခုတည်းနဲ့ မရနိုင်ပါဘူး။ ကူးစက်ရောဂါကိုမကူးနိုင်အောင် တားထားနိုင်မှရမှာပါ။ မကူးစက်အောင်တားဖို့ ကုန်ကျစရိတ်များမည်ဟု ထင်ပါသလား။ နောက်ဆုံးပေါ် နည်းပညာတွေ လိုမည်လို့ ထင်ပါသလား။ စရိတ်နည်းပြီးရိုးရှင်းသည့် နည်းရှိပြီးသားပါ။ တီဘီလူနာ ချောင်းဆိုးနှာချေရင် ပိုးတွေထွက်မလာအောင် လူနာရဲ့ ပါးစပ်နဲ့ နှာခေါင်းကို mask ခေါ် နှာခေါင်းစည်း၊ ဒါမှမဟုတ် လက်ကိုင်ပဝါနဲ့ လုံခြုံအောင် အုပ်စည်းထားဖို့ပါပဲ။ လူနာကိုလည်း ချောင်းဆိုးအမြန်ဆုံးသက်သာဖို့ တီဘီဆေးကို မြန်မြန်ဆန်ဆန်၊ ထိထိမိမိ တိုက်ကျွေးရမှာပါ။ တီဘီရောဂါဆိုတာ သိနိုင်ဖို့လည်း ချောင်းဆိုးလူနာတွေကို အချိန်မီသလိပ်စစ်၊ ဓာတ်မှန်ရိုက်စတာတွေလုပ်ရမှာပါ။ ဒီလိုလုပ်ဖြစ်အောင်လည်း လူနာကိုတိုက်တွန်း၊ ကူညီဖေးမပေးရမှာပါ။ (တီဘီမဟုတ်လောက်ပါဘူးဆိုပြီး ရှောင်ဖယ်ဖယ်နေတာတွေ၊ ဆေးပြင်းတယ်

“ သင်သည် တီဘီလူနာဖြစ်နေခဲ့လျှင်လည်း အမြန်ဆုံး ထိရောက်စွာကုသမှုခံပါ။ လူအများကို မကူးစက်ပါစေနှင့်တော့။ သင်၏ကူညီမှုကြောင့် သင့်လူမှု အသိုင်းအဝိုင်းမှာ တီဘီကင်းစင်လာပေလိမ့်မည်။ ထိုမှတစ်ဆင့်မိမိနိုင်ငံ မိမိကမ္ဘာအထိ တီဘီကင်းစင်လာပေလိမ့်မည်။ ဤသို့ဆိုလျှင် သင်ဟာလူသား ကောင်းကျိုးဆောင်တဲ့ ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်လာပေလိမ့်မည်။ အနိမ့်ဆုံးအနေဖြင့်သင်ကိုယ်တိုင်၊ သင့်မိသားစုကိုယ်တိုင်က သင့်ကိုခေါင်းဆောင်ကောင်း တစ်ယောက်အဖြစ် လေးစားစွဲမှတ် သိမြင်နေစေခဲ့မှာ မလွဲပါ . . . ”

ခံနိုင်မှာမဟုတ်ဘူး မသောက်နဲ့ဆိုပြီး အဆိုးမြင်နဲ့ ဘေးတွန်းတာတွေ မလုပ်သင့်ပါဘူး)။ တီဘီကင်းစင်သွားဖို့ သင်လုပ်သင့်တဲ့ အချက်တွေကတော့-

ကု - ကုသမှု မြန်ဆန်ထိမိပါစေ။

ကူ - ကုသဖြစ်အောင် ကူညီပါ။

ကူး - ကူးစက်မှု မဖြစ်အောင် တားဆီးပေးပါ။ အလွယ်မှတ်လိုက်ရအောင်ပါ။ “ကုကူကူး” လို့။

## လူသားကောင်းကျိုးဆောင်

မြန်မြန်ဆန်ဆန် ကုလိုက်ရင် ရောဂါအပျောက်မြန်ပြီး ကူးစက်ပြန့်ပွားမှုလည်း နည်းသွားမှာပါ။ မကူးစက်အောင်လည်းလူနာကိုယ်တိုင်က နှာခေါင်းစည်းကို မှန်မှန်ကန်ကန် သုံးရပါမယ်။ ကုသမှုခံယူဖို့ရော၊ မကူးစက်အောင်ပါ သင်က ကူညီပေးနိုင်ပါတယ်။ သင်သည်တီဘီလူနာ ဖြစ်နေခဲ့လျှင်လည်း အမြန်ဆုံး ထိရောက်စွာကုသမှုခံပါ။ လူအများကိုမကူးစက်ပါစေနှင့်တော့။ သင်၏ကူညီမှုကြောင့် သင့်လူမှုအသိုင်းအဝိုင်းမှာ တီဘီကင်းစင်လာပေလိမ့်မည်။ ထိုမှတစ်ဆင့် မိမိနိုင်ငံ မိမိကမ္ဘာအထိ တီဘီကင်းစင်လာပေလိမ့်မည်။ ဤသို့ဆိုလျှင် သင်ဟာ လူသားကောင်းကျိုးဆောင်တဲ့ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာပေလိမ့်မည်။ အနိမ့်ဆုံးအနေဖြင့် သင်ကိုယ်တိုင်၊ သင့်မိသားစုကိုယ်တိုင်က သင့်ကို ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ် လေးစားစွဲမှတ် သိမြင်နေစေခဲ့မှာမလွဲပါ။

တီဘီကင်းစင် ကမ္ဘာသို့ သွားမယ့်ခရီးမှာ သင့်ကိုလေးစားအားထားရသော ခေါင်းဆောင်တစ်ဦးအနေဖြင့် မြင်တွေ့ရဖို့ မျှော်လင့်ပါရစေ။

ဥသြဥသြသံနှင့် နွေဦးရောက်ခဲ့သလို “ကုကူကူး” လေးနဲ့ တီဘီကင်းစင်ကမ္ဘာသို့ ရောက်ကြရအောင်ပါ။ ။



## အသက်၉၀နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့

**ပေါင်းတည် မတ် ၂၂**

ပေါင်းတည်အသင်း(ရန်ကုန်)၏ (၄၅) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ အင်းလျားလမ်းရှိ ရွှေရှမ်းကန်စားသောက်ဆိုင်၌ မတ် ၁၈ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပပြီး အသက် ၉၀ နှင့်အထက်အသင်းဝင်ဘိုးဘွား ၂၄ ဦး အသက် ၇၅ နှင့်အထက်အသင်းဝင်ဘိုးဘွား ၁၆၆ တို့အား အလှူငွေနှင့် လူသုံးကုန်ပစ္စည်းများပေးအပ်ကန်တော့ကြသည်။ ဆက်လက်၍ ၂၀၁၆-၂၀၁၇ ခုနှစ် ပညာရည်ချွန်ဆုရရှိသူအသင်းဝင် သားသမီးများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

## နွေရာသီကျောင်းပိတ်ရက် စာစီစာကုံးရေးသားနည်းသင်တန်းဖွင့်

**မုံရွာ မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီကျောင်းပိတ်ရက် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးရေးသားနည်းသင်တန်းကို မတ် ၁၉ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ မြန်မာစာအရေးအဖတ်ကျွမ်းကျင်စေရန်၊ စာစီစာကုံးကို စာမေးပွဲများနှင့်ပြိုင်ပွဲများတွင် နည်းစနစ်မှန်ကန်စွာရေးသားနိုင်ရန်နှင့် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာအသုံးပြုပြီး ပညာဗဟုသုတရှာမှီးနိုင်ရန်အတွက် သင်တန်းဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

“ဗဟုသုတဖြစ်စေတဲ့ စာတွေဖတ်တဲ့အလေ့အထကောင်းတွေကနေ ရရှိတဲ့စာပေဗဟုသုတတွေကို စာမေးပွဲတွေနဲ့ ပြိုင်ပွဲတွေမှာ နည်းစနစ်မှန်ကန်စွာနဲ့ ဖတ်မှတ်ပြီးဖြေဆိုတဲ့အလေ့အထကနေ လက်တန်းချရေးနိုင်တဲ့ အလေ့အထကောင်းတွေရရှိစေဖို့ အတွက် အခုလိုသင်တန်းဖွင့်လှစ်ပေးတာပါ၊ စာစီစာကုံးရေးနည်းများစွာရှိတဲ့အထဲကနေ အခု သင်တန်းမှာ စာစီစာကုံး ငါးမျိုးရေးနည်းကို သင်ကြားပေးသွားမှာပါ၊ သင်တန်းကာလအတွင်းမှာ သင်ယူတတ်မြောက်မှုအခြေအနေသိရှိဖို့နဲ့ သင်တန်းသား သင်တန်းသူတွေ အတွေ့အကြုံကောင်းတွေ ရရှိဖို့ ပြိုင်ပွဲတစ်ခုကျင်းပသွားမယ်၊ ထူးချွန်တဲ့သူတွေကိုလည်း ဂုဏ်ပြုပေးဖို့ စီစဉ်ထားပါတယ်” ဟု မုံရွာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက ပြောသည်။

အဆိုပါ နွေရာသီကျောင်းပိတ်ရက် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးရေးသားနည်းသင်တန်းတွင် သရုပ်ဖော်စာစီစာကုံးရေးသားနည်း၊ ကျိုးကြောင်းပြစာစီစာကုံးရေးသားနည်း၊ ဖွင့်ဆိုရှင်းပြ စာစီစာကုံးရေးသားနည်း၊ ဖြစ်စဉ်ပြစာစီစာကုံးရေးသားနည်းနှင့် စိတ်ကူးယဉ်စာစီစာကုံးရေးသားနည်းတို့ကို အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်မျိုးမော်၊ အလယ်တန်းပြဆရာမဒေါ်ဝါဝါနှင့် ဒေါ်တင်မြို့တို့က အခြေခံပညာအလယ်တန်းအဆင့်ကျောင်းသား သင်တန်းသား သင်တန်းသူ ၂၂ ဦးတို့အား မတ် ၁၉ ရက်မှ ၃၀ ရက်အထိ နံနက် ၉ နာရီမှ ၁၁ နာရီထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ တစ်ကြိမ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# ဦးနှောက်နှိုးဆွ သင်ကြားပေးခြင်း

သိန်းထွန်း(IR)

**ဘက်ညီပညာရေး**

မြန်မာ့ပညာရေးနှင့်ပတ်သက်၍ အမြင်အမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးမှ ထောက်ပြအကြံပြုနေကြသည်ကို မြင်နေရ၊ ကြားနေရ၊ ဖတ်နေရပါတယ်။ အဓိကထောက်ပြအကြံပြုနေကြတာကတော့ ပညာရေးရဲ့ အနှစ်သာရဖြစ်တဲ့ စဉ်းစားဆင်ခြင်နိုင်စွမ်းရှိမှု၊ တီထွင်ဖန်တီးနိုင်စွမ်းရှိမှု၊ အကျင့်စာရိတ္တ၊ စည်းကမ်း၊ မျိုးချစ်စိတ်များ ပြည့်စုံတဲ့ ပညာပြည့်ဝ နှလုံးလှသော အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရေးဟု နားလည်မိပါတယ်။ အချို့သော အဆင့်မြင့်ပညာရေး ဘာသာရပ်များအတွက် ဖော်ပြပါ ရလဒ်ကောင်းများရရှိဖို့ လုံလောက်တဲ့၊ ခေတ်မီတဲ့ သင်ထောက်ကူပစ္စည်းများ၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ လိုအပ်ပေမယ့် စဉ်းစားတွေးခေါ်နိုင်စွမ်း၊ လေ့လာနိုင်စွမ်းကဲ့သို့သော ဦးနှောက်နှိုးဆွမှုပေးခြင်းကို သင်ကြားမှုနည်းစနစ် ပြောင်းလဲရုံဖြင့် ရရှိနိုင်တာကို တွေ့ရှိရပါတယ်။

နောက်တစ်ချက်မှာ ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့ ပညာတတ်မြောက်မှုနဲ့ ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း ကွာဟချက်ဖြစ်ပါတယ်။ ပညာရေးလည်း အားကောင်း၊ ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းလည်းရှိ၊ ပညာရေးအားကောင်းသော်လည်း ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း အားနည်း၊ ပညာရေးအားနည်းသော်လည်း ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း အားကောင်း၊ ပညာရေးလည်း အားနည်း၊ ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းလည်း အားနည်း ကဲ့သို့သော ဘက်မညီတဲ့ အနေအထားကိုလည်း တွေ့ရပါတယ်။ တင်ပြလိုသည်မှာ ပညာရေးလည်း အားကောင်း၊ ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းလည်း အားကောင်းတဲ့ အနာဂတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးကို ရည်ရွယ်လိုခြင်းဖြစ်ပါတယ်။

**ဦးနှောက်နှိုးဆွ သင်ကြားပေးခြင်း**

အတွေ့အကြုံတစ်ခု မျှဝေလိုပါတယ်။ မန္တလေးတက္ကသိုလ်မှာ ကျွန်တော်တို့ဘာသာရပ်ရဲ့ ပထမဆုံးပါမောက္ခ/ဌာနမှူးက ဆရာကြီးဒေါက်တာ ခင်မောင်ညွန့်ပါ။ ဆရာကြီးက တပည့်တွေကို အလွန်တော်စေချင်၊ တတ်စေချင်သူ ဖြစ်ပါတယ်။ ဆရာကြီး ဒေါက်တာ ခင်မောင်ညွန့်လိုပဲ ဆရာကြီး ဦးမောင်မောင်လေးတို့၊ ဆရာကြီး ဦးအောင်မြင်တို့အပြင် အခြားဆရာ ဆရာမတွေကလည်း တပည့်တွေကို တတ်စေချင်လွန်းလို့ အိတ်သွန်ဖာမှောက် သင်ပေးကြတာပါ။ ကျွန်တော်တို့လည်း အဲဒီအချိန်က ဆရာ ဆရာမတွေရဲ့ စေတနာနဲ့ ပညာကို သေချာနားမလည်ခဲ့ကြပါဘူး။ ဒါပေမယ့် ဆရာတွေက ကျွန်တော်တို့ကို ပညာတွေ၊ စိတ်ဓာတ်တွေ၊ အလေ့အကျင့်ကောင်းတွေကို အထူးလေ့ကျင့်သင်ကြားပေးခဲ့မှန်း နောင်တစ်ချိန်မှ နားလည်လာခဲ့တာပါ။ ကျွန်တော်တို့ ပထမနှစ်ကျောင်းသားဘဝထဲက မြန်မာစာကလွဲလို့ ကျန်ဘာသာအားလုံးကို အင်္ဂလိပ်လို သင်ရပါတယ်။ ဆရာများအားလုံးကလည်း အင်္ဂလိပ်လို စာတွေကို အင်္ဂလိပ်လို ရှင်းတာပါ။ ရည်ရွယ်ချက်က အင်္ဂလိပ်လို နားရည်ဝအောင်လို့ ဆိုပါတယ်။ အဓိပ္ပာယ်နားမလည်တဲ့ အင်္ဂလိပ်စကားလုံးကို အဘိဓာန်မှာရှာရင်တောင်မှ အင်္ဂလိပ်အဘိဓာန်ကိုပဲ ကြည့်ခိုင်းပါတယ်။

နောက်တစ်ချက်က ဆရာတွေက ကျောင်းသားတွေကို မေးခွန်းမေးခိုင်းခြင်းပါပဲ။ ဆရာကြီးဒေါက်တာ ခင်မောင်ညွန့်နဲ့ ဆရာ ဆရာမတွေက သင်ခန်းစာရှင်းပြီးတာနဲ့ ကျောင်းသားတွေကို မေးခွန်းတွေ မေးမြန်းစေပါတယ်။ မေးမြန်းတဲ့ ကျောင်းသားကိုလည်း စိတ်ရှည်လက်ရှည်နဲ့ ပြန်ပြီးရှင်းပြပါတယ်။ အပြန်အလှန် မေးခွန်းမေးမြန်းခွင့်ပေးခြင်း၊ ပြန်လည်ရှင်းလင်းခြင်းတွေကြောင့် ကျောင်းသားတွေကို မိမိကိုယ်မိမိ ယုံကြည်မှု၊ စဉ်းစားတွေးခေါ်မှု၊ မတူညီတဲ့ အမြင်ရရှိမှု၊ အပြန်အလှန်လေးစားမှု၊ အသိအမြင်ကြွယ်ဝမှုတွေကို ရရှိစေခဲ့ပါတယ်။ အပြန်အလှန်မေးခွန်းမေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းအတွက် သီးခြားသင်ထောက်ကူပစ္စည်းတွေ မလိုအပ်ပါဘူး။ တစ်ခုသာ လိုအပ်ပါတယ်။ ဆရာတွေနဲ့ ကျောင်းသားတွေ များများ စာဖတ်ရန်သာ ဖြစ်ပါတယ်။ မေးခွန်းများများ မေးမြန်းခိုင်းခြင်း၊ ပြန်လည်ဖြေကြားခြင်း၊ ဆွေးနွေးခြင်းတွေ ပြုလုပ်တာနဲ့အမျှ ပါဝင်သူအားလုံးလည်း မဖြစ်မနေ စာဖတ်လာရမှာဖြစ်ပါတယ်။ ဘယ်လိုစာတွေ ဖတ်ရမယ်၊ ဘယ်လိုစာ ရှာရမယ်ဆိုတာကိုလည်း ဆရာတွေက တစ်ပါတည်း ညွှန်ပြပေးနိုင်ပါတယ်။ မေးခွန်းတွေ မေးမြန်းခွင့်ပေးခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများမှ အကျိုးကျေးဇူးများ ရရှိမှာဖြစ်သလို စာဖတ်လာခြင်းအားဖြင့်လည်း နောက်ဆက်တွဲ အကျိုးကျေးဇူး ထပ်မံရရှိနိုင်မှာဖြစ်ပါတယ်။

စဉ်းစားတွေးခေါ်မှုကို နှိုးဆွစေတဲ့ အခြားနည်းလမ်းတစ်ခုကတော့ စာတမ်းတွေ ရေးသားစေခြင်း၊ ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က ကျွန်တော်တို့ ပထမနှစ်မှာ seminor paper တွေ ရေးခိုင်းခဲ့ပါတယ်။ ရေးသားရမယ့် ခေါင်းစဉ်တွေ ချပေးပါတယ်။ တစ်ယောက်ကို ခေါင်းစဉ်တစ်ခုပါ။ ပထမနှစ်ကျောင်းသားတွေဖြစ်လို့ အကြောင်းအရာ ခေါင်းစဉ်ထက် seminor paper ရေးသားတဲ့အလေ့အကျင့်၊ စာရှာတဲ့အလေ့အကျင့်၊ စာဖတ်တဲ့အလေ့အကျင့်ကို ဦးစားပေးလိုပုံရပါတယ်။ ဖတ်ရမယ့် စာအုပ်စာစောင်တွေကိုလည်း ရှာပေးထားပါတယ်။ ကိုယ်နဲ့ဆိုင်ရာဆိုင်ရာ စာအုပ်တွေကို ဌာနမှ ငှားရပါတယ်။ ပြီးတော့ စာဖတ်ရပါတယ်။ ရေးရပါတယ်။ ရေးလို့ပြီးတာနဲ့ ဆရာတွေထံ တင်ရပါတယ်။ နောက်ဆုံးကတော့ ကိုယ့် seminor paper ကို စင်ပေါ်မှာ ပြန်ရှင်းပြရတော့တာပါပဲ။ ခေါင်းချွေးပြန်တာ မဟုတ်ပါဘူး။ တစ်ကိုယ်လုံးကို ချွေးပြန်တော့တာပါ။ စင်အောက်မှာ နားထောင်နေကြတာက ဆရာ ဆရာမတွေနဲ့ အတန်းသားအားလုံးပါ။

seminor paper ရဲ့ နောက်ဆုံးကဏ္ဍကတော့ အမေး၊ အဖြေပါ။ ကျွန်တော်တို့က ပထမနှစ် ကျောင်းသားတွေပါ။ seminor paper က အင်္ဂလိပ်လိုပါ။ ရေးရတော့လည်း အင်္ဂလိပ်လို၊ ရှင်းပြရတော့လည်း အင်္ဂလိပ်လို၊ အမေး၊ အဖြေကျတော့လည်း အင်္ဂလိပ်လိုပါပဲ။ ဦးနှောက်ကို ခြောက်နေတာပါ။ ကျောင်းသားတစ်ယောက် seminor paper ရှင်းပြပြီးတိုင်း အမေးအဖြေကဏ္ဍ ပါပါတယ်။ စာတမ်းရှင်က မေးခွန်းဖိတ်ခေါ်ပါတယ်။ မေးချင်တဲ့သူတိုင်းက မေးလို့ရပါတယ်။ ဆရာတွေကလည်း မေးပါတယ်။ ရေးတာ၊ ရှင်းတာ၊ မေးတာ၊ ဖြေတာ အားလုံးကို အင်္ဂလိပ်လိုဖြစ်လို့ ကျွန်တော်တို့က အင်္ဂလိပ်စာ တော်နေလို့ မဟုတ်ပါဘူး။ ဆရာကြီးက ကျွန်တော်တို့ကို ဇိကုပ် နတ်ပြည်တင်နေတာပါ။ ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က ကျွန်တော်တို့ကို ဇိကုပ်နတ်ပြည်တင်နေသလို ကျန်တဲ့ဆရာ ဆရာမတွေအားလုံးက အလားတူပါပဲ။ ဆရာ ဆရာမတွေကလည်း တက်ညီ လက်ညီနဲ့ ကျွန်တော်တို့ကို ပံ့သွင်းကြတာပါ။

seminor paper ဖတ်ပြီးလို့ အမေးအဖြေကဏ္ဍရောက်တာနဲ့ ဆရာတွေနဲ့ ကျောင်းသားတွေက မေးဖို့ အားတက်သရော စောင့်နေကြပါတယ်။ ကျွန်တော်တို့ကိုလည်း မဖြေတတ်ရင် ဖြေရမယ့် ထွက်ပေါက်အဖြေကိုလည်း သင်ပေးထားပါတယ်။ မေးလာတဲ့ မေးခွန်းရဲ့ အကြောင်းအရာကို မသိလို့ဖြစ်စေ၊ အကြောင်းအရာ သိပေမယ့် အင်္ဂလိပ်လို မပြောတတ်လို့ဖြစ်စေ "I don't know၊ I am sorry" လို့ ဖြေရန် သင်ပေးထားပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ကလည်း ကြိုက်တာမေး၊ မဖြုံပါဘူး။ "I don't know၊ I am sorry" ဖြေပြီး ပြုံးပြလိုက်တာပါပဲ။ ဆရာတွေကတော့ ရယ်ပါတယ်။ မည်သို့ပင်ဖြစ်စေ ဆရာကြီးနဲ့ ဆရာ ဆရာမတွေရဲ့ ရည်ရွယ်ချက် အောင်မြင်ပါတယ်။ ဒီအတွက်လည်း ဆရာကြီး ဒေါက်တာ ခင်မောင်ညွန့်နဲ့တကွ ဌာနမှ ဆရာ ဆရာမတွေကိုလည်း ထာဝရ ဦးခိုက်ကန်တော့မိပါတယ်။ ထူးထူးခြားခြား သင်ထောက်ကူပစ္စည်းမပါဘဲ ဆရာတွေက ကျွန်တော်တို့ မသိလိုက်၊ မမြင်လိုက်တဲ့ အကျိုးကျေးဇူးတွေ ရရှိစေခဲ့တာပါ။

**အဆင့်မြင့်ပညာရေး**

ဒီလို အလေ့အကျင့်တွေကို အဆင့်မြင့်ပညာရေးဖြစ်တဲ့ တက္ကသိုလ်တွေမှာ မဖြစ်မနေ လုပ်သင့်တယ်လို့ တိုက်တွန်းလိုပါတယ်။ ဒါနဲ့ပတ်သက်လို့ သူငယ်ချင်း ပါမောက္ခတစ်ဦးနဲ့ ဆွေးနွေးဖြစ်ပါတယ်။ အချို့သော တက္ကသိုလ်ဌာနတွေ၌သာ ပြုလုပ်ကြောင်း သူငယ်ချင်းက ပြောပါတယ်။ ဝမ်းနည်းဖွယ်ရာပါ။ တက္ကသိုလ်အဆင့်ရောက်လာတဲ့ ကျောင်းသားတစ်ယောက်ကို နို့သက်ခံပညာရေး မပေးသင့်တော့ပါဘူး။ ကိုယ်ပိုင်ဦးနှောက်၊ ကိုယ်ပိုင်ဆင်ခြင်သုံးသပ်မှုပေါ်မှာ ရပ်တည်နိုင်ဖို့ သင်ကြားပေးဖို့၊ လေ့ကျင့်ပေးဖို့ လိုအပ်နေတယ်လို့ မြင်မိပါတယ်။ ဒီလိုပြုစုပျိုးထောင်ပေးဖို့ အထွေအထူး အထောက်အကူပစ္စည်းများ မလိုအပ်တာကြောင့် အဖိုးနည်းဝန်ပါလို့တောင် ပြောနိုင်ပါတယ်။ အခြေခံပညာရေးအဆင့်မှာလည်း ဖော်ပြပါ အလေ့အကျင့်တွေ လေ့ကျင့်ပေးစေလိုပေမယ့် ဆရာတွေရဲ့ အရည်အချင်း ကန့်သတ်ချက်ရှိတာကြောင့် မတိုက်တွန်းလိုသေးပေမယ့် အဆင့်မြင့်ပညာရေးမှာတော့ မဖြစ်မနေ ပြုလုပ်သင့်တယ်လို့ ယူဆပါတယ်။

**လေ့လာမှုမှသည် တွေးခေါ်ခြင်းဆီသို့**

ကျွန်တော်တို့ အတွေးမှားရင်၊ အပြောမှားရင် အလုပ်မှားပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ အတွေးအခေါ်တွေ မှန်နေဖို့ လိုအပ်ပါလိမ့်မယ်။ လူတိုင်းမှာ စဉ်းစားနိုင်တဲ့ ဦးနှောက်ကိုယ်စီ ပါပြီးသားပါ။ ကိုယ့်ဦးနှောက်ကို ဘယ်လောက်အသုံးချသလဲအပေါ်မှာပဲ မူတည်ပြီး တစ်ဦးနဲ့တစ်ဦး ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားနိုင်စွမ်း ကွာခြားသွားတာပါ။ စာတမ်းတွေ၊ သုတေသနစာတမ်းတွေ ပြုစုရေးသားခြင်း၊ ဆွေးနွေးခြင်းဖြင့် အောက်ပါအကျိုးတွေ ရလာနိုင်ပါတယ်-

(က) ပညာရပ်ဆိုင်ရာ ပိုမိုကျွမ်းကျင်လာခြင်း၊
(ခ) အမှားအမှန်ခွဲခြားနိုင်သည့် ဝေဖန်သုံးသပ် စဉ်းစားနိုင်ခြင်း၊
(ဂ) စာဖတ်ခြင်း၊
(ဃ) အကြောင်းအရာအသစ်များကို ပိုမိုလေ့လာနိုင်ခြင်း၊
(င) အသိအမြင်ဗဟုသုတ တိုးပွားလာခြင်း၊
(စ) အမြင်မတူညီမှုများကို လေးစားတတ်လာခြင်း၊
(ဆ) မိမိကိုယ်မိမိ ယုံကြည်မှုတည်ဆောက်နိုင်ခြင်း၊
(ဇ) အတွေ့အကြုံမျှဝေနိုင်ခြင်း၊

ယခုလို တင်ပြနေခြင်းမှာ မိကျောင်းမင်း ရေကင်းပြနေခြင်း မဟုတ်ပါကြောင်းနဲ့ အတွေ့အကြုံမျှဝေခြင်းဖြင့် သုံးသပ်နိုင်ရန် တင်ပြခြင်းဖြစ်ပါတယ်။ သို့ဖြစ်သည့်အတွက် စာတမ်းတိုများ၊ စာတမ်းများ၊ သုတေသနစာတမ်းများ ရေးသားတင်ပြ ဆွေးနွေးခြင်းအားဖြင့် ကျောင်းသားဘဝအတွက် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကိုသာမက လက်တွေ့ဘဝတစ်လျှောက်လုံးအတွက် ကိုယ်ရည်ကိုယ်သွေး မြင့်မားလာစေနိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိလာနိုင်မယ်လို့ ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

> “တက္ကသိုလ်အဆင့်ရောက်လာတဲ့ ကျောင်းသားတစ်ယောက်ကို နို့သက်ခံပညာရေး မပေးသင့်တော့ပါဘူး။ ကိုယ်ပိုင်ဦးနှောက်၊ ကိုယ်ပိုင်ဆင်ခြင်သုံးသပ်မှုပေါ်မှာ ရပ်တည်နိုင်ဖို့ သင်ကြားပေးဖို့၊ လေ့ကျင့်ပေးဖို့ လိုအပ်နေတယ်လို့ မြင်မိပါတယ်။ ဒီလိုပြုစုပျိုးထောင်ပေးဖို့ အထွေအထူး အထောက်အကူပစ္စည်းများ မလိုအပ်တာကြောင့် အဖိုးနည်းဝန်ပါလို့တောင် ပြောနိုင်ပါတယ်။ အခြေခံပညာရေးအဆင့်မှာလည်း ဖော်ပြပါအလေ့အကျင့်တွေ လေ့ကျင့်ပေးစေလိုပေမယ့် ဆရာတွေရဲ့ အရည်အချင်း ကန့်သတ်ချက်ရှိတာကြောင့် မတိုက်တွန်းလိုသေးပေမယ့် အဆင့်မြင့်ပညာရေးမှာတော့ မဖြစ်မနေပြုလုပ်သင့်တယ်လို့ ယူဆပါတယ်။”

## စာရင်းအင်းအရည်အသွေးပြည့်ဝရေးနှင့် တိကျမှန်ကန်ရေးအလုပ်ရုံဆွေးနွေးပွဲ ဆင့်ပွားသင်တန်းဖွင့်

**စစ်တွေ မတ် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ပြည်နယ်အတွင်းရှိ ဝန်ထမ်းများအား စာရင်းအင်းအရည်အသွေးပြည့်ဝရေးနှင့် တိကျမှန်ကန်ရေးအလုပ်ရုံဆွေးနွေးပွဲ ဆင့်ပွားသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက စစ်တွေမြို့ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ငြိမ်းက လယ်ယာကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် လယ်ယာကဏ္ဍနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းအချက်အလက်များ ထောက်ပံ့ပေးရေးကို ဌာနမှ မျှော်မှန်းချက်အဖြစ် ချမှတ်ထားပြီး မြေအသုံးချမှုဆိုင်ရာ စာရင်းအချက်အလက်များကို အခြေခံ၍ခိုင်မာသော သတင်းအချက်အလက်စနစ်ထူထောင်ရေးနှင့် ခိုင်မာမှန်ကန်သည့် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်းသတင်းအချက်အလက်စနစ် ထူထောင်ရေးတို့ဖြင့် ရည်မှန်းချက်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများမှ လက်ထောက်ဦးစီးမှူးအဆင့်ရှိ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မူခင်းပညာပေးပြခန်းယာဉ်ဖြင့် မတ် ၁၉ ရက်က မရမ်းကုန်းမြို့နယ် ၅ ရပ်ကွက် စွယ်တော်ဘုရားလမ်းတွင် မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်အန္တရာယ်၊ လူကုန်ကူးမှုများ မဖြစ်ပွားစေရန် မရမ်းကုန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်သန်းဝင်းနှင့် တာဝန်ရှိသူများက အသိပညာပေးဟောပြောစဉ်။ **ဇာနည်မောင်**

# ကျွန်တော်နှင့် ကြက်ခြေနီ

## သက်ဆွေ

ကျွန်တော့်ဘဝမှာ ဝန်ထမ်းတစ်ယောက်အနေနဲ့ နှစ်အကြာမြင့်ဆုံးလုပ်ခဲ့တဲ့ အဖွဲ့အစည်းကတော့ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်) ဖြစ်ပါတယ်။ ၁၉၇၂ ခုနှစ်ကနေ ၁၉၈၇ ခုနှစ်အထိ ၁၅ နှစ်ကြာ လက်ထောက်အတွင်းရေးမှူး တာဝန်ကိုထမ်းဆောင်ခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံကြက်ခြေနီအသင်းဟာ စေတနာ့ဝန်ထမ်းတွေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ အသင်းဖြစ်ပေမယ့် ကြက်ခြေနီဌာနချုပ်ဝန်ထမ်းတွေဟာ လခစားဝန်ထမ်းတွေ ဖြစ်ပါတယ်။ ကြက်ခြေနီဗဟိုကောင်စီ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ ပြည်နယ်၊ တိုင်းကြက်ခြေနီအသင်းတွေ၊ ကြက်ခြေနီအသင်းဝင်တွေ၊ ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်တွေကတော့ စေတနာဝန်ထမ်းတွေ ဖြစ်ကြပါတယ်။

အဲဒီအချိန်က ကြက်ခြေနီဌာနချုပ်ရုံးအဖွဲ့ရဲ့ အကြီးအကဲဟာ အမှုဆောင်အတွင်းရေးမှူးဖြစ်တာကြောင့် လက်ထောက်အတွင်းရေးမှူးရာထူးအနေနဲ့ ဒုတိယအကြီးအကဲလို့ ဆိုရပါတယ်။ ကျွန်တော် အသက် (၂၇)နှစ်လောက်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ်ရဲ့ လက်ထောက် အတွင်းရေးမှူးရာထူးမှာ ရွေးချယ်ခန့်ထားခြင်းခံခဲ့ရပါတယ်။ ဒီအသက်အရွယ်မှာ ဒီလိုတာဝန်မျိုး ထမ်းဆောင်ခဲ့ရတော့ ဖိလစ်ပိုင်ကြက်ခြေနီအသင်းက မေးခဲ့တဲ့ မေးခွန်းလေးကို ပြန်သတိရမိလိုက်ပါတယ်။

### စာပေနဲ့ဆက်နွယ်

အလုပ်ဝင်ခါစက လူငယ်ကြက်ခြေနီလုပ်ငန်းတွေလေ့လာဖို့ ဖိလစ်ပိုင်နဲ့ ဂျပန်နိုင်ငံတွေကို လေ့လာရေးခရီးသွားခဲ့စဉ်က ဖြစ်ပါတယ်။ ဖိလစ်ပိုင်ကြက်ခြေနီအသင်းက ကိုယ်စားလှယ်တွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့တုန်းက အမှတ်မထင် မေးလိုက်တဲ့ မေးခွန်းလေးပါ။ မေးလိုက်တဲ့ မေးခွန်းက -

"ဒီအသက်အရွယ်နဲ့ ဒီလိုအဆင့်မြင့်တဲ့ တာဝန်ကို ထမ်းဆောင်ရတာဟာ ငယ်ငယ်ကတည်းက ကြက်ခြေနီစေတနာ့ဝန်ထမ်း ပရဟိတအလုပ်တွေမှာ ထူးထူးချွန်ချွန် အချိန်ပေးလုပ်ခဲ့လို့ မဟုတ်လား"တဲ့။

အဲဒီတုန်းက ကျွန်တော်ဘာမှ ပြန်အဖြေမပေးခဲ့ပါဘူး။ မေးတဲ့သူကို ပြုံးပြီးကြည့်နေမိခဲ့ပါတယ်။ ဆိတ်ဆိတ်နေတာ ဝန်ခံတာပဲလို့ ယူဆသလား မသိခဲ့ပါဘူး။ ဘာမှ ဆက်မမေးတော့ပါဘူး။ အမှန်တကယ်တော့ ကျွန်တော့်ရင်ထဲက မလုံစိတ်တွေကြောင့် မျက်နှာပေါ်မှာ အပြုံးတွေပေါ်လာခဲ့တာပါ။ သူတို့အထင်တကြီး မျှော်လင့်ထင်မှတ်ထားတာနဲ့ ကျွန်တော့်ဘဝအဖြစ်မှန်က လုံးလုံးကြီး ကွာခြားနေလို့ပါပဲ။

စေတနာ့ဝန်ထမ်းလုပ်ငန်းတွေနဲ့ ပက်သက်လို့ ဌာနချုပ်မှာလာပြီး အလုပ်လျှောက်တဲ့အချိန်ထိ ကြက်ခြေနီဆိုတာ ဘာရယ်လို့ရေရေရာရာ မသိခဲ့ပါဘူး။ ပြန်ကြားရေး တာဝန်ယူရမဲ့ ရာထူးတစ်နေရာ လစ်လပ်တယ်ဆိုတော့ ကိုယ်ဝါသနာပါတဲ့ စာပေနဲ့ဆက်နွယ်နေတယ်ဆိုပြီး အလုပ်လျှောက်ခဲ့တာပါ။

### မှတ်တမ်းတွေ ရှားပါး

ဒါပေမဲ့. . .

ယနေ့အထိ ကြက်ခြေနီပရဟိတ စေတနာ့ဝန်ထမ်းစိတ်ဓာတ်ကို နှလုံးသားမှာ စွဲမြဲနေခဲ့တာကတော့ ကြက်ခြေနီဌာနချုပ်မှာ တာဝန်ထမ်းဆောင်စဉ် ကြက်ခြေနီစေတနာ့ဝန်ထမ်း တပ်ဖွဲ့ဝင်တွေကြောင့်ပါ။

ဌာနချုပ်မှာ စတင်တာဝန်ယူရတဲ့အခါ ကြက်ခြေနီ ပြန်ကြားရေး၊ စည်းရုံးရေးနှင့် သင်တန်းလုပ်ငန်းတွေကို ဦးဆောင်ကြီးကြပ်ရမှာဖြစ်တော့ အရင်တုန်းက မလေ့လာ မသိရှိခဲ့တဲ့ ကြက်ခြေနီအကြောင်းကို အပြင်းအထန် လေ့လာရပါတော့တယ်။ ဟောပြောပွဲတွေမှာ၊ သင်တန်းတွေမှာ ပို့ချနိုင်အောင် စေတနာ့ဝန်ထမ်း ကြက်ခြေနီရဲဘော်၊ ရဲမေတွေက မေးမြန်းခဲ့ရင် ပြန်ဖြေကြားနိုင်အောင် ဖတ်ရမှတ်ရ မေးမြန်းရပါတယ်။ ဒီမှာတင် ကြက်ခြေနီနဲ့ပတ်သက်လို့ စာအုပ်စာတမ်း မှတ်တမ်းတွေ ရှားပါးတာ တွေ့ခဲ့ရပါတယ်။ ကြက်ခြေနီသမိုင်းကို လေ့လာတဲ့အခါမှာ ကြက်ခြေနီကို စတင်တည်ထောင်ခဲ့တဲ့ ကြက်ခြေနီရဲ့ ဖခင်လို့ဆိုရမယ့် "ဟင်နရီဒူးနန့်"အကြောင်း ကြက်ခြေနီသန္ဓေတည်ခဲ့တဲ့ "ဆိုဖာရီနိုစစ်ပွဲ" စတဲ့ အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီးဖတ်ရမယ့် ကိုးကားရမယ့်စာအုပ်၊ မှတ်တမ်းတွေ လုံးဝမရှိသလောက် ရှားပါးလှပါတယ်။ ဒါကြောင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနဲ့ ဆက်သွယ်ပြီး လိုအပ်တဲ့စာအုပ် မှတ်တမ်းတွေရအောင် ကြိုးပမ်းခဲ့ရပါတော့တယ်။

> **ကြက်ခြေနီအသင်းတပ်ဖွဲ့ဟာ ကျန်းမာရေးရဲ့ အရန်အင်အားပါ။ ကျန်းမာရေးဝန်ထမ်းတွေ မပြည့်စုံတဲ့အခါမှာ ကြက်ခြေနီစေတနာ့ဝန်ထမ်းတွေက ဖြည့်ဆည်းပံ့ပိုးပေးကြဖို့ ဖြစ်ပါတယ်။ အရေးပေါ် တစ်စုံတစ်ရာဖြစ်လာခဲ့ရင် ကူညီပေးနိုင်မယ့် ကျန်းမာရေးဝန်ထမ်းတွေဆီမရောက်မီ ကြက်ခြေနီစေတနာ့ဝန်ထမ်းတွေက ရှေးဦးစွာ အသက်ကယ်ပေးကြရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းတွေအနေနဲ့ မတတ်မဖြစ်တဲ့ပညာရပ်ကတော့ "ရှေးဦးသူနာပြုပညာရပ်" ဖြစ်ပါတယ်။ ဘယ်နေရာ၊ ဘယ်အချိန်အခါမဆို ရရာပစ္စည်းနဲ့ ဆေးဝါးမပါဘဲ လူနာကို အခြေအနေ ဆိုးရွားမသွားအောင်၊ သက်သောင့်သက်သာဖြစ်အောင် အမြန်ဆုံးဆေးရုံ၊ ဆေးခန်း ကျန်းမာရေးဝန်ထမ်းဆီ ပို့ပေးနိုင်အောင် လုပ်ဆောင်ပေးနိုင်တဲ့ ပညာရပ်ဖြစ်ပါတယ်။**

### တာဝန်မပေးမှာကို

အဲဒီအချိန်က ကနေ့ကာလလို ကိုယ်ထူကိုယ်ထ စေတနာ့ဝန်ထမ်းအဖွဲ့တွေ များများစားစား မရှိသလို စည်းကမ်းတကျနဲ့ ပီပီပြင်ပြင် ဖွဲ့စည်းထားတဲ့အဖွဲ့ဆိုလို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးပဲ ရှိခဲ့တာပါ။

ကြက်ခြေနီလူငယ်တွေဟာ စိတ်ဓာတ်မွန်မြတ်ရုံသာမကဘဲ စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံမှုတွေမှာပါ တိကျမှုတွေရှိတာကြောင့် ကြက်ခြေနီတပ်ဖွဲ့တွေဟာ နိုင်ငံအနှံ့မှာ အများပြည်သူတွေရဲ့ မြတ်နိုးလေးစားမှု ခံယူရရှိနေကြတာဖြစ်ပါတယ်။ ပေးအပ်တဲ့တာဝန်ကို တစ်သဝေမသိမ်း ထမ်းဆောင်မှု၊ ချမှတ်တဲ့ စည်းကမ်းကို တိတိကျကျလိုက်နာမှု၊ အထက်ရဲ့အမိန့်ကို ဖီဆန်မှုမပြုတာတွေကြောင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းတပ်ဖွဲ့ဝင်တွေဟာ ထင်ပေါ်ခဲ့တာလည်း ဖြစ်ပါတယ်။ အလုပ်၊ တာဝန် ရှောင်နေကြတဲ့လူတွေထဲမှာ ကြက်ခြေနီစေတနာ့ဝန်ထမ်းတွေမပါကြပါဘူး။ ကိုယ့်ကိုမခိုင်းမှာ၊ တာဝန်မပေးမှာကို ပူပန်နေကြတဲ့သူတွေပါ။

ကြက်ခြေနီအသင်းတပ်ဖွဲ့ဟာ ကျန်းမာရေးရဲ့ အရန်အင်အားပါ။ ကျန်းမာရေးဝန်ထမ်းတွေ မပြည့်စုံတဲ့အခါမှာ ကြက်ခြေနီစေတနာ့ဝန်ထမ်းတွေက ဖြည့်ဆည်းပံ့ပိုးပေးကြဖို့ ဖြစ်ပါတယ်။ အရေးပေါ် တစ်စုံတစ်ရာဖြစ်လာခဲ့ရင် ကူညီပေးနိုင်မယ့် ကျန်းမာရေးဝန်ထမ်းတွေဆီမရောက်မီ ကြက်ခြေနီစေတနာ့ဝန်ထမ်းတွေက ရှေးဦးစွာ အသက်ကယ်ပေးကြရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းတွေအနေနဲ့ မတတ်မဖြစ်တဲ့ပညာရပ်ကတော့ "ရှေးဦးသူနာပြုပညာရပ်"ဖြစ်ပါတယ်။ ဘယ်နေရာ၊ ဘယ်အချိန်အခါမဆို ရရာပစ္စည်းနဲ့ ဆေးဝါးမပါဘဲ လူနာကို အခြေအနေဆိုးရွားမသွားအောင်၊ သက်သောင့်သက်သာဖြစ်အောင် အမြန်ဆုံးဆေးရုံ၊ ဆေးခန်း ကျန်းမာရေးဝန်ထမ်းဆီ ပို့ပေးနိုင်အောင် လုပ်ဆောင်ပေးနိုင်တဲ့ပညာရပ် ဖြစ်ပါတယ်။

ကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို တပ်ဖွဲ့ပုံစံဖွဲ့စည်းထားတာကြောင့် အခြေခံစစ်ရေးပြပညာကို တတ်မြောက်ကြဖို့ လိုပါတယ်။ အခုလို တပ်ဖွဲ့ပုံစံဖွဲ့ပြီး လုပ်ဆောင်ကြတာဟာ သဘာဝဘေးအန္တရာယ်၊ လူကြောင့်ဖြစ်တဲ့ ဘေးအန္တရာယ် စတဲ့ ဒုက္ခဘေးတစ်ခုခု ဆိုက်ရောက်လာတဲ့အခါမှာ စေတနာ့ဝန်ထမ်းတွေဟာ စနစ်တကျနဲ့ လျင်လျင်မြန်မြန် ထိထိရောက်ရောက် ဒုက္ခသည်တွေကို ကယ်ဆယ်ပံ့ပိုးပေးနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ စေတနာ့ဝန်ထမ်း ပါဝင်ကူညီပေးနေကြတဲ့ ကြက်ခြေနီတွေရဲ့ စစ်ရေးပြပညာကိုလည်း တတ်မြောက်ထားကြရမှာဖြစ်လို့ စနစ်တကျ လေ့လာသင်ကြားပေးရခြင်းလည်း ဖြစ်ပါတယ်။

### သန္နိဋ္ဌာန်ချခဲ့

ကြက်ခြေနီဌာနချုပ်မှာ လက်ထောက်အတွင်းရေးမှူးအဖြစ် စတင်တာဝန်ယူပြီးတဲ့အခါမှာတော့ စေတနာ့ဝန်ထမ်းကြက်ခြေနီစိတ်ဓာတ်တွေဟာ ကျွန်တော့်ရင်ထဲ၊ နှလုံးသားထဲမှာ စွဲမြဲကိန်းအောင်းလာခဲ့ပါတော့တယ်။

မိမိအတ္တကိုယ်ကျိုးကိုမကြည့်ဘဲ အများအကျိုးကို တတ်စွမ်းသမျှ သယ်ပိုးရမယ်ဆိုတဲ့ မေတ္တာ၊ ကရုဏာ၊ စေတနာစိတ်တွေ ပေါ်လာအောင် ဦးဆောင်လမ်းညွှန်ပြခဲ့သူတွေကတော့ ကြက်ခြေနီစေတနာ့ဝန်ထမ်း၊ သူနာပြုတပ်ဖွဲ့ရဲဘော်၊ ရဲမေလေးတွေပဲ ဖြစ်ပါတယ်။ သူတို့လေးတွေနဲ့ နီးနီးကပ်ကပ်လုပ်ကိုင်ခွင့်ရလာတာနဲ့အမျှ သူတို့လေးတွေရဲ့ အလွန်မွန်မြတ်လှတဲ့မေတ္တာ၊ ကရုဏာစိတ်တွေကို လေးစားတန်ဖိုးထားလာမိပါတယ်။ ကိုယ့်ယူနီဖောင်း၊ တူညီဝတ်စုံကို ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်ဝတ်၊ အခကြေးငွေ တစ်ပြားတစ်ချပ်မှမရဘဲ အများအကျိုးကို ပေပေကျေကျေ စေတနာထက်ထက်သန်သန်နဲ့ လုပ်နေကြတာ မြင်ရတွေ့ရလေ ကိုယ့်သိက္ခာကိုယ် မလုံသလို ခံစားခဲ့ရပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျွန်တော်က ကြက်ခြေနီဌာနချုပ်က တာဝန်ရှိတဲ့နေရာအဆင့်မှာ အလုပ်လုပ်ရပေမယ့် သူတို့လို စေတနာ့ဝန်ထမ်းမဟုတ်ပါဘူး၊ ကြက်ခြေနီရန်ပုံငွေထဲကပေးတဲ့ လခကိုရယူနေတဲ့ လခစားဝန်ထမ်းဖြစ်နေလို့ပါ။ ဒီအသိဝင်လာတဲ့အချိန်ကစပြီး ကြက်ခြေနီရဲ့ လခစားဝန်ထမ်းဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ငွေကြေး တစ်ပြားတစ်ချပ်မှမရယူဘဲ စေတနာသက်သက်နဲ့ ကရုဏာလုပ်ငန်းတွေ လုပ်နေတဲ့ ကြက်ခြေနီအသင်းဝင်တွေ၊ တပ်ဖွဲ့ဝင်ရဲဘော်၊ ရဲမေတွေထက် ပိုပြီး ပင်ပန်းခံ ကြိုးစားလုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ချခဲ့ပါတယ်။

### အတွေ့အကြုံမရှိသေးလို့

ဒီသန္နိဋ္ဌာန်ကို ပိုမိုခိုင်မာသွားစေခဲ့တာကတော့ စေတနာ့ဝန်ထမ်းသူနာပြုတပ်ဖွဲ့ဝင်တွေနဲ့ အနီးကပ် ပထမဦးဆုံး တွေ့ကြုံသိမြင်ခွင့်ရတဲ့ "တိုးအေးသင်္ဘော" မှောက်တုန်းကပါ။ အဲဒီအချိန်က ပြင်ဦးလွင် (ပွဲကောက်စခန်းမှာ) စံပြကြက်ခြေနီစခန်း ဖွင့်နေတာကြောင့် ဌာနချုပ်ကလူကြီးတွေဟာ စံပြကြက်ခြေနီစခန်း ရောက်နေကြပါတယ်။ တိုးအေးသင်္ဘောမှောက်တဲ့ ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းနဲ့ ကြက်ခြေနီရုံးချုပ်ဟာ သိပ်မဝေးတာကြောင့် သင်္ဘောမြုပ်ပြီးတာနဲ့ ချက်ချင်းဆိုသလို ပန်းဆိုးတန်းဆိပ်ကမ်းကို ရောက်သွားခဲ့ပါတယ်။ အလုပ်ဝင်တာလပိုင်းပဲရှိတာကြောင့် အတွေ့အကြုံမရှိသေးလို့ ဘယ်ကစဘာလုပ်ရမှန်းမသိပါဘူး။

တစ်နေရာရာမှာ ဘေးဒုက္ခတစ်ခုခုဖြစ်ပြီဆိုရင် ကြက်ခြေနီတပ်ဖွဲ့ဝင်တွေကို စုစည်းဖို့၊ ခေါ်ဖို့မလိုပါဘူး၊ သတင်းကြားရတာနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေဟာ ရောက်ရာဒေသကနေ အခင်းဖြစ်တဲ့နေရာကို အမြန်ဆုံးရောက်လာလေ့ရှိပါတယ်။ အလွန်ချစ်စရာကောင်းတဲ့ မေတ္တာစိတ်ပါ။ လှိုင်မြစ်ထဲမှာ တိုးအေးသင်္ဘောမှောက်တဲ့သတင်း ကြားရတာနဲ့ မြို့နယ်အသီးသီးက တပ်ဖွဲ့ဝင်တွေဟာ ပန်းဆိုးတန်းဆိပ်ကမ်းကို တဖွဲဖွဲရောက်လာခဲ့ကြပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့အတူ လှိုင်မြစ်ထဲမှာ ကယ်ဆယ်ရေးလုပ်ငန်းတွေ ချက်ချင်းအားသွန်ခွန်စိုက် လုပ်ပေးခဲ့ကြပါတယ်။

မြစ်ထဲမှာ နစ်မြုပ်သေဆုံးသွားခဲ့ကြတဲ့ ခရီးသည်တွေရဲ့အလောင်းတွေကို လှိုင်မြစ်ထဲမှာ မော်တော်ဘုတ်ကလေးတွေနဲ့ ခေါက်တုန့်ခေါက်ပြန်လိုက်ရှာပြီးဆယ်ရပါတယ်။ နေ့ရော ညပါ တစ်ပတ်ဆယ်ရက်လောက်အထိ လုပ်ကြရပါတယ်။ ရက်ကြာလာတဲ့အမျှ တွေ့ရှိတဲ့ အလောင်းတွေဟာလည်း အနံ့အသက်တွေ ဆိုးဆိုးရွားရွားထွက်ပြီး ကိုင်တွယ်လို့မရအောင် ဖြစ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေဟာ လက်အိတ်မပါ၊ နှာခေါင်းစည်းမပါဘဲနဲ့ မရွံ့မရှာ ဆယ်ယူခဲ့ကြပါတယ်။ ကြေကြေကွဲကွဲနဲ့ ဝမ်းနည်းပူဆွေး ငိုကြွေးနေကြတဲ့ ဆွေမျိုးအရင်းအချာတွေတောင် အလောင်းဆယ်လို့ရတဲ့အခါ အနံ့ဆိုးရွားလို့ မကပ်ကြပေမယ့် သွေးသားဘာမှမတော်စပ်တဲ့ ကြက်ခြေနီလူငယ်တွေက ပယ်ပယ်နယ်နယ်ကိုင်တွယ်ပြီး ဆေးရုံကြီး ရေခဲတိုက်သို့ ပို့ပေးခဲ့ကြပါတယ်။

### လှိုက်လှိုက်လှဲလှဲ

တစ်ပတ်လောက် နေ့ရောညပါ ကယ်ဆယ်ရေးလုပ်ငန်းတွေကို ကရုဏာရှင် ကြက်ခြေနီလူငယ်လေးတွေနဲ့ အတူလုပ်ရင်း အတွေ့အကြုံမရှိတဲ့ ကျွန်တော့်အတွက် ဆိုးရွားတဲ့အနံ့အသက်တွေဟာ နှာခေါင်းထဲမှာ စွဲနေခဲ့ပါတယ်။ ရက်တော်တော်ကြာအောင် စားသောက်မရတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ကြက်ခြေနီလူငယ်လေးတွေကတော့ ကျွန်တော့်လိုမဟုတ်ပါဘူး။ ဆိပ်ကမ်းမှာ နေရင်း မြို့နယ်တွေကပို့ပေးလာတဲ့ ထမင်းထုပ်တွေကို အားရပါးရ ဖြေစားနေပါတယ်။ မရွံ့မရှာ ကိုင်တွယ်ထားတာတွေကိုလည်း ဂရုမစိုက်ကြပါဘူး။ ရရာရေနဲ့ပဲ လက်ကိုဆေးကြောပြီး စားသောက်ကြပါတယ်။ အဲဒီအချိန်က အထက်တန်းကျောင်းတွေမှာ အတန်းတင်စာမေးပွဲ ဖြေဆိုကြရတဲ့အချိန်ဖြစ်ပါတယ်။ စာမေးပွဲဖြေရမယ့် လူငယ်လေးတွေကို ညဘက်ပြန်ခိုင်းပေမယ့် မပြန်ကြဘဲ ကမ်းနားက လမ်းဘေးဓာတ်မီးတိုင်အောက်မှာ စာဖတ်ပြီး အလှည့်ကျ ကယ်ဆယ်ရေးလုပ်ကြပါတယ်။ ဘယ်လိုတုံ့ပြန်မှုမျိုးမှ မမျှော်လင့်ဘဲ လူတိုင်းမလုပ်နိုင်တဲ့၊ မလုပ်ချင်ကြတဲ့အလုပ်တွေကို စိတ်ထက်ထက်သန်သန်နဲ့ လုပ်ဆောင်ကြတဲ့ စေတနာ့ဝန်ထမ်း ကြက်ခြေနီရဲဘော်၊ ရဲမေတွေရဲ့ လုပ်ဆောင်မှုတွေကို အခု ပြန်တွေးမိရင်း၊ ရေးရင်းကနေတောင်မှ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ခံစားချီးကျူးနေမိပါတယ်။

တုံ့ပြန်မှု တစ်စုံတစ်ရာမမျှော်လင့်ဘဲ မေတ္တာအပြည့်အဝနဲ့ တိုးအေးသင်္ဘောမှောက်ရာမှာ ကူညီခဲ့ကြတဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက အမြင့်ဆုံးဆုဖြစ်တဲ့ ထူးချွန်ဆု အဆင့်(၁) တံဆိပ်တွေ ချီးမြှင့်ပေးအပ် ဂုဏ်ပြုခဲ့ပါတယ်။

### ဝမ်းသာကြည်နူး

အဲဒီအချိန်ကစလို့ နှစ်ပေါင်း ၁၅ နှစ်ကြာ မြန်မာနိုင်ငံအနှံ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့အခါ နိုင်ငံတော်က ထောက်ပံ့တဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)၊ အမျိုးသားကြက်ခြေနီအသင်းတွေက လှူဒါန်းကြတဲ့ ပစ္စည်းတွေကို ဒေသခံ ကြက်ခြေနီသူနာပြု တပ်ဖွဲ့မှူးတွေဦးဆောင်တဲ့ ကြက်ခြေနီလူငယ်လေးတွေနဲ့အတူ ဒုက္ခသည်ပြည်သူတွေကို ကူညီထောက်ပံ့ပေးနိုင်ခဲ့တဲ့ ပီတိတွေကို ယနေ့ထက်တိုင် ဝမ်းသာကြည်နူးစွာ ခံစားနေရဆဲပါ။

ကျွန်တော်ခရီးသွားတဲ့အခါတိုင်း ရောက်တဲ့နေရာတိုင်းမှာ လှိုက်လှဲစွာကြိုဆိုခဲ့ကြတဲ့ ကြက်ခြေနီလူငယ်လေးတွေကြောင့် ကျွန်တော့်ရင်ထဲမှာ နွေးထွေးနေဆဲပါ။

ကြက်ခြေနီလူငယ်လေးတွေရဲ့ ရှေးဦးသူနာပြုစုခြင်းဆိုင်ရာ ကျွမ်းကျင်မှုတွေ၊ ကျန်းမာရေးပညာပေး သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးသင်တန်းတွေနဲ့အတူ အခြေခံစစ်ရေးပြ ပညာရပ်တွေကို စာတွေ့၊ လက်တွေ့သင်ကြားပေးတဲ့ ရှေးဦးပြုစုအခြေခံသင်တန်း၊ မွမ်းမံနဲ့ နည်းပညာသင်တန်းတွေကို ဦးဆောင်ဖွင့်လှစ်ဖို့ မြို့နယ်တွေ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေ၊ အထက်တန်းကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ ဝန်ထမ်းတက္ကသိုလ် စတဲ့ နေရာတွေ သွားရောက်ရတဲ့အခါတိုင်းမှာလည်း ဖြူစင်တဲ့ ကရုဏာရှင်လူငယ်လေးတွေနဲ့ အနီးကပ်ရင်းနှီးစွာ တွေ့ဆုံခဲ့ရတာတွေကိုလည်း အလွန်အားရကျေနပ်မိခဲ့ပါတယ်။

နှစ်စဉ်ကျင်းပပေးခဲ့တဲ့ စံပြကြက်ခြေနီစခန်းတွေနဲ့ မေလ ၈ ရက် ကမ္ဘာ့ကြက်ခြေနီအခမ်းအနားတွေမှာတော့ ဝေးလံခေါင်းပါးတဲ့ အရပ်ဒေသတွေက ကရုဏာရှင် လူငယ်လေးတွေအပါအဝင် သူတို့လေးတွေနဲ့ နေ့ညမပြတ်လက်ရေတစ်ပြင်တည်း အတူစခန်းဝင်ခဲ့ရတော့ ပိုသံယောဇဉ် ကြီးမားခဲ့ရပါတယ်။

ကျွန်တော့်ရဲ့ စာပေဝါသနာအရ ကြက်ခြေနီစာစောင်တွေကို မှန်မှန်ဖြန့်ဝေနိုင်ခဲ့သလို ကြက်ခြေနီလူငယ်လေးတွေအတွက် ဗဟုသုတဖြစ်အောင် ရေးသားထုတ်ဝေခဲ့တဲ့ "သားသားမီးမီး ကြက်ခြေနီ"၊ "ဟင်နရီဒူးနန့် ဆုတံဆိပ်ရှင်များ"၊ "ဟင်နရီဒူးနန့်(သို့မဟုတ်) စွန့်ဝံ့သူ" စာအုပ်တွေဟာ ကျွန်တော့်ဘဝရဲ့ စာပေမှတ်တိုင်တွေ ဖြစ်ခဲ့ပါတယ်။

### အမှတ်တရထုတ်ဝေ

အနုပညာနယ်ပယ်က ကျွန်တော်နဲ့ ခင်မင်ရင်းနှီးကြတဲ့ အနုပညာရှင်တွေ ပံ့ပိုးပေးလို့ ကမ္ဘာ့ကြက်ခြေနီနေ့ ဇာတ်လမ်းပမာ နားဆင်စရာကဏ္ဍတွေနဲ့ အသံလွှင့်ဇာတ်လမ်းတွေဟာ လေလှိုင်းမှာ နှစ်စဉ် ပျံ့လွင့်ခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံမှာ ရုပ်မြင်သံကြားမပေါ်သေးတာကြောင့် မြန်မာ့အသံရဲ့ အသံလွှင့်ဇာတ်လမ်းတွေကို ပြည်သူတွေက စိတ်ဝင်တစား စောင့်စားနားထောင်လေ့ရှိပါတယ်။ ကိုယ်တိုင်ဇာတ်ညွှန်းရေး စီစဉ်ထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းလေးတွေကြောင့် ကြက်ခြေနီလူငယ်လေးတွေ အားကျစရာ၊ ဂုဏ်ယူစရာတွေ ဖြစ်ခဲ့တဲ့အတွက် ကျေနပ်နေမိပါတယ်။ ထုတ်လွှင့်ခဲ့တဲ့ ကြက်ခြေနီအသံလွှင့်ဇာတ်လမ်းတွေကို စုစည်းပြီး "အဖြူရောင် မေတ္တာပေါ်က အနီရောင်နှလုံးသား" စာအုပ်လည်း အမှတ်တရ ထုတ်ဝေနိုင်ခဲ့ပါတယ်။

ကျွန်တော့်ကြက်ခြေနီ လုပ်သက်တစ်လျှောက်မှာ မြန်မာနိုင်ငံက စေတနာ့ဝန်ထမ်း ကြက်ခြေနီလူငယ်လေးတွေနဲ့ အနီးကပ်ကြက်ခြေနီလုပ်ငန်းတွေ အတူလုပ်ခွင့်ရသလို အာရှတိုက်က ဟင်နရီဒူးနန့်ဆုတံဆိပ်ကို ပထမဆုံးချီးမြှင့်ခံရတဲ့ ဂျပန်နိုင်ငံက

စာမျက်နှာ ၉ သို့ ☆

# ရေတံခါးတည်ဆောက်၍ ချောင်းကောများ တူးဖော်ပေးသဖြင့် ဖျာပုံမြို့နယ်အတွင်း နွေစပါးကေ ၃၄၀၀၀ ထိ စိုက်ပျိုးနိုင်မည်



သတင်း - သပြေထွန်း
ဓာတ်ပုံ - ဆည်မြောင်း

**ဖျာပုံ မတ် ၂၂**

နှစ်စဉ် နွေပိတ်ချောင်းပိတ်တမံ စနစ်ဖြင့် တောင်သူများ ခက်ခက်ခဲခဲ စိုက်ပျိုးလုပ်ကိုင်ခဲ့ရသည့် ဧရာဝတီ တိုင်းဒေသကြီး ဖျာပုံမြို့နယ်ရှိ သပြေကန်-သိမ်ကုန်းဧရိယာအတွင်း ယခုနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ရေတံခါးနှစ်ခုနှင့် ချောင်းကော၊ မြောင်းကောတူးဖော်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် အဆိုပါဧရိယာအတွင်း နွေစပါး ဧက ၃၄၀၀၀ အထိ တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး မိုးစပါး ရေကြီးနစ်မြုပ်မှုမရှိစေရေး အတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

"ပေအစိတ်မြောင်းနဲ့ ရွာလယ်ရိုးချောင်းကို ရေငန်မထိုးခင် နွေစပါး အောင်ရေအတွက် ရေချိုသွင်းပြီး ချောင်းပိတ်တမံနဲ့ပိတ်ဖို့ ကာကွယ်ပေးရပါတယ်၊ ဒါမှသာ မိုးစပါးရိတ်သိမ်းလယ်မြေနဲ့ နွေစပါးစိုက်ပျိုးနေတဲ့ လယ်မြေတွေအတွင်း ရေငန်မဝင်ရောက်မှာဖြစ်ပါတယ်၊ ပြီးတော့လည်း မိုးတွင်းကာလ မိုးများပြီး ရေကြီးတဲ့အခါ ကွင်းရေနုတ်နိုင်ဖို့ စောစောက ပိတ်ထားခဲ့တဲ့ တမံကိုပဲ ပြန်ဖွင့်ပေးရပါတယ်၊ ဒီချောင်းတွေပေါ်မှာပဲ ရေငန်မဝင်ရောက်ဖို့နဲ့ ရေချိုသိုလှောင်ဖို့ (အောင်ရေထိန်းဖို့) ပိတ်တယ်၊ မိုးတွင်းဘက် ကွင်းရေနုတ်ဖို့ချိုးရတယ်၊ နှစ်စဉ် ပုံမှန်လုပ်ရတဲ့အလုပ်၊ အဲ့ဒီတော့ အကျိုးဆက်က ဘာရလဲဆိုရင် တောင်သူတွေမှာ နှစ်စဉ် မြေယူ ဆောင်ရွက်ရတဲ့အတွက် လယ်ယာမြေဆုံးရှုံးမှုတွေ၊ မြေယူဖို့ နေရာအခက်အခဲတွေ၊ နှစ်စဉ်ငွေကြေးကုန်ကျမှုတွေ တွေ့ကြုံလာရပါတယ်၊ အဲ့ဒီအတွက်ကြောင့် တောင်သူတွေက ဌာနနဲ့ချိတ်ဆက်ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘို မင်းဇော်ကို တင်ပြတယ်၊ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ထောက်ခံချက်နဲ့ အခုလို တည်ဆောက်ပေးတာဖြစ်ပါတယ်" ဟု ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးသိန်းဇော်(ဦးစီးအရာရှိ)က ပြောသည်။

ယင်းရေတံခါးများနှင့် ချိတ်ဆက်လျက်ရှိသည့် သပြေကန်-သိမ်ကုန်းဧရိယာအတွင်း အဓိကချောင်းမကြီးတစ်ခုဖြစ်သည့် သုံးထပ်-ကျိုက္ကဘာချောင်းမကြီး အလျားပေ ၅၀၀၀၀၊ ငါးကြီးရိုးချောင်းနှင့် ဆက်စပ်ချောင်း၊ မြောင်းများ အလျားပေ ၈၀၀၀၀ အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စက်ယန္တရားများဖြင့် တူးဖော်ပေးလျက်ရှိသဖြင့် ကျေးရွာအုပ်စု ၁၀ စုရှိ နွေစပါးဧက ၃၄၀၀၀ အထိ တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ရေချိုလုံလောက်စွာရရှိလာမည်ဖြစ်သည့်အပြင် ကျေးရွာကုန်ထုတ်လမ်းအဖြစ်ပါ အသုံးပြုလာနိုင်တော့မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ သပြေကန်-သိမ်ကုန်းဧရိယာအတွင်း မြောင်းတူးဖော်ပေးနေမှုနှင့် ရေတံခါးများ ဆောက်လုပ်ပေးနေမှုလုပ်ငန်းများအပါအဝင် ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာသားငါးကဏ္ဍအခြေအနေများကို ဖေဖော်ဝါရီလဒုတိယပတ်အတွင်း တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းနှင့် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ လှည့်လည်ကြည့်ရှုသည့် ခရီးစဉ်တွင် ဌာနဆိုင်ရာများအနေဖြင့် တောင်သူ လယ်သမားများ၏ အကျိုးစီးပွားအတွက် အဓိကထားလုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း ထည့်သွင်းလမ်းညွှန်မှာကြားခဲ့သည်။

"သပြေကန်-သိမ်ကုန်းဧရိယာထဲမှာပဲ ကျွန်တော့်လယ်မြေဧက ၂၀၀ ကျော်ရှိပါတယ်၊ မြေရှိပေမယ့် ရေမရှိတော့ ရိတ်ထားတဲ့ လယ်တွေ မစိုက်နိုင်ခဲ့ဘူး၊ အခုမှပဲ ရေလိုသလောက်ရလာလို့ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလာနိုင်တာပါ၊ အခုလို တောင်သူ လယ်သမားတွေရဲ့ အကျိုးကို မြှင့်တင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ လိုအပ်နေသေးတဲ့ ချောင်းကော၊ မြောင်းကောတွေကိုလည်း သင့်တော်သလို ဆက်လက်တူးဖော်ပေးစေချင်ပါတယ်" ဟု အဇုတ်ကြီးကျေးရွာမှ တောင်သူ ဦးတင်အေးက ပြောသည်။

ဖျာပုံမြို့နယ်ရှိ သပြေကန်-သိမ်ကုန်း ဧရိယာအတွင်း စိုက်ပျိုးနိုင်သော မြေပမာဏ ၄၀၀၀၀ ကျော်ခန့်ရှိသဖြင့် ယင်းဧရိယာအတွင်း နွေစပါးစိုက်ပျိုးနိုင်ရန်နှင့် မိုးစပါးရေကြီးနစ်မြုပ်မှု ကာကွယ်နိုင်ရန်အတွက် ၁၉၉၃-၉၄ ခုနှစ်တွင် ရေချိုသွင်းမြောင်းအပါအဝင် မြောင်းစုစုပေါင်း ၁၉ မြောင်း၊ အလျား ၇၇ မိုင်ကို လည်းကောင်း၊ ၁၉၉၅-၉၈ ခုနှစ်အတွင်း သကံရေထိန်းတံခါး၊ အဖောင်ရေထိန်းတံခါး၊ အောက္ကဘာရေထိန်းတံခါးနှင့် စံပုလဲရေထိန်းတံခါးများကို လည်းကောင်း၊ ၂၀၁၅-၁၆ ခုနှစ်တွင် ဦးလုံရေတံခါးနှင့် ဂေးဂု-သိန္ဓိမြောင်းအား လည်းကောင်း၊ ၂၀၁၆-၁၇ ခုနှစ်တွင် အောက္ကဘာရေထိန်းတံခါး အကြီးစားပြင်ဆင်မှုအဖြစ် ရေတံခါးရွက် လဲလှယ်တပ်ဆင်ခြင်း Flap Gate ရှစ်ချပ်နှင့် Slide Gate နှစ်ချပ်ကို လည်းကောင်း၊ အဖောင်ရေတံခါး Slide Gate ခြောက်ချပ် တပ်ဆင်ခြင်း၊ ကျုံကန်ချောင်းမကြီးနှင့် ဇင်းဘောင်ချောင်းမကြီးများကို ပြန်လည်တူးဖော်ပေးခဲ့ကြောင်း သိရသည်။

☆ စာမျက်နှာ(ဆ)မှ

ဟင်နရီဒူးနန့်ဆုရှင် မစ္စစ် ဆာချီကိုဟာရှိမိုတို (ကွယ်လွန်)နဲ့ တွေ့ဆုံပြီး သူမရဲ့ အလွန်လေးစားစရာကောင်းတဲ့ ကြက်ခြေနီစိတ်ဓာတ် စေတနာ၊ အတွေ့အကြုံတွေ သိရှိနားလည်ခွင့်ရခဲ့တာ ကျွန်တော့်အတွက် အလွန်တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝအတွေ့အကြုံလည်းဖြစ်ခဲ့ပါတယ်။ ဒါကြောင့် အခွင့်အခါ ကြုံကြိုက်ခဲ့စဉ်က မိမိအသက်ကို ပဓာနမထားဘဲ လူတစ်ယောက်ရဲ့ အသက်ကို စွန့်စွန့်စားစား ကယ်တင်ခဲ့တဲ့ ကချင်ပြည်နယ် ကြက်ခြေနီက စိုင်းအောင်လှိုင်မြင့် (ကွယ်လွန်)ကို ဟင်နရီဒူးနန့် ဆုတံဆိပ်ချီးမြှင့်ခံရအောင် အဆင့်ဆင့်တင်ပြပြီး ကြိုးပမ်းပံ့ပိုးပေးခဲ့လို့ မြန်မာနိုင်ငံဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ အာရှတိုက်က ဟင်နရီဒူးနန့်ဆုတံဆိပ်ရှင် သူတို့နှစ်ဦးကို ဂျပန်နိုင်ငံ တိုကျိုမြို့တော်မှာ တွေ့ဆုံနိုင်အောင် စီစဉ်ပေးနိုင်ခဲ့တဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။

ကြက်ခြေနီစိတ်ဓာတ် အမြစ်တွယ်လာတာကြောင့် ကြက်ခြေနီလူငယ်လေးတွေလိုပဲ ဘယ်လောက်ပဲ ဝေးလံပါစေ၊ ဘယ်လောက်ပဲကြမ်းတမ်းခက်ထန်ပါစေ၊ ဘယ်လောက်ပဲပင်ပန်းပါစေ၊ ကြက်ခြေနီ ကရုဏာလုပ်ငန်းတွေကို လုပ်ဆောင်ရင်း Way Lan Kaung Phya နယ်စပ်ကယ်ဆယ်ရေးစခန်း တစ်ခုက ဦးနှောက်ငှက်ဖျားရောဂါ စွဲကပ်လာတဲ့အချိန်မှာတော့ ကျွန်တော့်ကိုယ် ကျွန်တော် သေလူလို့ သတ်မှတ်လိုက်ပါတယ်။ ဒါပေမဲ့ ဘေးဒုက္ခရောက်နေတဲ့ ပြည်သူတွေနဲ့ စေတနာရှင် ကြက်ခြေနီလူငယ်လေးတွေရဲ့ ကြီးမားတဲ့ မေတ္တာ တရားကြောင့် ကျွန်တော် ပြန်ကျန်းမာအသက်ရှင်လာတာလို့ ကျွန်တော့်ရင်ထဲမှာ ယနေ့အထိ စွဲမှတ်ယုံကြည်နေခဲ့ပါတယ်။

အကြောင်းကြောင်းကြောင့် ကြက်ခြေနီနဲ့ ခွဲခွာခဲ့တာ အခုဆို နှစ်ပေါင်း ၃၀ ကျော် ရှိခဲ့ပါပြီ။ "ကျေးရွာအနှံ့ ကြက်ခြေနီ ခရီးဆန့်ရမည်" စတဲ့ ကြက်ခြေနီလူငယ်လေးတွေရဲ့ သီချင်းသံတွေဟာ ကျွန်တော့်နားထဲမှာ၊ ရင်ထဲမှာ အခုတိုင်ပျံ့လွင့်နေဆဲပါ။ ကြက်ခြေနီတာဝန် မထမ်းဆောင်တော့ပေမယ့် ကြက်ခြေနီမေတ္တာ၊ စေတနာစိတ်ဓာတ်အပြည့်အဝနဲ့ ပြည်တွင်း၊ ပြည်ပ ရောက်ရာဒေသတွေက ပရဟိတစေတနာ့ဝန်ထမ်းလုပ်ငန်းတွေမှာ တတ်စွမ်းသမျှ ကူညီပေးနေဆဲပါ။ ဘယ်လိုပဲ ကြက်ခြေနီနဲ့ အနေဝေးဝေး၊ ဘယ်မျှပင် အသက်အရွယ်ရရ၊ ရင်ထဲမှာစွဲငြိနေတဲ့ မွန်မြတ်သန့်စင်လှတဲ့ ကြက်ခြေနီ ပရဟိတစိတ်ဓာတ်ကတော့ နှလုံးသားမှာ ထာဝရရှင်သန်နေမှာဖြစ်ပါတယ်။

ဒီဘဝမှာသာမက သံသရာမှာပါ အကျိုးဖြစ်စေမယ့် ကြက်ခြေနီစိတ်ဓာတ် ပေါက်ဖွားလာအောင်၊ ရှင်သန်ထက်မြက်နေအောင် ရှေ့ဆောင်လမ်းပြပေးခဲ့ကြတဲ့ မြန်မာနိုင်ငံအနှံ့က စေတနာ့ဝန်ထမ်း ကြက်ခြေနီလေးတွေရဲ့ ကျေးဇူးကို အစဉ် သတိရနေမှာပါ။ စေတနာ့ဝန်ထမ်း ကြက်ခြေနီရဲဘော်၊ ရဲမေလေးတွေရဲ့ အဖြူရောင်မေတ္တာ၊ အနီရောင်နှလုံးသားနဲ့ မွန်မြတ်လှတဲ့ ကြက်ခြေနီပရဟိတ စိတ်ဓာတ်ကို ထာဝရဂုဏ်ယူနေဦးမှာပါ။

လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော်က အတူလက်တွဲ လုပ်ကိုင်ခဲ့ကြတဲ့ ဦးချစ်ဟန်(ကချင်ပြည်နယ်)လို စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့ကြတဲ့ ကြက်ခြေနီ စံပြ ကရုဏာရှင်တချို့လည်း အကြွေစောသွားကြပြီဖြစ်လို့ သတိတရ လွမ်းဆွတ်ခြင်းနဲ့အတူ. . . .

အတွေ့အကြုံရင့်ကျက်လာကြတဲ့ တပည့်ရောင်းရင်းတွေဟာ မျိုးဆက်သစ် ကြက်ခြေနီလူငယ်တွေနဲ့အတူ ယနေ့မှာ ကြက်ခြေနီဌာနချုပ်နဲ့ အဆင့်ဆင့် အသင်းအဖွဲ့တွေမှာ တာဝန်ယူလုပ်ကိုင်နေကြတာ၊ တစ်ချိန်က လူနည်းနည်းနဲ့ ဝိုင်းဝန်းကြိုးပမ်းလုပ်ကိုင်ခဲ့ရာကနေ ယနေ့ ဌာနကြီးတွေ၊ ဌာနခွဲတွေနဲ့ စနစ်တကျ တာဝန်အသီးသီးခွဲဝေလုပ်ဆောင်နေကြတာ၊ နိုင်ငံအနှံ့မှာ ကြက်ခြေနီ ပန်းတွေ ပွင့်လန်းနေကြတာ ကြားရ၊ မြင်ရတော့ ဝမ်းသာကြည်နူးမိတာ မှန်သောသစ္စာ စကားပါ။

# ကရင်ပြည်နယ်အတွင်း နွေရာသီ ရေရှားပါးသည့် ဒေသများတွင် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိ

**ဘားအံ မတ် ၂၂**

ကရင်ပြည်နယ်အတွင်း ပူပြင်းခြောက်သွေ့သည့် နွေရာသီတွင် ရေတွင်းရေကန်များခန်းခြောက်၍ သောက်ရေ၊ သုံးရေ ရှားပါးမှုနှင့် ကြုံတွေ့ရသည့် နေရာဒေသများတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အထောက်အပံ့ဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကျောက်ဖောက်တွင်းတူးစနစ်ဖြင့် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်၏ မြေမျက်နှာသွင်ပြင် ပထဝီအနေအထားအရ မြေအောက်တွင် ထုံးကျောက်နှင့် သင်ပုန်းကျောက်လွှာများရှိခြင်းကြောင့် ဒေသစက်ငယ်များဖြင့် တူးဖော်ရာတွင် ပေ ၁၅၀ ခန့်သာ တူးနိုင်ပြီး နွေရာသီတွင် ရေခန်းခြောက်သွားသည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြေအောက်အနက်ပေ ၅၀၀ ကျော်အထိ ကျောက်ဖောက်တွင်းတူးစနစ်ဖြင့် ကျောက်လွှာအောက်မှရေကို တူးဖော်နိုင်သည့် ဘွန်းတွင်းတူးစက်ကြီးများဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစ၍ စက်ရေတွင်းများ တူးဖော်ပေးခဲ့ရာ ဘားအံမြို့နယ်တွင် ၂၂ တွင်း၊ လှိုင်းဘွဲ့မြို့နယ်တွင် ၁၄ တွင်း၊ ကော့ကရိတ်မြို့နယ်တွင် ခုနစ်တွင်း စုစုပေါင်း ၄၃ တွင်း တူးဖော်ပေးနိုင်ခဲ့ပြီး စာရင်းပေးပို့ထားသည့် စက်ရေတွင်း ၄၀ ခန့် ဆက်လက်တူးဖော်ပေးရန် ကျန်ရှိနေသေးကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာသည် အိမ်ခြေ ၇၀၀ ကျော်ရှိပြီး လူဦးရေ ၄၄၇၂ ဦး နေထိုင်ကြကာ ထုံးကျောက်လွှာများကြောင့် ဒေသ တွင်းတူးစက်ငယ်များဖြင့် တူးဖော်ရာတွင် အနိမ့်ပိုင်းဒေသများ၌သာ တူးဖော်နိုင်ပြီး နှစ်စဉ် ဧပြီလနှင့် မေလတို့တွင် ရေခန်းခြောက်လေ့ရှိသဖြင့် ကျေးရွာသူ ကျေးရွာသားများ နွေရာသီရေရှားပါးသည့် ပြဿနာကို နှစ်စဉ်ကြုံတွေ့ရကာ သောက်သုံးရေကို ဝယ်ယူသုံးစွဲနေကြရသည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တွင်းတူးစက်ကြီးဖြင့် ထီလုံကျေးရွာတွင် စက်ရေတွင်း နှစ်တွင်း တူးဖော်ပေးခဲ့ရာ ပထမတစ်တွင်းသည် အနက်ပေ ၄၀၀ ၌ တစ်နာရီ ရေဂါလန် ၁၈၀၀ နှုန်းခန့် ထွက်ရှိပြီး ဒုတိယတွင်းသည် အနက် ၃၉၅ ပေ၌ တစ်နာရီ ရေဂါလန် ၂၀၀၀ နှုန်းခန့် ထွက်ရှိရာ ထီလုံကျေးရွာ၏ နွေရာသီရေရှားပါးမှုကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

"အရင်တုန်းက ရွာနဲ့ မိုင်ဝက်လောက်ဝေးတဲ့ ရေရရှိတဲ့နေရာကို တွန်းလှည်းတွေ၊ ခေါင်းရွက်ပုံးတွေနဲ့ သွားပြီးတော့ ရေခပ်ရပါတယ်၊ မနက် ၄ နာရီလောက် ထပြီး ခပ်ရတယ်၊ တချို့ဆိုရင် ချောင်းနားမှာ ကျင်းတွေတူးပြီးတော့ ရေသွားခပ်ရပါတယ်၊ ရေရှားပါးတဲ့အတွက်ကြောင့် စိုက်ပျိုးရေနဲ့ ကျွဲ၊ နွား၊ တိရစ္ဆာန် သောက်သုံးရေအတွက် အခက်အခဲတွေရှိခဲ့ပါတယ်၊ အခုရေရပြီဆိုတော့ ပထမအဆင့်အနေနဲ့ ရေကန်တည်မယ်၊ ပိုက်လိုင်းတွေသွယ်မယ်၊ ရေစင်တွေ တင်မယ်၊ အိမ်တိုင်ရာရောက် ရေသွယ်ယူနိုင်ဖို့ စီစဉ်ထားပါတယ်၊ သောက်သုံးရေရရှိပြီဖြစ်တဲ့အတွက် ကူညီထောက်ပံ့ပေးခဲ့တဲ့ ပြည်နယ်အစိုးရအဖွဲ့ကို ကျေးရွာသူ ကျေးရွာသားတွေကိုယ်စား ရပ်မိရပ်ဖတစ်ဦးအနေနဲ့ အထူးကျေးဇူးတင်ပါတယ်" ဟု ထီလုံကျေးရွာမှ ဦးခွန်သိန်းထွန်းက ပြောသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**